# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာနေရ**

တရားတည်းဟူသော အမြိုက်ရေကို သောက်ရသူသည် အထူးသန့်ရှင်း ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာ နေရ၏။ ပညာရှိသည် အခါခပ်သိမ်း အရိယာသူတော်ကောင်းတို့ ဟောအပ်သော (ဗောဓိပက္ခိယ) တရား၌ မွေ့လျော်၏။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၉)


၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက် | ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်၊ စနေနေ့ | အတွဲ (၆၀)၊ အမှတ် (၃၅၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁၅/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။

## မိမိတို့နိုင်ငံအနေဖြင့် ကြိုးစားဆောင်ရွက်မည်ဆိုပါက ၅ နှစ်အတွင်း အာဆီယံနိုင်ငံများတွင် အလယ်အလတ်အဆင့်သို့ ရောက်ရှိနိုင်ပြီး ၁၀ နှစ်အတွင်း ထိပ်တန်းအဆင့်သို့ ရောက်ရှိနိုင်


## စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် နိုင်ငံတော်အနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိ ၁၂ နှစ်နှင့် အထက် ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသွားမည်

**နေပြည်တော် စက်တင်ဘာ ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၅/၂၀၂၁)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့်

*စာမျက်နှာ ၃ ကော်လံ ၁* ■

မြန်မာ့အလင်း

# ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှု ဆက်လက်လျော့နည်းကျဆင်းစေဖို့

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း ၈ ရာခိုင်နှုန်းနှင့် ၉ ရာခိုင်နှုန်း ဝန်းကျင်သို့ ကျဆင်းသွားခဲ့ပြီဖြစ်သော်လည်း စိတ်ချရသည့် အခြေအနေသို့ မရောက်သေး။ တစ်နိုင်ငံလုံး ပျမ်းမျှခြင်းအားဖြင့် ကူးစက်မှုနှုန်းကျဆင်းသည်ဟု ဆိုနိုင်သည့်တိုင်အောင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၊ နယ်စပ်ဒေသများ စသည်တို့တွင် ကူးစက်မှုနှုန်းများနေဆဲဖြစ်သည်။ ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးတွင် ရောဂါ ကာကွယ်ဆေးထိုးနှံပေးမှုသည် လွန်စွာအရေးပါသည့်အလျောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိရာ ကာကွယ်ဆေးထိုးနှံပြီးသူ ဦးရေစုစုပေါင်း ၁၀ သန်းခန့် ရှိလာပြီဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါသည် ၎င်း၏ ကူးစက်မှု သဘောသဘာဝအရ လူ့အသိုက်အဝန်း၏ ကျန်းမာရေးကဏ္ဍကိုသာမက အခြားသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး အပါအဝင် ဆက်စပ်နေသည့် ကဏ္ဍများစွာတို့ကိုပါ ထိခိုက်ဆုံးရှုံးမှု ပမာဏကြီးမားစွာ ဖြစ်ပေါ်စေခြင်းဖြစ်ရာ မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအားလုံး နီးနီး ကပ်ရောဂါ၏ ဒဏ်ကို ခံစားနေကြရသည်။ သို့ဖြစ်ရာ ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအလွန်တွင် နိုင်ငံ၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး စသည့် ကဏ္ဍအသီးသီးတို့ ပြန်လည်ထူထောင် လည်ပတ်ရေးအတွက် ဖြစ်ပေါ်လာမည့်အခြေအနေများကို မျှော်တွေးကာ စီမံဆောင်ရွက်နေကြရသည်။ အထူးသဖြင့် စီးပွားရေးကဏ္ဍကြီး ရပ်ဆိုင်းမသွားစေရေးအတွက် ရောဂါကူးစက်ပျံ့နှံ့မှု လျော့နည်းကျဆင်းလာသည်နှင့်အမျှ အမြန်ဆုံးစတင် လည်ပတ်နိုင်ရန် ပြင်ဆင်နေကြသကဲ့သို့ပင် ရောဂါကူးစက် ပျံ့နှံ့နေသည့် ကြားကာလအတွင်းတွင်လည်း ဝင်ငွေနည်းပြည်သူများ စားဝတ်နေရေး ရပ်တည်နိုင်ရန် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ လည်ပတ်နေစေရေး စီမံဆောင်ရွက်ပေးနေရသည်။ ကပ်ရောဂါကာလ တာရှည်ကြာမြင့်သည်နှင့်အမျှ လူ့အဖွဲ့အစည်းအတွင်း ထိခိုက်ခံစားရမှု များသည်ထက် ပိုမိုများပြားလာပြီး ရပ်တည်နိုင်စွမ်းမရှိတော့သည့် အခြေအနေသို့ ရောက်မသွားစေရန်မှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ၅ ရာခိုင်နှုန်း အောက်သို့ ကျဆင်းသွားအောင် ထိန်းချုပ်နိုင်ဖို့ လိုအပ်သည်။

မိမိတို့နိုင်ငံတွင် ပြီးခဲ့သည့် ဇူလိုင်လအတွင်း ကူးစက်မှု ရာခိုင်နှုန်း ၄၀ ရာခိုင်နှုန်းကျော်အထိ မြင့်တက်ခဲ့သည့် အခြေအနေမှသည် ပြည်သူလူထုသတိတရားရှိရှိ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် လက်ရှိ ၈-၉ ရာခိုင်နှုန်းသို့ ကျဆင်းလာခဲ့ခြင်းဖြစ်ရာ ဆက်လက်၍ ၅ ရာခိုင်နှုန်းအောက်သို့ ကျဆင်းသွားစေရေးအတွက် ထိန်းချုပ်ကန့်သတ်ဆောင်ရွက်သွားရန်မှာ များစွာခဲယဉ်းမည်မဟုတ်ဟု ယူဆမိသည်။ သွားလမ်းလာလမ်းများ ပြန်လည်ဖွင့်လှစ်သွားလာနိုင်ရေး၊ စက်ရုံ အလုပ်ရုံများ ပြန်လည်လည်ပတ်နိုင်ရေး၊ ဈေးကွက်များ ပြန်လည်ဖွင့်လှစ် ရောင်းဝယ်နိုင်ရေး၊ သယ်ယူပို့ဆောင်မှု လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးတို့မှာ လူ့အသိုင်းအဝိုင်းအတွင်း ကပ်ရောဂါကူးစက်မှု ရပ်တန့်သွားရန်နှင့် စိတ်ချရသည့်အနေအထားသို့ ရောက်ရှိနေရန် လိုအပ်သည်။

ပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့ အပါအဝင် ကဏ္ဍအသီးသီးတို့ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်းများဖြစ်သည့် Mask တပ်ဆင်ခြင်း၊ ဆပ်ပြာဖြင့် မကြာခဏ လက်ဆေးခြင်း၊ တစ်ဦးနှင့် တစ်ဦး ခြောက်ပေခွာခွာနေထိုင်ခြင်း၊ လူစုလူဝေး ရှောင်ရှားခြင်းတို့ကို သတိတရားဖြင့် ဆက်လက်လိုက်နာကျင့်သုံးကာ မိမိတို့၏ လူ့အသိုင်းအဝိုင်းအတွင်း ကိုဗစ်-၁၉ ကင်းစင်စေခြင်းဖြင့် ပုံမှန်လူမှုဘဝများ ပြန်လည်ရရှိနိုင်ကြပါစေကြောင်း။ ။

## မရမ်းကုန်းမြို့နယ်အတွင်း ပန်းခင်းစီမံချက်ဖြင့် ရပ်ကွက်အပိုင်းလိုက် နိုင်ငံသားကတ်ဆောင်ရွက်ပေးလျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်း ရပ်ကွက် ၁၀ခုရှိသည့်အနက် ပန်းခင်းစီမံချက်ကို ၂၀၂၁ ခုနှစ်မေလမှစ၍ အပိုင်းလိုက် ကွင်းဆင်းဆောင်ရွက်ရာ ယနေ့နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ အောင်သဇင်ဆွမ်းလောင်းဓမ္မာရုံစုရပ်၌ အိမ်ထောင်စု လူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးသည်။

ကျန်ရှိ ရပ်ကွက်များဖြစ်သည့် ၁၊ ၄၊ ၅၊ ၆၊ ၇၊ ၉ နှင့် ၁၀ ရပ်ကွက်များကိုလည်း ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်အထိ ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**



## ဝါးခယ်မမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေး

**ဝါးခယ်မ စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှူး ဦးကျော်စိုးနှင့် ဝန်ထမ်းများသည် ကျုံစိန်ကျေးရွာနေ ပြည်သူများအတွက် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပန်းခင်းစီမံချက်အရ ထုတ်ပေးနိုင်ရေးအတွက် စက်တင်ဘာ ၂၂ ရက်က ကွင်းဆင်းဆောင်ရွက်ပေးသည်။ ထိုသို့ ပြုလုပ်ပေးရာတွင် အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် ၂၅ ကတ်၊ အသက် ၁၈ နှစ်ပြည့် ၂၆ ကတ်၊ ပျောက်ဆုံး/ ပျက်စီးလေးကတ်၊ မိတ္တူ ၃၇ ကတ် စုစုပေါင်း ၉၂ ကတ်ကို ပြုလုပ်ပေးနိုင်ခဲ့ကြောင်းနှင့် ကျန်ရှိနေသော ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင်လည်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **စောသန္တာဦး(ပြန်/ဆက်)**

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၄-၉-၂၀၂၁) ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antibiotics | | | | |
| 1 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 2 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 3 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 4 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 5 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 6 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 7 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| Anti-inflammatory | | | | |
| 8 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 9 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 10 | Injection – Dexamethasone | Vial | 160 | Aorta |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## အဝါရောင်အဆင့် မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် သတိပြုနေထိုင်ရန် ကမ်းနီး ၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများလည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်

**နေပြည်တော် စက်တင်ဘာ ၂၄**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံ စစ်တွေမြို့၏ အနောက်တောင်ဘက် ရေမိုင် ၁၁၅ မိုင်ခန့်၊ ဂွမြို့၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၁၉၅ မိုင်ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်မြောက်ဘက် ရေမိုင် ၂၃၅ မိုင်ခန့်နှင့် အိန္ဒိယနိုင်ငံ ပါရာဒစ်ရှ်မြို့၏ အရှေ့တောင်ဘက် ရေမိုင် ၂၉၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**မုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ မုန်တိုင်းငယ်သည် ယနေ့ ၆ နာရီခွဲအချိန်တွင် မြောက်လတ္တီကျူ ၁၈ ဒသမ ၈ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၉၁ ဒသမ ၅ ဒီဂရီတွင်ရှိပြီး၊ ဗဟိုချက်လေဖိအား ၉၉၈ ဟတ်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ နှုန်းခန့်ဖြစ်သည်။

**နောက် ၄၈ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားကာ အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေအနီးမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

မုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညနေမှ နောက် ၄၈နာရီအတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးခြင်းနှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်ကာ၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

အဆိုပါ မုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

❖ **မိမိတို့နိုင်ငံတွင် လျှပ်စစ်ထုတ်လုပ်မှုများအား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ခြင်းကို အပြည့်အဝ အသုံးချဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံအတွင်း လိုအပ်ချက်ကိုသာမက ပိုလျှံအောင်ပါ ထုတ်လုပ်နိုင်မည်**

❖ **ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရပြီးချိန်မှစ၍ ယခုအချိန်အထိ ရာနှုန်းပြည့် ငြိမ်းချမ်းမှုမရရှိသေး၊ နိုင်ငံသာယာဝပြောရေးအတွက် ငြိမ်းချမ်းရေးရရှိရန်လိုအပ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် ဒီမိုကရေစီ၏အခြေအနေကို နားလည်ရန်နှင့် နိုင်ငံ၏ ပကတိအခြေအနေအား နားလည်ရန်လို**

■ *ရှေ့ဖုံးမှ*

ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးရွှေကြိမ်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။

**ကြပ်မတ်ဆောင်ရွက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ အထူးအလေးထား ကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း၊ ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအနေဖြင့် စက်တင်ဘာ ၂၃ ရက်အထိ ၂၃၀ သန်းကျော်၊သေဆုံးသူ၄သန်း၇သိန်းကျော်ရှိပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် အာဆီယံနိုင်ငံများတွင် ကူးစက်မှုဆဋ္ဌမမြောက်နှင့် သေဆုံးမှု စတုတ္ထအများဆုံးဖြစ်ကြောင်း၊ ရောဂါစတင်ဖြစ်ပွားသည့် အချိန်မှစ၍ စက်တင်ဘာ ၂၃ ရက်အထိ ရောဂါဖြစ်ပွားသူ ၄၅၃၄၀၇ ဦးရှိပြီး သေဆုံးသူ ၁၇၃၄၃ ဦးရှိကြောင်း၊ အာဆီယံနိုင်ငံများ၌ အင်ဒိုနီးရှားနိုင်ငံတွင် ကူးစက်မှုနှုန်း ၄ သန်းကျော်၊ သေဆုံးသူ ၁ သိန်း ၄ သောင်းကျော်ရှိသဖြင့် ကူးစက်မှုအများဆုံးဖြစ်ကြောင်း၊ ဒုတိယကူးစက်မှုအများဆုံးအနေဖြင့် ဖိလစ်ပိုင်နိုင်ငံတွင် ရောဂါဖြစ်ပွားသူ ၂ သန်း ၄ သိန်းကျော်၊ သေဆုံးသူ ၃ သောင်း ၇ ထောင် ကျော်ရှိကြောင်း၊ တတိယကူးစက်မှု အများဆုံးအနေဖြင့် မလေးရှားနိုင်ငံတွင် ၂ ဒသမ ၁ သန်းကျော်၊ သေဆုံးသူ ၂ သောင်း ၄ ထောင်ကျော်ရှိကြောင်း၊ စတုတ္ထကူးစက်မှု အများဆုံးအနေဖြင့် ထိုင်းနိုင်ငံတွင် ၁ ဒသမ ၅ သန်း၊ သေဆုံးသူ ၁ သောင်း ၅ ထောင်ကျော်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ဇူလိုင်လအတွင်း ကူးစက်မှုရာခိုင်နှုန်း ၄၀ ရာခိုင်နှုန်းကျော်သို့ ရောက်ရှိခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများအား ထိထိရောက်ရောက်ဖြင့် ဆောင်ရွက်ခဲ့သဖြင့် ယခုအခါ ၈ ရာခိုင်နှုန်းနှင့် ၉ ရာခိုင်နှုန်းခန့်သို့ ကျဆင်းသွားပြီဖြစ်ကြောင်း။

**ဆက်လက်ထိုးနှံပေးသွားမည်**

ရောဂါကူးစက်မှုနှုန်းများ ကျဆင်းမှုကြောင့် ရုံးလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး ရုံးများအား နှစ်ပတ်တက် နှစ်ပတ်နားစနစ်ဖြင့် ပြန်လည်ဖွင့်လှစ်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ရောဂါကူးစက်မှုရာခိုင်နှုန်းသည် ၅ ရာခိုင်နှုန်းအောက် ရောက်ရှိမှသာ စိတ်ချရသည့် အခြေအနေဖြစ်သဖြင့် စာသင်ကျောင်းများအား အောက်တိုဘာလ ၂၄ ရက်အထိ ပိတ်ထားမည်ဖြစ်ကြောင်း၊ စီနိုဗက်ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် အသက် ၁၂ နှစ်နှင့်အထက် ကလေးများအား ထိုးနှံနိုင်သည်ဟုသိရှိရကြောင်း၊ ထို့ကြောင့် ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် စိတ်ချလက်ချ ပညာသင်ကြားနိုင်ရေးအတွက် ယခုလကုန်အတွင်း ရောက်ရှိမည့် တရုတ်နိုင်ငံမှ လှူဒါန်းသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ၂ သန်းအား ကျောင်းသား၊ ကျောင်းသူများကို ထိုးနှံပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအခါ တစ်ရက်လျှင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၃ သိန်းခန့် ထိုးနှံပေးလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၁၅ သန်း ၆ သိန်းရရှိထားပြီးဖြစ်၍ ယနေ့နံနက်အထိ ၉၇၄၆၅၄၇ ဦး ထိုးနှံပြီးဖြစ်ကြောင်း၊ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးသူ ၃၅၈၅၉၀၆ ဦး၊ တစ်ကြိမ်ထိုးနှံပြီးသူ ၂၅၇၄၇၃၅ ဦး ရှိပြီဖြစ်ကြောင်း၊ အောက်တိုဘာလတွင်လည်း ကာကွယ်ဆေးအလုံးရေ ၁၀ သန်း ရောက်ရှိမည်ဖြစ်ပြီး စဉ်ဆက်မပြတ် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် တာဝန်ရှိသူများအနေဖြင့် ကာကွယ်ဆေး၊ ကုသဆေးနှင့် အောက်ဆီဂျင်များရရှိရေးအတွက် အလေးထား ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် ရောဂါကူးစက်မှုနှုန်းများ ကျဆင်းလာခြင်းဖြစ်ကြောင်း၊ တစ်ဖက်မှလည်း ပြည်သူလူထုအနေဖြင့် သတိတရားရှိရှိ ပူးပေါင်းပါဝင်ဆောင်ရွက်လာမှုကြောင့်ဖြစ်ကြောင်း၊ သို့သော် အချို့သော တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နယ်စပ်ဒေသများတွင် ကူးစက်မှုနှုန်းများနေသေးသည်ကို တွေ့ရှိရကြောင်း၊ ကူးစက်မှုနှုန်းကျဆင်းသည့် မြို့နယ်များအား Stay at Home သတ်မှတ်ထားမှုအား ဖြေလျှော့ပေးခဲ့ကြောင်း။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ဖြစ်ပွားနေသည့်ကာလအတွင်း သယ်ယူပို့ဆောင်ရေးစရိတ်များ၊ ကုန်ထုတ်လုပ်မှုစရိတ်များနှင့် ကုန်ဈေးနှုန်းမြင့်တက်မှုများ အထိုက်အလျောက် ဖြစ်ပေါ်နေကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးနိုင်ငံဖြစ်သဖြင့် စားသောက်ကုန်များနှင့်ပတ်သက်၍ ပြတ်လပ်မှုမရှိကြောင်း၊ စားသောက်ကုန်များအား စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိသူများနှင့် တပ်မတော်မှ တာဝန်ရှိသူများအနေဖြင့် မျက်ခြည်မပြတ် ဆောင်ရွက်နေမှုကြောင့် စားရေးနှင့်ပတ်သက်၍ အဆင်ပြေမှုများရှိကြောင်း၊ ယခုနှစ်တွင် မိုးကောင်းစွာရွာသွန်းသဖြင့် ဆည်များအတွင်း ရေကောင်းစွာဝင်ရောက်၍ စိုက်ပျိုးရေအတွက် လုံလောက်စွာ ရရှိလျက်ရှိကြောင်း၊ အဆိုပါစိုက်ပျိုးရေများကိုလည်း စိုက်ပျိုးရေးလုပ်ငန်းများတွင် ထိရောက်စွာ အသုံးချနိုင်ရေး ဆောင်ရွက်ရန်နှင့် မိုးစပါးအတွက် အောင်ရေလုံလောက်စွာရရှိရေး ကြိုတင်မျှော်တွေးပြီး စီမံထားရန်လိုကြောင်း၊ ဝါစိုက်ပျိုးမှုနှင့် ပတ်သက်၍လည်း နိုင်ငံအတွက် အဓိကစိုက်ပျိုးရေးသီးနှံအဖြစ် ဆောင်ရွက်ရန်လိုပြီး မိမိတို့အနေဖြင့် ဝါစိုက်ပျိုးရေးလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း။

**နိုင်ငံအတွင်း ဆီဖူလုံမှုရှိစေရေး**

အလားတူ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းသော်လည်း ပြည်တွင်းဆီဖူလုံမှုမရှိသဖြင့် စားသုံးဆီများအား ပြည်ပနိုင်ငံများမှ တင်သွင်းနေရကြောင်း၊ ထို့ကြောင့် နိုင်ငံအတွင်း ဆီဖူလုံမှုရှိစေရေး အထူးသဖြင့် ဆီထွက်အားကောင်းသည့် ဆီအုန်း၊ ပန်းနှမ်း၊ နေကြာ၊ ပြောင်းနှင့် ပဲပုပ်တို့ကို စိုက်ပျိုးကြရန်လိုကြောင်း၊ ကျန်းမာရေးအတွက် ဆီစားသုံးမှုများလျှော့ချပြီး တစ်ဖက်မှလည်း ပြည်တွင်း ဆီထုတ်လုပ်မှုကိုမြှင့်တင်ခြင်းဖြင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှုများကို လျှော့ချနိုင်ပြီး ပြည်ပငွေသုံးစွဲမှုများ များစွာလျှော့ချနိုင်မည်ဖြစ်ကြောင်း။

**လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု**

စွမ်းအင်နှင့်ပတ်သက်၍ လျှပ်စစ်ထုတ်လုပ်ရာတွင် ရေအား၊ နေရောင်ခြည်စွမ်းအင်၊ ဒီဇယ်၊ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့များအသုံးပြု၍ ထုတ်လုပ်ခြင်းများရှိကြောင်း၊ မိမိတို့နိုင်ငံတွင် လျှပ်စစ်ထုတ်လုပ်မှုများအား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ခြင်းကို အပြည့်အဝ အသုံးချဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံအတွင်း လိုအပ်ချက်ကိုသာမက ပိုလျှံအောင်ပါ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ သို့သော် အပြည့်အဝ အသုံးချခြင်းမပြုနိုင်သည့်အတွက် ကုန်းတွင်းနှင့် ကမ်းလွန်ဓာတ်ငွေ့များမှ တချို့အား ပြည်ပသို့ ရောင်းချ၍ တချို့အား ပြည်တွင်းလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများတွင် သုံးစွဲလျက်ရှိကြောင်း၊ စက်ရုံအလုပ်ရုံများတွင် အသုံးပြုရန်အတွက် ဓာတ်ငွေ့နှင့် ကျောက်မီးသွေးများ မဖြစ်မနေလိုအပ်ချက်ရှိကြောင်း၊ ဓာတ်ငွေ့နှင့် ကျောက်မီးသွေးများ လုံလောက်စွာ ရရှိမှုမရှိခြင်းကြောင့် အချို့စက်ရုံ၊ အလုပ်ရုံများ ပိတ်ထားရသဖြင့် ဓာတ်ငွေ့နှင့် ကျောက်မီးသွေးများအား စက်မှုလုပ်ငန်းများတွင် အသုံးချနိုင်ရေး ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် ဓာတ်ငွေ့နှင့် ကျောက်မီးသွေးများ အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို လျှော့ချ၍ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားနှင့် နေရောင်ခြည်စွမ်းအင်တို့မှ ထုတ်ယူအသုံးပြုနိုင်ရန် လျှပ်စစ်မူဝါဒအဖြစ် ချမှတ်အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အသုံးပြု၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန် လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်၍ လိုအပ်သည့် ပညာရပ်များအား တတ်မြောက်စေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကျောင်းများ၊ သိပ္ပံများဖွင့်လှစ်၍ ထိုမှတစ်ဆင့် ကောလိပ်များနှင့် တက္ကသိုလ်များ အဆင့်အထိ မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်များအား ပြည်တွင်းဖူလုံစွာ စားသုံးနိုင်သကဲ့သို့ ပိုလျှံသည့် စားကုန်များကိုလည်း ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် ပြည်ပဝင်ငွေများ ရရှိစေမည်ဖြစ်ကြောင်း။

**ထိပ်တန်းအဆင့်သို့ ရောက်ရှိနိုင်**

မိမိတို့အနေဖြင့် နိုင်ငံသာယာဝပြောရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံသာယာဝပြောရေးအတွက် စည်းကမ်းရှိသည့် ဒီမိုကရေစီစနစ်၊ ဝင်ငွေကောင်းမွန်မှု၊ အလုပ်အကိုင်ရရှိမှု၊ ရောဂါကင်းစင်မှု၊ ရာသီအလိုက် ပွဲလမ်းသဘင်များနှင့် ပျော်ရွှင်မှုများရှိရမည်ဖြစ်သဖြင့် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ကြိုးစားဆောင်ရွက်မည်ဆိုပါက ၅ နှစ်အတွင်း အာဆီယံနိုင်ငံများတွင် အလယ်အလတ်အဆင့်သို့ ရောက်ရှိနိုင်ပြီး ၁၀ နှစ်အတွင်း ထိပ်တန်းအဆင့်သို့ ရောက်ရှိနိုင်ကြောင်း၊ နိုင်ငံအတွင်း မြေပေါ်၊ မြေအောက်သယံဇာတများ၊ ပညာတတ်များနှင့် လုံလောက်သောလူ့စွမ်းအားအရင်းအမြစ်များ ရှိပြီးဖြစ်၍ ကြိုးစားလုပ်ဆောင်လျှင် မဖြစ်နိုင်စရာမရှိကြောင်း၊ မိမိတို့နိုင်ငံသားများတွင် မိသားစုစိတ်ဓာတ် ရှိပြီး တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီချင်စိတ်များ ရှိကြကြောင်း၊ နိုင်ငံအတွင်း နိုင်ငံသားအားလုံးသည် တစ်ဦးချင်းဝင်ငွေနှင့်လျော်ညီသည့် ဈေးနှုန်းများဖြင့် စားသောက်နိုင်ရေးနှင့် လူတန်းစေ့နေနိုင်အောင် ပထမဦးစားပေး ဆောင်ရွက်ပေးရန်လိုကြောင်း။

**ငြိမ်းချမ်းရေးရရှိရန် လိုအပ်**

ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရပြီးချိန်မှစ၍ ယခုအချိန်အထိ ရာနှုန်းပြည့် ငြိမ်းချမ်းမှုမရရှိသေးကြောင်း၊ နိုင်ငံသာယာဝပြောရေးအတွက် ငြိမ်းချမ်းရေးရရှိရန် လိုအပ်ကြောင်း၊ ငြိမ်းချမ်းရေးရရှိရန်အတွက် ဒီမိုကရေစီ၏ အခြေအနေကို နားလည်ရန်နှင့် နိုင်ငံ၏ ပကတိအခြေအနေအား နားလည်ရန်လိုအပ်ကြောင်း၊ ဒီမိုကရေစီဆိုသည်မှာ အများ၏ဆန္ဒအရ ဥပဒေနှင့်အညီ ရွေးချယ်ခြင်းခံရသူများက ဦးဆောင် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ သို့သော် လူနည်းစု၏ဆန္ဒကိုလည်း အလေးထားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ၁၈၈၆ ခုနှစ်မှစ၍ လွတ်လပ်ရေးဆုံးရှုံးခဲ့ရပြီး ကိုလိုနီလက်အောက် ကျရောက်နေချိန်အတွင်း မိမိတို့နိုင်ငံရှိ လူငယ်များအနေဖြင့် လွတ်လပ်ရေးလိုလားသည့်အတွက် နိုင်ငံရေးလှေ့လာမှုများပြုလုပ်ခဲ့ရာမှ ဆိုရှယ်လစ်အယူအဆများ ရရှိလာခဲ့ကြောင်း၊ လွတ်လပ်ရေးနှင့်အတူ မတူညီသည့် နိုင်ငံရေးအယူအဆများ ပါရှိလာကြောင်း၊ လွတ်လပ်ရေးရခါစတွင် ယင်းမတူညီသော နိုင်ငံရေးအယူအဆနှင့် တိုင်းရင်းသားရေးရာအရ ပဋိပက္ခများ ပြင်းထန်လာခဲ့ကြောင်း။

လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ဖဆပလအစိုးရ တက်လာသော်လည်း အဆိုပါအဖွဲ့အတွင်း လက်ဝဲအယူအဆနှင့် လက်ယာအယူအဆကွဲလွဲသူများ ပါဝင်ပြီး လုပ်ငန်းများ ဆောင်ရွက်ချိန်တွင်

*စာမျက်နှာ ၄ သို့*

❒ **မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများအား ထိထိရောက်ရောက်ဖြင့် ဆောင်ရွက်ခဲ့သဖြင့် ယခုအခါ ၈ ရာခိုင်နှုန်းနှင့် ၉ ရာခိုင်နှုန်းခန့်သို့ ကျဆင်းသွားပြီဖြစ်**

❒ **ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် စိတ်ချလက်ချ ပညာသင်ကြားနိုင်ရေးအတွက် ယခုလကုန်အတွင်း ရောက်ရှိမည့် တရုတ်နိုင်ငံမှ လှူဒါန်းသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ၂ သန်းအား ကျောင်းသား၊ ကျောင်းသူများကို ထိုးနှံပေးနိုင်ရေး ဆောင်ရွက်သွားမည်**

*စာမျက်နှာ ၃ မှ*

သဟဇာတမရှိဘဲ သဘောထားကွဲလွဲမှုများ ရှိခဲ့ကြောင်း၊ နိုင်ငံရေးအရ မတည်ငြိမ်မှုများနှင့် တိုင်းရင်းသားပဋိပက္ခများ ဖြစ်ပေါ်လာခြင်းကြောင့် ၁၉၅၈ ခုနှစ်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအား ခြွင်းချက်ပြု၍ ဗိုလ်ချုပ်ကြီး နေဝင်းထံ အိမ်စောင့်အစိုးရတာဝန်အား ပေးအပ်ခဲ့ရကြောင်း၊ ၁၉၆၂ ခုနှစ်တွင်လည်း တပ်မတော်မှ တော်လှန်ရေးကောင်စီ ဖွဲ့စည်း၍ တာဝန်ယူဆောင်ရွက်ခဲ့ရကြောင်း၊ အဆိုပါအချိန်တွင် တပ်မတော်တွင်း၌ ဆိုရှယ်လစ်အယူအဆရှိသူများ ရှိခဲ့ကြောင်း၊ နိုင်ငံရေးခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးမှုတွင် သဘောထားကွဲလွဲမှုများကြောင့် တစ်ပါတီစနစ်ဖြင့် သွားရေးသာ ဆုံးဖြတ်ဆောင်ရွက်ခဲ့ရကြောင်း၊ လူငယ်များနှင့် တိုင်းရင်းသားအဖွဲ့များတွင် ဆိုရှယ်လစ်အယူအဆများနှင့် ဒီမိုကရေစီအယူအဆများ ကွဲလွဲခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ် တပ်မတော်အစိုးရတာဝန်ယူချိန်တွင် ဒီမိုကရေစီစနစ်ဖြင့် ဆောင်ရွက်ရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့သော်လည်း အသားမကျသေးသည့်အတွက် ဗဟိုဦးစီးစနစ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရန်အတွက် ပြောင်းလဲမှုများအား တစ်ဆင့်ချင်းဆောင်ရွက်ခဲ့ကြောင်း၊ အုပ်ချုပ်မှုစနစ်နှင့် လိုက်လျောညီထွေရှိသော ဈေးကွက်စီးပွားရေးစနစ်များကို ပြောင်းလဲခဲ့ကြောင်း။

၂၀၁၁ ခုနှစ်မှစ၍ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းခဲ့ပြီး နိုင်ငံရေးပါတီများ အသီးသီး ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ဖြစ်သဖြင့် နိုင်ငံရေးအရ စိတ်ဝမ်းကွဲရန်အကြောင်း မရှိကြောင်း၊ နိုင်ငံရေးအား ဥပဒေနှင့်ညီညွတ်စွာ ဆောင်ရွက်နိုင်ပြီး ပိတ်ပင်ထားခြင်းများ မရှိကြောင်း၊ လက်ရှိနိုင်ငံရေးစနစ်အား မှန်မှန်ကန်ကန် အသုံးချရန်လိုကြောင်း၊ ပညာသင်ကြားနေသည့် ကျောင်းသားများအနေဖြင့် ပညာသင်ကြားချိန်တွင် ပညာရေးလမ်းကြောင်းပေါ်တွင်သာ လျှောက်လှမ်းရန်လိုကြောင်း။

ကောင်စီဝင်များအနေဖြင့် နိုင်ငံရေးအရပကတိအခြေအနေ၊ စီးပွားရေးအရ ပကတိအခြေအနေ၊ နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်၍ ပကတိအခြေအနေများအပေါ်တွင် စဉ်းစား၍ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏အကျိုးအတွက် ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကူးပြောင်းမှုကာလတွင် ပြည်သူများအားလုံးအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးမည်ဆိုပါက အားလုံးတည်တည်ငြိမ်ငြိမ်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံအတွက် အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လွတ်လပ်စွာတွေးခေါ်၍ နိုင်ငံအတွက် ဖြစ်သင့်သည့် စကားမျိုး၊ ဖြစ်သင့်သည့်အလုပ်မျိုးများ ဆောင်ရွက်မည်ဆိုပါက အကျိုးရှိမည်ဖြစ်ကြောင်း။

**အကြောက်တရားဖြင့် အုပ်ချုပ်ခြင်းမျိုးမလိုလား**

မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားအားလုံး ရှေးယခင်ကတည်းက စုပေါင်းနေထိုင်ခဲ့ကြသည့် ပြည်ထောင်စုနိုင်ငံဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်သတ်မှတ်ချက်များ တည်ရှိပြီး အချုပ်အခြာအာဏာပိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံအတွင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများအားလုံး တူညီသည့် စိတ်ဆန္ဒ၊ တူညီသည့် အခွင့်အရေးများဖြင့် နေထိုင်ကြရန် လိုကြောင်း၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ သဘောထားကွဲလွဲသည့် နိုင်ငံရေးသမားများအနေဖြင့်လည်း ပါတီစုံဒီမိုကရေစီစနစ်အပေါ်တွင် မှန်ကန်သည့်အမြင်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း၊ နိုင်ငံတကာတွင်လည်း ဒီမိုကရေစီစနစ်နှင့် ပတ်သက်၍ ငြိမ်းချမ်းစွာ ဖော်ဆောင်ကြကြောင်း၊ ထိုသို့ ငြိမ်းချမ်းစွာဆောင်ရွက်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ရန်လိုပြီး ဒီမိုကရေစီနည်းလမ်းမကျသည့် လက်နက်ဖြင့် အနိုင်ကျင့်၍ လူထုအား အကြောက်တရားဖြင့် အုပ်ချုပ်ခြင်းမျိုးကို မလိုလားကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံအုပ်ချုပ်ရေးနှင့်ပတ်သက်၍ တိုက်ရိုက်ဆောင်ရွက်ခြင်းမရှိဘဲ သက်ဆိုင်ရာ အရပ်ဘက်အုပ်ချုပ်ရေးအဖွဲ့အစည်းများဖြင့်သာ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

**တိုးတက်အောင် ဆောင်ရွက်ပေးရန်လို**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အားလုံးညီညွတ်မှုတရန်လိုကြောင်း၊ အထူးသဖြင့် ပြည်နယ်များနှင့် အခြားဖွံ့ဖြိုးမှုမရှိသေးသည့် နေရာဒေသများအား ဦးစားပေးဆောင်ရွက်ရန် လိုကြောင်း၊ ဒေသများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းများအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် စီးပွားရေးလုပ်ငန်းများကို တတ်နိုင်သမျှ တိုးတက်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ လက်နက်ကိုင်ဖြေရှင်းသည့်လမ်းစဉ်အား မိမိအနေဖြင့် မလိုလားကြောင်း၊ သို့သော် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးအတွက် ဆောင်ရွက်နေရခြင်းများ ရှိကြောင်း၊ ပြည်တွင်း ငြိမ်းချမ်းရေးရမှသာ ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းအား လျှောက်လှမ်းရာတွင် တည်တည်ငြိမ်ငြိမ်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဦးဆောင်၍ ကြိုးပမ်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

**■ မြန်မာ့ရိုးရာအားကစားများ အရှေ့တောင်အာရှအားကစား ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိ၊ ဝန်ကြီးဌာနများတွင် စက်သုံးဆီ၊ လျှပ်စစ်မီးနှင့် တယ်လီဖုန်းသုံးစွဲမှုများကို စနစ်တကျရှိစေရန် ကြပ်မတ်ဆောင်ရွက်သွားမည်**

**■ နိုင်ငံတော်အနေဖြင့် ရသင့်ရထိုက်သည့် အခွန်များရရှိရေး စီစဉ်ဆောင်ရွက်လျက်ရှိ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အခွန်ငွေရရှိရန် အရေးကြီး**

**ရှင်းလင်းဆွေးနွေးတင်ပြ**

ထို့နောက် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာ၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုးနှင့် ဦးရွှေကြိမ်းတို့က မျိုးဆက်သစ်လူငယ်များနှင့် အနာဂတ်လူငယ်များကို နိုင်ငံရေးပညာပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနများက အချက်အလက်များကို စနစ်တကျလေ့လာပြုစုပြီး ဖြေရှင်းဆောင်ရွက်ရေး၊ နိုင်ငံရေးမသမာမှုများအရ တရားစွဲဆိုထားသည့် ပုဂ္ဂိုလ်အချို့၏အမှုများကို ပြန်လည်ရုပ်သိမ်းပေးရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းရင်းသားအခွင့်အရေး ပြဋ္ဌာန်းချက်အား ပြုပြင်နိုင်ရေး၊ ပရိယတ္တိနှင့် ပရိယတ္တိစာသင်တိုက်များမှ ရဟန်းသံဃာတော်များအတွက် ပြည်သူအားလုံးပါဝင်သည့် လှူဒါန်းမှုများ ဆောင်ရွက်ပေးရေး၊ စာသင်ကျောင်းများအား သင့်လျော်သည့်အချိန် ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ စီးပွားရေးအတွက် နိုင်ငံခြားဝင်ငွေရရှိရန် အထွက်နှုန်းကောင်းပြီး အနံ့အရသာကောင်းမွန်သည့်ကော်ဖီ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးရေး၊ အမျိုးသားလုံခြုံရေး ဥပဒေပါ လူဦးရေဆိုင်ရာ လုံခြုံရေးအတွက် အလေးထားဆောင်ရွက်ရေး၊ မြန်မာ့ရိုးရာအားကစားအဖွဲ့ချုပ်များ စနစ်တကျဖွဲ့စည်းရေး၊ ဝန်ကြီးဌာနများတွင် စက်သုံးဆီနှင့် လျှပ်စစ်မီးချွေတာသုံးစွဲရေး၊ လျှပ်စစ်မီတာခများ အရစ်ကျစနစ်ဖြင့် ပေးသွင်းခွင့်ပြုရေး၊ ချင်းပြည်နယ်တွင် ဒေသဝမ်းစာဖူလုံရေးအတွက် ဝဥစိုက်ပျိုးထုတ်လုပ်ရေးအတွက် ပံ့ပိုးကူညီရေး၊ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အရည်အသွေးမပြည့်ဝသဖြင့် ပျက်စီးမှုများကြောင့် နိုင်ငံတော်ဘဏ္ဍာငွေများ ဆုံးရှုံးမှုမဖြစ်ပေါ်အောင် ကြပ်မတ်ဆောင်ရွက်ရေး၊ ပညာရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများ တိုးချဲ့လုပ်ဆောင်ရေး၊ လက်နက်ကိုင် အကြမ်းဖက်အဖွဲ့များက ပြည်သူလူထုအပေါ် နည်းလမ်းမျိုးစုံဖြင့် ခြိမ်းခြောက်နေမှုများကို ဖြေရှင်းဆောင်ရွက်ပေးရေး၊ ဘုရားသုံးဆူ- သံဖြူဇရပ် မော်တော်ကားလမ်း အပြီးဖောက်လုပ်ပေးရေး၊ မွန်ပြည်နယ်ယဉ်ကျေးမှုပြတိုက် ဆောက်လုပ်ရန် မြေနေရာရရှိရေး၊ ကိုဗစ်-၁၉ ဆိုင်ရာ ညွှန်ကြားချက်နှင့် စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်နေမှုများအား စိစစ်ကြပ်မတ်ဆောင်ရွက်ရေး၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဒေသအဆင့် ဌာနဆိုင်ရာရုံးများ တိုးချဲ့ဖွင့်လှစ်ပေးရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြဆွေးနွေးချက်များအပေါ် အမျိုးသားရေးနှင့် စပ်လျဉ်း၍ နိုင်ငံရေးအရ အမှုဖွင့်အရေးယူထားမှုများကို ပြန်လည်စိစစ်ပေးသွားမည်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း အခြားဥပဒေများနှင့် ငြိစွန်းမှုရှိ၊ မရှိကို စိစစ်ပေးသွားမည်ဖြစ်ကြောင်း၊ ပရိယတ္တိနှင့် ပရိယတ္တိစာသင်တိုက်များမှ ရဟန်းသံဃာတော်များအတွက် ပြည်သူအားလုံးပါဝင်သည့်လှူဒါန်းမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် နိုင်ငံတော်အနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ Robusta ကော်ဖီစိုက်ပျိုးနိုင်ရေးနှင့် စပ်လျဉ်း၍ စဉ်းစားဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိအခြေအနေတွင် ပြင်ဦးလွင်၊ ပင်လောင်းနှင့် ရှာငံဒေသတို့တွင် စိုက်ပျိုးလျက်ရှိသည့် Arabica ကော်ဖီ ဈေးနှုန်းကောင်းမွန်ပြီး ဈေးကွက်ရရှိနေကြောင်း။

**အခွန်ငွေရရှိရန် အရေးကြီး**

အမျိုးသားလုံခြုံရေးဥပဒေနှင့်စပ်လျဉ်း၍ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်နိုင်ရန် ဆွေးနွေးလျက်ရှိကြောင်း၊ လူဦးရေလုံခြုံရေးနှင့် စပ်လျဉ်း၍ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ့ရိုးရာအားကစားများ အရှေ့တောင် အာရှအားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနများတွင် စက်သုံးဆီ၊ လျှပ်စစ်မီးနှင့် တယ်လီဖုန်းသုံးစွဲမှုများကို စနစ်တကျရှိစေရန် ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ရသင့်ရထိုက်သည့် အခွန်များရရှိရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အခွန်ငွေရရှိရန် အရေးကြီးကြောင်း။

ပုဒ်မ ၅၀၅ ဖြင့် အရေးယူထားမှုများနှင့် စပ်လျဉ်း၍ စိစစ်၍ အမှုရုပ်သိမ်းပေးလျက်ရှိကြောင်း၊ ချင်းပြည်နယ်တွင် ဒေသဝမ်းစာဖူလုံရေးသည် အရေးကြီးသည့်အတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သမဝါယမချေးငွေရရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မွန်ပြည်နယ် ယဉ်ကျေးမှုပြတိုက် တည်ဆောက် နိုင်ရေးအတွက် မြေနေရာခွင့်ပြုပေးပြီးဖြစ်ကြောင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ဘုရားသုံးဆူ -သံဖြူဇရပ် မော်တော်ကားလမ်းကို အဆင့်မြှင့်တင်ပေးလျက်ရှိကြောင်း၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဒေသအဆင့် ဌာနဆိုင်ရာများထားရှိရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**နယ်စပ်ကုန်သွယ်မှုတွင် တိုးတက်လျက်ရှိ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် လက်ရှိအခြေနေတွင် စီးပွားရေးနှင့် စပ်လျဉ်း၍ ပို့ကုန်သွင်းကုန်ကဏ္ဍတွင် ကျဆင်းလျက်ရှိကြောင်း၊ သို့သော် နယ်စပ်ကုန်သွယ်မှုတွင် တိုးတက်လျက်ရှိကြောင်း၊ ထို့ကြောင့် နယ်စပ်ကုန်သွယ်ရေးဂိတ်များကို Normal Trade ပုံစံရောက်ရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုကဏ္ဍတိုးတက်ရန်အတွက် စိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို မြှင့်တင်သွားရန် လိုအပ်ကြောင်း၊ ဈေးကွက်ရှိပြီးဖြစ်သည့်အတွက် ဆန်စပါး၊ သား၊ ငါး၊ သစ်သီးဝလံနှင့် ပဲတို့ကို သတ်မှတ်အရည်အသွေးပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်သွားရန် လိုအပ်ကြောင်း၊ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ငါးလေလံဈေး တည်ဆောက်ရန် ခွင့်ပြုပေးထားကြောင်း၊ ထို့ပြင် ထားဝယ်၊ သီလဝါတို့တွင် အထူးစီးပွားရေး ဖွံ့ဖြိုးရေးဇုန်များ ဆောင်ရွက်လျက်ရှိပြီး ပုသိမ်မြို့တွင် စက်မှုဇုန်တည်ဆောက်ရန် ခွင့်ပြုပေးထားပြီးဖြစ်ကြောင်း၊ ဒေသအလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်မှသာ လူဦးရေအချိုးကျလာမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင်လည်း ဒေသထွက်ကုန်များကို အခြေခံသည့် စက်မှုလုပ်ငန်းများ တိုးတက်စေရန်နှင့် ကုန်ချောထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ မြေပေါ်၊ မြေအောက် သယံဇာတကိုအခြေခံသည့် စီးပွားရေးသည် အကန့်အသတ်ရှိကြောင်း၊ သို့ဖြစ်၍ ဒေသထွက်ကုန်များကို အခြေခံသည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်တွင်း စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှသာ ပြည်သူများ အလုပ်အကိုင်ရရှိပြီး ဝင်ငွေရရှိလာမည်ဖြစ်ကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် တတိယလှိုင်းအတွက်သာမက စတုတ္ထလှိုင်းအတွက်ပါ ထည့်သွင်းစဉ်းစားထားပါကြောင်း၊ ထို့ကြောင့် အောက်ဆီဂျင်ထုတ်လုပ်သည့် စက်ရုံများ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ အောက်ဆီဂျင်သုံးစွဲမှု အမြင့်ဆုံးကာလတွင်လည်း အလုံအလောက် ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ဆေးနှင့် ကုသဆေး ထုတ်လုပ်နိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအတွင်းရှိ ဆေးဝါးထုတ်လုပ်သည့် စက်ရုံများမှ ဆေးဝါးများ ထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း။

စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးသည် နိုင်ငံအတွက်အရေးကြီးကြောင်း၊ ထို့ကြောင့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်နိုင်ရန် လိုအပ်ပြီး ပြည်သူများ ပူးပေါင်းပါဝင်ရန် လိုအပ်ပါကြောင်း၊ ကောင်စီဝင်များအနေဖြင့်လည်း ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စိုက်ပျိုးရေးထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရေး

ကမ္ဘာပေါ်တွင် လူဦးရေ ၇ ဘီလီယံခန့်ရှိသဖြင့် နိုင်ငံတိုင်းတွင် စားသောက်ကုန်များ အမြဲလိုအပ်ချက်ရှိကြောင်း၊ ကမ္ဘာပေါ်တွင် စိုက်ပျိုးရေးနိုင်ငံများရှိပြီး နိုင်ငံတွင်း စားရေးအဆင်ပြေစေရန်နှင့် ပြည်ပဝင်ငွေရရှိရန် ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်၍ ကမ္ဘာ့ဈေးကွက်မှ ပြည်ပဝင်ငွေရရှိအောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် မိုးစပါးစိုက်ပျိုးဧက ၁၅ သန်းခန့်၊ နွေစပါးစိုက်ပျိုးဧက ၂ သန်းခန့် စိုက်ပျိုးကြောင်း၊ မိုးစပါးစိုက်ပျိုးဧက ၁၅ သန်းတွင် တစ်ဧက တင်း ၁၀၀ နှုန်းထွက်ပါက လူဦးရေ သန်း ၁၀၀ အတွက် လုံလောက်မှုရှိကြောင်း၊ မိမိတို့နိုင်ငံတွင် လူဦးရေ ၅၅ သန်းခန့်ရှိသဖြင့် လူဦးရေ ၄၅ သန်းစာ ပိုလျှံမှုရှိလာမည်ဖြစ်ကြောင်း၊ ပြည်ပသို့ ဆန်များစွာတင်ပို့နိုင်ကြောင်း၊ သို့သော် တစ်ဧကစပါးအထွက်နှုန်း တင်း ၁၀၀ မပြည့်သည့်အတွက် ပြည်ပနိုင်ငံများသို့ မျှော်မှန်းသလို တင်ပို့နိုင်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ စီးပွားရေးသည် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့်ကိစ္စဖြစ်ပြီး မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် စနစ်တကျဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

## စိုက်ပျိုးမြေများအပေါ် အခြားနည်းလမ်းများဖြင့် အသုံးပြုခြင်းလုပ်ငန်းများကိုကြပ်မတ်ရေး ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က အကောင်အထည်ဖော်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၄

**နိုင်ငံတော်က ချမှတ်ထားသည့် မြေယာမူဝါဒများနှင့်အညီ စိုက်ပျိုးမြေများအပေါ် အခြားနည်းလမ်းများဖြင့် အသုံးပြုခြင်းလုပ်ငန်းများအား ကြပ်မတ်ဆောင်ရွက်ရေး၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး ပြည်နယ်များအားလုံးတွင် စားနပ်ရိက္ခာနှင့် အာဟာရပြည့်ဝပြီး လူမှုစီးပွားအဆင့်အတန်းမြင့်မားရေး လုပ်ငန်းများတွင် လယ်ယာမြေကို ထိရောက်စွာအသုံးပြုနိုင်ရေး လုပ်ငန်းများကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။**



ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တတိယအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ **(ယာပုံ)** အစည်းအဝေးသို့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အွန်လိုင်းစနစ်ဖြင့် အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက အစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်ရမည့် လုပ်ငန်းများကို ဖတ်ကြားတင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက လုပ်ငန်းတစ်ခုချင်းအလိုက် ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် တတိယအကြိမ်အဖြစ် ကျင်းပပြုလုပ်သည့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် စီမံကိန်းလုပ်ငန်းများ၌ အသုံးပြုခဲ့ရသည့် လယ်ယာမြေများအတွက် နစ်နာကြေး၊ လျော်ကြေးပေးချေရန် ကိစ္စရပ်များကိုလည်းကောင်း၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြလာသည့် လယ်ယာမြေအခြားနည်းအသုံးပြုခွင့် လုပ်ငန်းစာတွဲများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ခွင့်ပြုချက်မရမီကြိုတင်အသုံးပြုထားသည့်အတွက် လယ်ယာမြေဥပဒေပုဒ်မ-၁၉ ပါပြဋ္ဌာန်းချက်နှင့်အညီ ဒဏ်ကြေးငွေ အဆိုပြုလွှာများနှင့်ပတ်သက်၍ လည်းကောင်း၊ အသုံးပြုခွင့်ရရှိထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများပေါ်တွင် အသုံးပြုခွင့်လျှောက်ထားစဉ်က အဆိုပြုတင်ပြခဲ့သည့် သီးနှံများအတိုင်း စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော တည်မြဲမြိမ်စိုက်ပျိုးမြေများကို လယ်ယာမြေအဖြစ် သတ်မှတ်ပေးရန် လယ်ယာမြေဥပဒေပုဒ်မ-၃၄ နှင့် လယ်ယာမြေ နည်းဥပဒေ ၃၅၊ ၃၆ တို့အရ လျှောက်ထားလာသည့် စာတွဲများနှင့် စပ်လျဉ်း၍လည်းကောင်း၊ လယ်ယာမြေဥပဒေပုဒ်မ-၂၈(က)အရ မူလစိုက်ပျိုးလျက်ရှိသည့် သီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ပြောင်းလဲစိုက်ပျိုးခွင့်ပြုရန် လျှောက်ထားလာသည့် စာတွဲများနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၁ ခုနှစ် တရုတ်-အာဆီယံ ပညာရေးပူးပေါင်းဆောင်ရွက်မှု ရက်သတ္တပတ်ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကွေ့ကျိုးပြည်နယ်တို့ပူးပေါင်း၍ တရုတ်-အာဆီယံ ပညာရေးပူးပေါင်းဆောင်ရွက်မှု ရက်သတ္တပတ် (၂၀၂၁) ဖွင့်ပွဲအခမ်းအနားကို ကွေ့ကျိုးပြည်နယ် ကွေ့ရန်မြို့တွင် ယနေ့နံနက်ပိုင်းက ကျင်းပသည်။**(ယာပုံ)**



ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ကွေ့ကျိုးပြည်နယ် အုပ်ချုပ်ရေးကော်မတီ ဒုတိယအထွေထွေအတွင်းရေးမှူး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပညာရေးဝန်ကြီးတို့က ဖွင့်ပွဲမိန့်ခွန်း ပြောကြားကြသည်။

ယင်းနောက် အာဆီယံနိုင်ငံများမှ ပညာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် သံအမတ်ကြီးများ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်တို့က Online မှ Video Message ဖြင့် ဂုဏ်ပြုမိန့်ခွန်းပြောကြားကြပြီး ကွေ့ကျိုးပြည်နယ် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူးက ၂၀၂၁ ခုနှစ် တရုတ်-အာဆီယံ ပညာရေး ပူးပေါင်းဆောင်ရွက်မှု ရက်သတ္တပတ်ကို ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေတို့က ၂၀၂၁ ခုနှစ် တရုတ်-အာဆီယံ ပညာရေးပူးပေါင်းဆောင်ရွက်မှု ရက်သတ္တပတ် အခမ်းအနားအတွက် ဂုဏ်ပြုမိန့်ခွန်းကို Video Message ဖြင့် ပြောကြားကြပြီး ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြသည်။

၂၀၂၁ ခုနှစ် တရုတ်-အာဆီယံ ပညာရေး ပူးပေါင်းဆောင်ရွက်မှု ရက်သတ္တပတ်တွင် တရုတ်-အာဆီယံ ပညာရေးပူးပေါင်းဆောင်ရွက်ရေး ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများအဖြစ် ဆေးပညာ၊ စိုက်ပျိုးရေး၊ စီးပွားရေးပညာ၊ အဆင့်မြင့်ပညာ၊ နည်းပညာနှင့် သက်မွေးပညာ၊ ဆန်းသစ်တီထွင်မှုနှင့် စက်မှုနည်းပညာဆိုင်ရာ ဆွေးနွေးပွဲများနှင့်အတူ အခြေခံပညာ ကျောင်းအုပ်ကြီးများ၏ စကားဝိုင်း ဆွေးနွေးပွဲများကို စက်တင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ Online ဖြင့် ကျင်းပလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး ခရီးသွားလုပ်ငန်းဖြင့် ဖော်ဆောင်ပေး

*ခင်မောင် (ဟိုတယ်/ခရီး)*

### ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့

ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ရှိ ခရီးသွားလုပ်ငန်းဆိုင်ရာ ဦးဆောင်အဖွဲ့အစည်းဖြစ်သည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (United Nations World Tourism Organization-UNWTO) သည် အဖွဲ့ဝင် ၁၅၆ နိုင်ငံနှင့် နိုင်ငံတကာမှ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများ ပါဝင်မှုဖြင့် ဖွဲ့စည်းထားပြီး မြန်မာနိုင်ငံသည်လည်း ၁-၆-၂၀၁၂ ရက်နေ့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ကာ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အဖြစ် သတ်မှတ်ထားသည့် စက်တင်ဘာလ ၂၇ ရက်နေ့တွင် အဖွဲ့ဝင်နိုင်ငံများနည်းတူ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့ပါသည်။

ကမ္ဘာတစ်ဝန်းခံစားနေရသည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် ၂၀၂၀ ပြည့်နှစ်မှစ၍ အခမ်းအနားကို Video Conferencing စနစ်ဖြင့် ကျင်းပခဲ့ပြီး ယခု ၂၀၂၁ ခုနှစ်တွင်လည်း ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားကို "ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး ခရီးသွားလုပ်ငန်းဖြင့် ဖော်ဆောင်ပေး" (Tourism for Inclusive Growth) ဆောင်ပုဒ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ Video Conferencing စနစ်ဖြင့် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၏ ဦးဆောင်မှု၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ၊ ခရီးသွားလုပ်ငန်းနယ်ပယ်အတွင်းမှ မိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကျင်းပသွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။




### ရည်ရွယ်ချက်ဖြင့်ကျင်းပ

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားကို စီးပွားရေးဆိုင်ရာအကျိုးရှိစေရေး၊ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ သဘာဝအရင်းအမြစ်များ၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းနိုင်ရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုအချင်းချင်း ရင်းနှီးကျွမ်းဝင်မှုနှင့် အပြန်အလှန် နားလည်မှု တည်ဆောက်နိုင်ရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကမ္ဘာ့နိုင်ငံများရှိ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့် ကဏ္ဍများအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာမည်ကို ပိုမိုသိရှိလာစေရေးနှင့် ခရီးသွားလုပ်ငန်း၏ အရေးပါမှု၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့် စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးသို့ အကျိုးသက်ရောက်မှုများအား ဒေသနေပြည်သူများ နားလည်သိရှိစေရေး၊ ခရီးသွားလုပ်ငန်း၏ အကျိုးသက်ရောက်မှုများကို သတိပြုမိစေရေးတို့အတွက် ရည်ရွယ်ချက်များဖြင့် အဖွဲ့ဝင်နိုင်ငံအသီးသီးတွင် ကျင်းပခြင်းဖြစ်ပါသည်။

### ဖွံ့ဖြိုးတည်ငြိမ်အကျိုးရှိစေမှု

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးခြင်းဖြင့် ဆက်စပ်နယ်ပယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရေး ဖန်တီးပေးနိုင်ကာ ဒေသတွင်း စီးပွားရေးဆိုင်ရာ မညီမျှမှုများကို လျော့ကျစေနိုင်ပြီး စားသောက်ကုန်နှင့် ကုန်စည်ထုတ်လုပ်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ၊ ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလိုင်းဆိုင်ရာ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများ၊ လမ်း၊ တံတား၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေပါသည်။ ထို့အပြင် ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းများ အပါအဝင် ခရီးသွားလုပ်ငန်းကဏ္ဍ၏ အခြေခံအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေပြီး သက်ဆိုင်ရာ ကဏ္ဍများအလိုက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေကာ ဒေသနေပြည်သူများ အကျိုးခံစားခွင့်ရရှိစေပြီး ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဘက်ပေါင်းစုံမှ အထောက်အကူပြုသည့်အပြင် ဒေသတွင်း နိုင်ငံများအတွင်း ခရီးလှည့်လည် ကုန်စည်စီးဆင်းမှုဖွံ့ဖြိုးကာ ဒေသ၏ တည်ငြိမ်အေးချမ်းရေးကိုလည်း တိုးတက်ရရှိစေနိုင်မည်ဖြစ်ပါသည်။

### နိုင်ငံတကာနှင့်ဒေသတွင်း ခရီးသွားလုပ်ငန်းအခြေအနေ

ယခုအခါ ကမ္ဘာ့နိုင်ငံများတွင် ခံစားနေရသည့် ကိုဗစ်-၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှုဒဏ်ကြောင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ မေလအထိ ကမ္ဘာတစ်ဝန်း နိုင်ငံတကာခရီးသည် ရောက်ရှိမှုသည် ၂၀၁၉ ခုနှစ် ကာလများနှင့် နှိုင်းယှဉ်ပါက အရေအတွက်အားဖြင့် သန်း ၄၆၀ (၈၅ ရာခိုင်နှုန်း) ခန့် ကျဆင်းသွားကြောင်းနှင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းသမိုင်းတွင် အဆိုးရွားဆုံးကျဆင်းမှုဟု သတ်မှတ်ကြပါသည်။ အလားတူ အာရှ- ပစိဖိတ်ဒေသသည်လည်း ၂၀၁၉ ခုနှစ် ခရီးသည်ရောက်ရှိမှုထက် ၉၅ ရာခိုင်နှုန်း၊ ဥရောပဒေသတွင် ၈၅ ရာခိုင်နှုန်းနှင့် အမေရိကဒေသတွင် ၇၂ ရာခိုင်နှုန်း အသီးသီး လျော့နည်းကျဆင်းသွားကြောင်း ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ထုတ်ပြန်ထားသည့်စာရင်းများအရ သိရှိရပါသည်။

### မြန်မာ့ခရီးသွားလုပ်ငန်း

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေမည့် အခြေခံအကြောင်းအရာများဖြစ်သည့် နိုင်ငံတကာနှင့်ဒေသတွင်း နိုင်ငံများအကြား ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်၊ အပြည်ပြည်ဆိုင်ရာ နယ်စပ် ဝင်/ ထွက်ပေါက်များ တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိနိုင်ရေး၊ အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းများ ပိုမိုချိတ်ဆက်ပျံသန်းခွင့်ရရှိစေရေး၊ ပြည်ဝင်ခွင့် ဗီဇာဆိုင်ရာ ဖြေလျှော့မှုများ ညှိနှိုင်းခွင့်ပြုပေးနိုင်ရေး၊ နိုင်ငံဖြတ်ကျော်မော်တော်ယာဉ်တန်းခရီးစဉ်များ၊ စက်တပ်ရွက်လှေနှင့် ခရီးသည်တင် ဇိမ်ခံသင်္ဘောခရီးစဉ်များ အလွယ်တကူ ပိုမိုတိုးတက်ဝင်ရောက်ခွင့်ရရှိစေရေးတို့အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာဆက်စပ်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ လိုအပ်သည်များ တင်ပြဆောင်ရွက်ပေးခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် အရှိန်အဟုန်ဖြင့်တိုးတက်ရန် အလားအလာကောင်းများ ဖြစ်ပေါ်ခဲ့ပါသည်။ သို့ရာတွင် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှစ၍ ကမ္ဘာတစ်ဝန်း ဖြစ်ပွားခံစားခဲ့ရသည့် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုအပေါ် ပြည်တွင်း/ပြည်ပခရီးသည်များ၏ စိုးရိမ်ကြောင့်ကြမှု၊ ရောဂါထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းစဉ်များနှင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများအပါအဝင် စီးပွားရေးလုပ်ငန်းများ ရပ်ဆိုင်းမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ကမ္ဘာ့နိုင်ငံများကဲ့သို့ပင် မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍသည်လည်း ယနေ့အချိန်ထိ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရန် ခက်ခဲနေဆဲဖြစ်ပါသည်။

### ခရီးစဉ်ဒေသအပေါ်အာမခံနိုင်မှုနှင့် လုံခြုံစိတ်ချရသော ခရီးစဉ်ဖြစ်စေရေး

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် လုပ်ငန်းလိုင်စင်ရယူကာ လုပ်ကိုင်ဆောင်ရွက်နေကြသည့် ခရီးသွားလုပ်ငန်းနယ်ပယ်အတွင်းမှ လုပ်ငန်းရှင်များ၊ လုပ်သားများ၏ ၎င်းတို့ကျွမ်းကျင်ရာ အလုပ်အကိုင်များဖြင့် ဆက်လက်အသက်မွေးရပ်တည်နိုင်ရေးအတွက် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးလာကာ ပြည်တွင်း/ ပြည်ပခရီးသွားများ ပုံမှန်ဝင်ရောက်လှည့်လည်သွားလာမှုက အရေးကြီးပါသည်။ ခရီးစဉ်ဒေသအသီးသီးသို့ ခရီးသွားဧည့်သည်များ လည်ပတ်ဝင်ရောက်ရန်အတွက် အဆိုပါ ခရီးစဉ်ဒေသများသို့ လွယ်ကူချောမွေ့စွာ ဝင်ရောက်လည်ပတ်နိုင်ခွင့်ရရှိရေးသည်လည်း အရေးပါသကဲ့သို့ လုံခြုံစိတ်ချရသော ခရီးစဉ်ဒေသများသို့ သွားလာလည်ပတ်ခြင်းနှင့် နေထိုင်စားသောက်ရာ နေရာပတ်ဝန်းကျင်သည် ကျန်းမာသန့်ရှင်းခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်ခြင်းတို့ အထူးပင်လိုအပ်ပါသည်။

သို့ဖြစ်ရာ ခရီးသွားဧည့်သည်များအတွက် လုံခြုံစိတ်ချရသည့် ခရီးစဉ်ဒေသဖြစ်စေရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ရာတွင် လက်ရှိဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ရောဂါအပေါ် အခြားနိုင်ငံများနည်းတူ မိမိတို့ခရီးစဉ်ဒေသအား ထိုက်သင့်သည့် အာမခံမှု၊ ဝန်ဆောင်မှုပေးနိုင်သည့် ခရီးစဉ်တစ်ခုအဖြစ် ခရီးသွားဧည့်သည်များက လက်ခံလာအောင် ကောင်းမွန်သည့် အစီအမံများဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် လိုအပ်နေသည်ဖြစ်ရာ ဦးစားပေးဆောင်ရွက်လိုသည့် ခရီးစဉ်ဒေသအသီးသီးရှိ ခရီးသွားဝန်ဆောင်မှုပေးနေသည့် လုပ်ငန်းရှင်၊ လုပ်သားများအားလုံး ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးစီးမှုသည် အရေးကြီးသဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ကိုဗစ်-၁၉ ကာကွယ်ဆေး ၁၀၀ ရာခိုင်နှုန်းထိုးနှံပြီးစီးရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာ ဌာနများ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်များနှင့် အလေးထားကာ လိုအပ်သည့် ဆွေးနွေးညှိနှိုင်းမှုများဖြင့် ကူညီကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများအနေဖြင့် ခရီးသည်များကို ကျန်းမာရေး စောင့်ရှောက်မှု

*စာမျက်နှာ ၇ သို့*

❖ **ယခုအခါ ကမ္ဘာ့နိုင်ငံများတွင် ခံစားနေရသည့် ကိုဗစ်-၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှုဒဏ်ကြောင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ မေလအထိ ကမ္ဘာတစ်ဝန်း နိုင်ငံတကာခရီးသည် ရောက်ရှိမှုသည် ၂၀၁၉ ခုနှစ် ကာလများနှင့် နှိုင်းယှဉ်ပါက အရေအတွက်အားဖြင့် သန်း ၄၆၀ (၈၅ ရာခိုင်နှုန်း) ခန့် ကျဆင်းသွားကြောင်းနှင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းသမိုင်းတွင် အဆိုးရွားဆုံးကျဆင်းမှုဟု သတ်မှတ်ကြပါသည်။ အလားတူ အာရှ- ပစိဖိတ်ဒေသသည်လည်း ၂၀၁၉ ခုနှစ် ခရီးသည်ရောက်ရှိမှုထက် ၉၅ ရာခိုင်နှုန်း၊ ဥရောပဒေသတွင် ၈၅ ရာခိုင်နှုန်းနှင့် အမေရိကဒေသတွင် ၇၂ ရာခိုင်နှုန်း အသီးသီး လျော့နည်းကျဆင်းသွားကြောင်း ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ထုတ်ပြန်ထားသည့်စာရင်းများအရ သိရှိရ**

# ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဂုဏ်အင်္ဂါအရည်အချင်းစိစစ်ရေး ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၄

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်အပ်နှင်းနိုင်ရေး စိစစ်ရေးအဖွဲ့၏ ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဂုဏ်အင်္ဂါအရည်အချင်း စိစစ်ရေး ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း ချီးမြှင့်နိုင်ရန် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးတို့မှ အဆိုပြုလျှောက်ထားလာသည့် ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်တို့အား "သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ပြဋ္ဌာန်းချက်" ပါ ဂုဏ်အင်္ဂါ အရည်အချင်း သတ်မှတ်ချက်များနှင့်အညီ စိစစ်ရွေးချယ်သွားမည်ဖြစ်ပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတို့မှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ လျှောက်ထားလာသည့် ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်တို့ကို သတင်းရဲတပ်ဖွဲ့နှင့် အထူးစုံစမ်း စစ်ဆေးရေးဦးစီးဌာနတို့အနေဖြင့် ဝိဝါဒါ ဓိကရုဏ်းမှုခင်း၊ အနုဝါဒါဓိကရုဏ်းမှုခင်းများ ကင်းရှင်းမှု ရှိ/မရှိ ကိုယ်ရေးနောက်ကြောင်း ကင်းရှင်းမှု ရှိ/မရှိ တို့ကို စိစစ်ပေးရန်လိုအပ်ပါကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် သာသနာနုဂ္ဂဟဘွဲ့ လျှောက်ထားကြသည့် လူပုဂ္ဂိုလ်တို့မှ နိုင်ငံတော်သို့ပေးဆောင်ရမည့် အခွန်ငွေများ အကြေပေးသွင်းပြီးခြင်း ရှိ/ မရှိ၊ အခြားပေးရန် ကြွေးကျန်များ ရှိ/ မရှိ တို့ကို စိစစ်ပေးရန်လိုအပ်ကြောင်း၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနအနေဖြင့် နိုင်ငံသားဖြစ်မှုအခြေအနေနှင့် သာသနာဝင်/ သာသနာ့နွယ်ဝင်စိစစ်ရေးကတ်၊ နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်မှုအခြေအနေတို့ကို စိစစ်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်နိုင်ရေးအတွက် ဦးစီးဌာနအလိုက် အဆိုပြုလွှာ စိစစ်ဆောင်ရွက်ထားရှိမှုများကို သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်တို့က ဆွေးနွေးတင်ပြကြပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ သတင်းရဲတပ်ဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များကလည်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို အသီးသီးဆွေးနွေးတင်ပြကြပြီး စိစစ်ဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၂၅ ရက်နောက်ဆုံးထား၍ ပြန်လည်ပေးပို့ရန် နေ့ရက်သတ်မှတ်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်များအား သတ်မှတ်ဂုဏ်အင်္ဂါ အရည်အချင်းများနှင့်အညီ စိစစ်ရွေးချယ်ရန်လိုအပ်သလို၊ သတ်မှတ်ဂုဏ်အင်္ဂါ အရည်အချင်းများနှင့် ကိုက်ညီမှုမရှိသော ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်များကိုလည်း ရွေးချယ်ခြင်းမပြုမိစေရန် လိုအပ်ကြောင်းနှင့် အဂတိတရားလေးပါး ကင်းရှင်းစွာဖြင့် မှန်မှန်ကန်ကန် စိစစ်ရွေးချယ်နိုင်ရေးအတွက် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## ကျောင်းကုန်း လေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ် ဆန်၊ ဆီ၊ ဆား၊ ပဲများ ထောက်ပံ့ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့အတွင်း စက်တင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ကျောင်းကုန်းမြို့ ဒိုးတန်းကျေးရွာအုပ်စု၊ ဖျံတွင်းကျေးရွာ၊ ပိန်းချောင်ကျေးရွာ၊ ဆိပ်သာကျေးရွာအုပ်စု၊ ဆိပ်သာကျေးရွာနှင့် ပန်းတောရိုးကျေးရွာအုပ်စု၊ ကြိုးကြာချောင်ကြီးကျေးရွာတို့၌ စာသင်ကျောင်းများနှင့် နေအိမ်များ အမိုးလန်ပြိုကျပျက်စီးခြင်းများဖြစ်ပေါ်ခဲ့ရာ ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်နေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လေဘေးသင့် အိမ်ထောင်စုများအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲများ ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြည်သူသို့ မေတ္တာရပ်ခံချက်

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆ မတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီ လူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကိုချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီ ပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထု ဘေးကင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံလူမျိုးအကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

## ကျောက်ဆည်ခရိုင်၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ပညာပေးဆွေးနွေး

**ကျောက်ဆည် စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းတို့ ပူးပေါင်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ခရိုင်ပြည်သူ့စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့ နံနက်ပိုင်းက ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်တင်ထွေးက လေထုညစ်ညမ်းမှုအကြောင်း၊ ပတ်ဝန်းကျင် လေထုအရည်အသွေးကို ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်မှ အကြံပြုတိုက်တွန်းချက်များဖြစ်သည့် သန့်ရှင်းသည့်လောင်စာများ အသုံးပြုခြင်း၊ စက်မှုလုပ်ငန်းများတွင် ပတ်ဝန်းကျင်လေထုကို ထိခိုက်မှုမရှိစေသော နည်းပညာများအသုံးပြုခြင်း၊ စွန့်ပစ်ပစ္စည်းများကို ဟင်းလင်းပြင်၌ မီးရှို့ခြင်းမပြုလုပ်ရန် စသည်တို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းဥက္ကဋ္ဌ စာရေးဆရာမောင်ခိုင်ကျော်(ကျောက်ဆည်)က စက်မှု၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေးနှင့် လယ်ယာကဏ္ဍများ၊ အခိုးအငွေ့ ထုတ်လွှတ်မှုများ၊ တောမီးလောင်ကျွမ်းမှုများနှင့် မီးတောင်ပေါက်ကွဲမှု၊ သဲနှင့် ဖုန်မှုန့်များပါရှိသည့် မုန်တိုင်းတိုက်ခတ်မှုများနှင့် မော်တော်ယာဉ်များမှ ထုတ်လွှတ်သော အခိုးအငွေ့များသည် လေထုညစ်ညမ်းမှုဖြစ်စေသော အကြောင်းရင်းများဖြစ်ကြောင်းနှင့် ပြည်သူများအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် စသည်တို့ကို ဆွေးနွေးခဲ့သည်။

**တင်တင်ထွေး**

*စာမျက်နှာ ၆ မှ*

အပါအဝင် ဝန်ဆောင်မှုများပေးရန် လိုအပ်သော အစီအမံများ ကြိုတင်ပြင်ဆင်ထားခြင်း၊ သင်တန်းများပေးခြင်း၊ စစ်ဆေးကြပ်မတ်ပေးခြင်းတို့ဖြင့် ယုံကြည်စိတ်ချပြီး ဘေးအန္တရာယ်ကင်းသော ခရီးစဉ်များဖြစ်စေရန် အလေးထားဆောင်ရွက်နေပါသည်။ ပြည်တွင်း/ ပြည်ပခရီးသွားများအတွက် ကိုဗစ်-၁၉ လုံခြုံစိတ်ချရမှုနှင့်အတူ ဝန်ဆောင်မှုများ ပေးနိုင်ခြင်းဖြင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးလာကာ ခရီးစဉ်ဒေသအတွင်းရှိ ခရီးသွားလုပ်ငန်းကို မှီခိုအားထားရပ်တည်နေကြသည့် ဒေသနေပြည်သူ၊ လုပ်သားများ၏ ဘဝရပ်တည်မှုအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

### ခရီးသွားလုပ်ငန်းမှအလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှု

ကမ္ဘာ့စီးပွားရေးတွင် ခရီးသွားလုပ်ငန်းသည် သိသာ ထင်ရှားဆုံးနှင့် တိုးတက်မှုအရှိဆုံး ကဏ္ဍတစ်ခုဖြစ်သည့်အပြင် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးကို မြှင့်တင်ရာတွင် အရေးပါသော အခန်းကဏ္ဍတွင်လည်း ပါဝင်သည်။ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် နိုင်ငံများ၏ ပြည်တွင်းထုတ်ကုန် (GDP) တိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဆောင်ကြဉ်းပေးနိုင်ပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးရှိ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများတွင် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေသည့် လုပ်သားအင်အား ၂၉၂ ဒသမ၂၂ သန်းခန့်ရှိရာ ကမ္ဘာ့လုပ်သားအင်အား၏ ၉ ဒသမ ၆ ရာခိုင်နှုန်းခန့်ရှိပြီး တစ်ကမ္ဘာလုံးအတိုင်းအတာအရ ခရီးသွားနှင့်ခရီးသွားလုပ်ငန်း၏ ဂျီဒီပီသည် တိုက်ရိုက်ခန့်မှန်းခြေအားဖြင့် ၂၀၁၉ ခုနှစ်တွင် ၂ ဒသမ ၉ ထရီလီယံဒေါ်လာရှိသည်။ ကမ္ဘာလုံးဆိုင်ရာ ဂျီဒီပီကို တိုက်ရိုက်အများဆုံး အထောက်အပံ့ပြုသော နိုင်ငံတွင် အမေရိကန်ခရီးသွားလုပ်ငန်းသည် ဒေါ်လာ ၅၈၀ ဒသမ ၇ ဘီလီယံအထိ အများဆုံး ထောက်ပံ့ခဲ့သည်ကို ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က ထုတ်ပြန်ထားသည့် စာရင်းများအရ သိရှိရပါသည်။

### ခရီးသွားလုပ်ငန်းဖြင့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး

ခရီးသွားလုပ်ငန်းကဏ္ဍသည် နိုင်ငံတစ်ခု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ခြင်း၊ ခရီးသွားလာခြင်းဖြင့် အချင်းချင်းယုံကြည်မှု၊ ချစ်ခင်ရင်းနှီးမှုများကို တည်ဆောက်နိုင်ခြင်း၊ တည်ငြိမ်အေးချမ်းမှုကိုဖြစ်ပေါ်စေခြင်း၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို မပျောက်ပျက်အောင် ထိန်းသိမ်းတတ်စေခြင်း၊ ဒေသနေပြည်သူများ၏ ရိုးရာဓလေ့နှင့် ကိုးကွယ်ယုံကြည်မှု၊ အယူအဆများကို မပျောက်ကွယ်စေရန် ထိန်းသိမ်းနိုင်ခြင်းနှင့် ဖော်ထုတ်ပြသနိုင်ခြင်း၊ ထုတ်ကုန်များတွင် ကျယ်ပြန့်စွာ အဆင့်မြှင့်တင်ထုတ်လုပ်ရောင်းချလာနိုင်ခြင်းတို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်သည်ဖြစ်ရာ ခရီးစဉ်ဒေသအသစ်များ တိုးမြှင့်ဖော်ဆောင်ခြင်း၊ ခရီးစဉ်ဒေသများသို့ လွယ်ကူစွာဝင်ရောက်လည်ပတ်ခွင့်ရရှိစေခြင်း၊ ပြည်တွင်း/ ပြည်ပခရီးသွားများအတွက် ကျန်းမာရေးဆိုင်ရာ လုံခြုံစိတ်ချရမှုရှိစေခြင်း၊ ဒေသအလိုက် ခရီးသွားလုပ်ငန်းများ ပြန်လည်အသက်ဝင်တိုးတက်လာစေခြင်းကြောင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် ခရီးသွားလုပ်ငန်းအား ဦးစားပေးကဏ္ဍအဖြစ် ဖော်ဆောင်နိုင်စေရန် ရည်ရွယ်၍ ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အား ဂုဏ်ပြုတင်ပြအပ်ပါသည်။ ။

# ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် စေတနာရှင်အလှူရှင်များက အလှူငွေများ လာရောက်လှူဒါန်း

**နေပြည်တော်  စက်တင်ဘာ ၂၄**

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် စေတနာရှင်အလှူရှင်များက ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ အောက်ဆီဂျင်အိုးများနှင့် အလှူငွေများအား လာရောက်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ မန္တလေးတိုင်းဒေသကြီးအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ စေတနာရှင်အလှူရှင်များက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ငွေကျပ်သိန်း ၁၂၉၇၀ ကိုလာရောက်လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးတို့က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားများ ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ စေတနာရှင်အလှူရှင်များက  အလှူငွေပေးအပ်စဉ်။

# မကွေးတိုင်းဒေသကြီးအတွင်း ကိုဗစ်–၁၉ ရောဂါပိုးတွေ့ရှိမှု ၁၁ ရာခိုင်နှုန်းအထိ လျော့နည်းလာသည်ကို တွေ့ရှိရ

**မကွေး  စက်တင်ဘာ ၂၄**



မကွေးတိုင်းဒေသကြီး Corona-virus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးအမှတ်စဉ်(၃၂/၂၀၂၁)ကို ယနေ့ နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ တိုင်း ဒေသကြီးဝန်ကြီးချုပ်က ပြည်သူလူထု၏ မျက်ခြည်မပြတ် ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်မှုများကြောင့် ပိုးတွေ့မှုရာခိုင်နှုန်း ကျဆင်းလာသည်ကို တွေ့ရှိရကြောင်း၊ ယမန်နေ့အထိ မကွေးတိုင်းဒေသကြီး အတွင်း ကိုဗစ်– ၁၉ ရောဂါပိုး တွေ့ရှိမှု ၁၁ ရာခိုင်နှုန်းအထိ လျော့နည်းလာသည်ကို တွေ့ရှိရကြောင်း၊ စစ်ဆေးခြင်း၊ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများ အရှိန်အဟုန်မပျက် ပိုမိုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးတွင်လည်း အောက်ဆီဂျင်စက်ရုံများ တည်ဆောက်ခဲ့ပြီး အောက်ဆီဂျင်ထုတ်လုပ်မှုကို မြို့နယ်အချို့ စတင်လည်ပတ်ဖြန့်ဖြူးပေးနိုင်ပြီ ဖြစ်သည့်အတွက် တိုင်းဒေသကြီးအတွင်းမှ ကိုဗစ်လူနာများ၏ အောက်ဆီဂျင်လိုအပ်မှုကို ပြည့်ဝစွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပြီ ဖြစ်ကြောင်း၊ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ကာကွယ်၊ တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ စာရင်းဇယားများစနစ်တကျ ထိန်းသိမ်းထားရန် လိုအပ်ကြောင်း၊ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများနှင့် ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး အသိပညာပေးလုပ်ငန်းများကိုလည်း ဝိုင်းဝန်းပူးပေါင်းကာ ပိုမိုလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး သက်ဆိုင်ရာ ခရိုင်များအလိုက် တာဝန်ပေးအပ်ထားသည့် ကော်မတီဝင်များ၊ မကွေးတပ်နယ်မှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ခရိုင်/မြို့နယ်များတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုအခြေအနေများ၊ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် နေ့စဉ်လုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တာဝန်ရှိသူများ၏ တင်ပြဆွေးနွေးမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုလျှော့ချရေး လုပ်ငန်းစဉ်များ ဆက်လက်ပြီး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်နှင့် ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များကို အချိန်နှင့်တစ်ပြေးညီ လိုက်နာဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ကိုအောင်**

# တိုင်းဒေသကြီးနှင့်  ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက် ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၂၄**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေး ထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။



ကိုဗစ်–၁၉ရောဂါကာကွယ်ဆေးထိုးနှံပေးစဉ်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၅၅ နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများရှိ ပြည်သူများစသည့် ဦးတည်အုပ်စု ၁၆ စု သတ်မှတ်၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများကို နေ့စဉ်ထိုးနှံပေးလျက်ရှိသည်။ စက်တင်ဘာ ၂၃ ရက်နှင့် ယနေ့တွင်လည်း ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နှင့် သီပေါမြို့တို့၌ ၈၄၉ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ဟွေအောကျေးရွာရှိ ဒေသခံ ‘ ဝ ’တိုင်းရင်းသား ၆၄၀၆ဦး၊ မြို့နယ်လေးမြို့နယ်တို့၌ ၂၈၆၁ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၅ မြို့နယ်၌ ၁၅၈၇၈၂ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်နှင့် ပလောက်မြို့နယ်တို့၌ ၂၆၆၀ ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်တို့၌ ၇၅၅၂ဦး၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၁၆ မြို့နယ်တို့ ၌ ၁၄၃၇၅ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌ ၂၄၁၃၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်၊ တန့်ဆည်မြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်တို့၌ ၂၄၉၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ၁၀၁၀၃ ဦးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌ ၁၄၅၅၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း (mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**



**တတ်နိုင်သမျှ မိမိအိမ်တွင်သာ နေပါ**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၄**– နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **မိုး/ဇလ**

## ထားဝယ်မြို့၊ တောင်ငူမြို့နှင့် ပုသိမ်မြို့တို့ရှိ တပ်မတော်ဆေးရုံများ၌ တက်ရောက်ကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၂၄**
တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက် ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုများ၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်မှုကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုများ၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့ပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သား ဆေးမှူး၊ ပါရဂူများနှင့် ကျန်းမာရေးဝန်ထမ်းများအား တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များက သွားရောက်တွေ့ဆုံ၍ အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုးနှင့် တိုင်းမှူးတို့ ထားဝယ်မြို့ တပ်မတော်ဆေးရုံ၌ ကုသမှုခံယူလျက်ရှိသော လူနာများအား ကြည့်ရှုအားပေးစဉ်။

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလအတွင်း ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၄**
တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်းစိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန် လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ နယ်မြေခံတပ်ရင်းရှိ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကိုလည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် အဖွဲ့ဝင်များသည် ရသေ့တောင်တပ်နယ် နယ်မြေခံ တပ်ရင်းများရှိ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို လည်းကောင်း သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင် မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။**

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများ နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၄**
ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၂၃ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်စစ်ဆေးရေးဂိတ် နမ့်ဖာဟော်တံတားမှ အမျိုးသား ၁၃ ဦး၊ အမျိုးသမီးခြောက်ဦး စုစုပေါင်း ၁၉ ဦးနှင့် ရန်လုံကျိုင်းတံတားမှ အမျိုးသမီးသုံးဦးကိုလည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့ မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ် ချစ်ကြည်ရေးတံတားမှ အမျိုးသား ၁၅၂ ဦး၊ အမျိုးသမီး ၁၃၉ ဦး စုစုပေါင်း ၂၉၁ ဦးတို့ကို လည်းကောင်း အသီးသီးလက်ခံခဲ့သည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများကို သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

❂ *ကျောဖုံးမှ*

"တဖြည်းဖြည်းနဲ့ ဒီရောဂါကာကွယ်ဆေးဟာ အသက်အန္တရာယ်ကို ကယ်နိုင်လာတယ်ဆိုတာ သိလာကြတယ်။ မဖြစ်ခင် ကြိုတင်ကာကွယ်တာဟာ အဓိကဖြစ်တယ်လို့ သိလာတဲ့အချိန်မှာ ကာကွယ်ဆေးထိုးချင်တဲ့ဆန္ဒတွေ ဖြစ်လာကြတယ်။ ဒါကြောင့် ဆေးထိုးတဲ့လူများလာတယ်။ အုပ်စုလေးစုခွဲကာ ထိုးနှံပေးနေကာ တစ်ရက်ကို လူဦးရေ ၇၀၀ ကနေ ၁၀၀၀ အထိ ထိုးနှံရပါတယ်။ ဒီနေ့ သတင်းမီဒီယာသမား ၅၇ ဦးကို ကာကွယ်ဆေးထိုးနှံပေးတာဖြစ်ပါတယ်"ဟု ဗိုလ်တထောင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဟေမာဇော်က ပြောသည်။

အသက် ၆၅ နှစ်အထက် သက်ကြီးများကို ထိုးနှံပေးပြီးနောက် ယခုအခါ ၅၅ နှစ်အထက်ပြည်သူ များ၊ မသန်စွမ်းများ၊ နာတာရှည်နှင့် မကူးစက်နိုင်သော ရောဂါရှိသူများကို ထပ်မံ၍ ဦးစားပေးထိုးနှံပေးလျက်ရှိသည်။

ယခုအခါ လူငယ်များလည်း ရောဂါ ကာကွယ်ဆေးကို ထိုးနှံလိုကြပြီး ကျန်းမာရေးဦးစီးဌာနအနေဖြင့် ရရှိသောဆေးပေါ်မူတည်၍ ထိုးနှံပေးလျက်ရှိရာ ယနေ့ ရောဂါ ကာကွယ်ဆေးထိုးနှံမှုတွင် လူဦးရေ ၅၀၀ ထိုးနှံပေးရန်လျာထားသော်လည်း ဆေးထိုးနှံလိုသော လူဦးရေအရ ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

" အခုလို သတင်းမီဒီယာသမားတွေ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခွင့်ရတဲ့အပေါ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့ အားလုံးသော တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့နဲ့တွေ့ဆုံတဲ့အခါမှာ ပြည်ထောင်စုဝန်ကြီးက ဘာများကူညီရမလဲလို့မေးပါတယ်။ ကျွန်တော်တို့က ကိုဗစ်ကာလမှာ အလုပ်တိုက်တွေပိတ်ထားပေမယ့် သတင်းမီဒီယာသမားတွေနဲ့ ပုံနှိပ်စက်အလုပ်သမားတွေ အလုပ်တွေလုပ်နေရတာမို့ ကိုဗစ်ကာကွယ်ဆေးထိုးနှံပေးစေလိုတယ်လို့ အကူအညီတောင်းခဲ့ပါတယ်။ ပြည်ထောင်စုဝန်ကြီးက ဆောင်ရွက်ပေးပါ့မယ်လို့ ပြောခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာနနဲ့ တာဝန်ရှိသူတွေနဲ့ ညှိနှိုင်းပေးခဲ့ပြီး ယနေ့မှာ သတင်းမီဒီယာသမားတွေ ကာကွယ်ဆေး ထိုးနှံနိုင်ခဲ့ပါပြီ။ ဒီနေ့ဆေးထိုးနှံတာ ကော်လံစားနဲ့ အလွတ်သတင်းထောက်တွေများပါတယ်။ ခက်ခဲနေတဲ့ကြားထဲက ပြည်သူတွေနဲ့ သတင်းမီဒီယာသမားတွေကို ကာကွယ်ဆေးထိုးနှံပေးခဲ့တဲ့အပေါ် နိုင်ငံတော်ကိုလည်း အထူးကျေးဇူးတင်ပါတယ်။ အားလုံးကာကွယ်ဆေးထိုးနှံဖို့လည်း တိုက်တွန်းလိုပါတယ်"ဟု မဂ္ဂဇင်းအယ်ဒီတာချုပ်တစ်ဦးဖြစ်သူ ဦးမောင်မောင်မြင့်အေးက ပြောသည်။

ဗိုလ်တထောင်မြို့နယ်၌ ဩဂုတ်လမှစ၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ရာ ပြည်သူ ၁၉၇၀ နှင့် အလုပ်သမား ၅၀၀၀ ကျော်ကို ထိုးနှံပေး ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။ ထို့ပြင် စက်တင်ဘာလ၌ ပြည်သူ ၁၉၀၀ ကျော်ထိုးနှံပေးခဲ့ပြီး ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိကာ စည်ပင်သာယာဝန်ထမ်း ၇၉၀၀ ကျော်တွင် ၂၅၀၀ ကျော် ထိုးနှံပြီးဖြစ်ကြောင်းနှင့် ကျန်ရှိသောသတင်းမီဒီယာသမားများကိုလည်း ဆက်လက် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။


**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ-ကနူး**



# EV (လျှပ်စစ်ကား) နှင့် ICE Vehicle (လောင်စာဆီသုံး အင်ဂျင်ကား) တို့ ကွာခြားအားသာချက်များအကြောင်း

**အင်ဂျင်နီယာထွန်း (စက်မှုစီးပွားထူးချွန်ဆု)** Former Part -Time Professor, D.S.T.A.

**နိုင်ငံတော်အကြီးအကဲက ယနေ့ မြန်မာနိုင်ငံတွင် လျှပ်စစ်ယာဉ် EV (Electric Vehicle) များသုံးစွဲနိုင်ရေး ကြိုးပမ်းကြရန်တိုက်တွန်းရခြင်းသည် အောက်ဖော်ပြပါ အကြောင်းများကြောင့်ဆိုလျှင် မမှားနိုင်ပေ။**




### ပြုပြင်ထိန်းသိမ်းရန်လွယ်ကူ

လျှပ်စစ်ယာဉ် EV (Electric Vehicle) များ သုံးစွဲခြင်းဖြင့် လောင်စာဆီ ပြည်ပမှ ဝယ်ယူတင်သွင်းနေရသည့် နိုင်ငံခြားငွေသုံးစွဲရမှု လျော့နည်းပပျောက်စေခြင်း၊ လောင်စာဆီသုံးယာဉ်များ ICE (Internal Combustion Engine) Vehicle ၏ မောင်းနှင်အသုံးပြုနိုင်ရန် အင်အားဖြစ်ပေါ်ရေးအတွက် လောင်ကျွမ်းမှုမှ ထွက်ပေါ်လာသော အဆိပ်ဓာတ်ငွေ့ ကာဗွန်ဒိုင်အောက်ဆိုက်ကြောင့် လူ၊ သတ္တဝါများနှင့် သစ်ပင်များ ထိခိုက်ပျက်စီးသေကျေကြရမှု လွတ်ကင်းစေခြင်း၊ EV ယာဉ်များသွားလာရာတွင် ICE ယာဉ်များကဲ့သို့ ဆူညံသံမဖြစ်ပေါ်စေခြင်းနှင့် မောင်းနှင်ရန် လိုအပ်သည့်စွမ်းအင်ရရှိစေဖို့ စုဖွဲ့တည်ဆောက်ထားသည့် ပစ္စည်းအစိတ်အပိုင်းအုပ်စု ပါဝင်မှုနည်းပါးပြီး လွယ်ကူရှင်းလင်းပေါ့ပါးသည့်အတွက် ICE ယာဉ်များကဲ့သို့ ရှုပ်ထွေးများပြား လေးလံသည့် အင်ဂျင်အုပ်စု စုဖွဲ့တည်ဆောက်ထားသည့်အစိတ်အပိုင်းများထက် EV ယာဉ်များ တည်ဆောက်မှုတွင် Induction Motor & Inverter စသော နည်းပါးသည့် အစိတ်အပိုင်းများဖြင့်သာ ပေါ့ပါးစွာ စုဖွဲ့တည်ဆောက်ထားသဖြင့် ပျက်စီးချွတ်ယွင်းနိုင်မှုနည်းပါး၍ ပြုပြင်ထိန်းသိမ်းရန် လွယ်ကူသောကြောင့် ယာဉ်ပြုပြင်ထိန်းသိမ်းစရိတ် များစွာလျော့နည်းစေပါသည်။

### အလေးချိန်နှင့် စွမ်းအားပေးနိုင်

EV ယာဉ်နှင့် ICE ယာဉ်တို့၏ အလေးချိန်နှင့် စွမ်းအားပေးနိုင်မှုအချိုး နှိုင်းယှဉ်ရာတွင် EV ယာဉ်မှာ (8.5 kW/ kg) စွမ်းအားရရှိပြီး ICE ယာဉ်မှာ (0.8 kW/kg) သာ စွမ်းအားရရှိသည့်အတွက် မောင်းနှင်ကုန်ကျစရိတ်မှာ EV ($0.03/mile) ဖြစ်ပြီး ICE Vehicle ($0.1/mile) ဖြစ်သဖြင့် အကွာအဝေးများများမောင်းလေ EV ယာဉ်ဖြင့် သွားလာစရိတ်ကုန်ကျမှုသည် ICE ယာဉ် အသုံးပြုကုန်ကျစရိတ်ထက် များစွာသက်သာကြောင်း နိုင်ငံတကာတွင် စမ်းသပ်တွေ့ရှိထားသည့်အတွက် EV ယာဉ်များကို သုံးစွဲကြည့်ရန် အလေးထားစဉ်းစားနိုင်ရန် ရှင်းလင်းတင်ပြခြင်း ဖြစ်ပါသည်။

EV ယာဉ်သည် ICE ယာဉ်ထက် ပေါ့ပါးပြီး ကမ္ဘာမြေ၏ ဗဟိုချက်သို့ ဆွဲငင်သည့်အား CG (Center of Gravity) မှာ မြေပြင်နှင့် ပိုမိုနီးကပ်သဖြင့် အရှိန်ဖြင့်ကွေ့ရာတွင် တိမ်းမှောက်နိုင်မှုကို ကာကွယ်နိုင်ခြင်း၊ အရှိန်ဖြင့် မောင်းနှင်သွားလာရာတွင်လည်း တော်ရုံတန်ရုံတိမ်းမှောက်မှု မရှိခြင်း၊ ကားဘီးများ ပွန်းစားမှုလျော့နည်းစေမှုကြောင့် ကားဘီးသက်တမ်း ကြာရှည်ခံသဖြင့် ကုန်ကျစရိတ် လျော့နည်းစေခြင်းတို့ကလည်း EV ယာဉ်၏ အားသာချက်များ ဖြစ်ပါသည်။

### ကုန်ကျစရိတ် များစွာသက်သာ

ဈေးကြီးသည့် နိုင်ငံခြားဖြစ် စက်သုံးဆီအပြင် အင်ဂျင်ဝိုင်အစရှိသည့် အစိတ်အပိုင်းအုပ်စုများ လည်ပတ်ဖို့ ထည့်ပေးရသော ချောဆီများကို EV ယာဉ်များ မောင်းနှင်အသုံးပြုရာတွင် မလိုအပ်တော့သဖြင့် ကုန်ကျစရိတ် များစွာသက်သာစေပါသည်။

EV ယာဉ်များ၏ အဓိကစွမ်းအားဖြည့်ပေးရသည့် ဘက်ထရီ Li-ion မှာ ဈေးမြင့်နေသော်လည်း နည်းပညာတိုးတက်လာသည်နှင့် ဈေးလျော့ကျပြီး အရည်အသွေးတိုးမြင့်လာသည့် Li-Fe Battery, LiFePO4 Battery, IronGraphite Foils Battery စသည်စသည်ဖြင့် တိုးတက်ပြောင်းလဲသုံးစွဲနိုင်ရန်လည်း ပညာရှင်များက ကြိုးပမ်းတီထွင်ပေးလျက်ရှိသည့်အတွက် များမကြာမီ ခေတ်ကာလတွင် EV ယာဉ်များသုံးစွဲမှုမှာ အံ့မခန်းတိုးတက်လာမည် ဖြစ်ပါသည်။ ထို့ပြင် ၂၀၂၁ ခုနှစ် ဒုတိယလေးလပတ်မှစပြီး BYD မှ EV ကားများအတွက် အဆင့်မြင့်တီထွင်ထားသည့် BYD New Blade Battery များကို ကျယ်ပြန့်စွာ ထုတ်လုပ်ရောင်းချသွားမည့်အကြောင်း သိရှိရပါသည်။

### ဈေးနှုန်းအစားစားရှိ

၂၀၂၀ ပြည့်နှစ်တွင် SAIC နှင့် US car giant General Motors (GM) တို့ Joint Venture ထုတ်လုပ်သည့် Mini EV ကားများသည် USD 4,100– USD 5,600 ခန့်ဈေးနှုန်းများမှ အစပြု၍ အခြားအဆင့်မြင့် EV ကားများမှာ အမျိုးအစားအလိုက် ဈေးနှုန်းအစားစား ရှိကြပါသည်။

### ဈေးနှုန်းသက်သာစွာထုတ်လုပ်

နာမည်ကြီး ကားကုမ္ပဏီများမှ ထုတ်လုပ်သော ကားများထက် BYD တရုတ်ပိုင် ကားကုမ္ပဏီနှင့် ၎င်းနာမည်ကြီး ကားကုမ္ပဏီများဖြစ်သော Tesla, GM, Ford, Chavolet, Mercedes, Volkswagen, Hyundai, Toyota, Renault, etc တို့နှင့် Joint Venture ပြုလုပ်ပြီး Integrated High Technology ဖြင့် ယခင်ထက် ဈေးနှုန်းသက်သာစွာ ထုတ်လုပ်ဖြန့်ဖြူးလာနိုင်ပြီဖြစ်ပါသည်။

ကျွန်တော့်လို EV ယာဉ်များအကြောင်း ဗဟုသုတရသူများ၊ EV ကားများကို ပိုင်ဆိုင်မောင်းနှင်ချင်သူများ အများအပြား ရှိလာနိုင်မည်ဖြစ်သော်လည်း ချက်ချင်းငွေပေးချေ (Cash Down) ဝယ်ယူနိုင်ရန် အခက်အခဲရှိကြပါလိမ့်မည်။ လောင်စာဆီသုံး အင်ဂျင်ကားများထက် EV လျှပ်စစ်ကားများကို သက်သာသော ဈေးနှုန်းဖြင့် အများပြည်သူ ဝယ်ယူခွင့်ရရှိအောင် သက်ဆိုင်ရာက မူဝါဒချမှတ်ပေးခြင်း၊ သုံးစွဲသူတို့ အဆင်ပြေချောမွေ့မှုရှိစေရန် အချိန်တိုအတွင်း Charging ဖြည့်သွင်းနိုင်သော Fast Charging System များ၊ Servicing များကိုလည်း သက်ဆိုင်ရာဌာနများနှင့် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံလိုသူ လုပ်ငန်းရှင်များ ပူးပေါင်းကာ ပေါင်းစပ် စီမံဖြည့်ဆည်းပေးခြင်း၊ အစိုးရဌာနများနှင့် အဖွဲ့အစည်းများရှိဝန်ထမ်းများ ကျယ်ပြန့်စွာ သုံးစွဲနိုင်ကြရန်အတွက် Down payment and Installment ပေါင်းစပ်ရောင်းချပေးနိုင်ခြင်း စသည့် အစီအစဉ်များကို စီမံပေးနိုင်ပါလျှင် မြန်မာပြည်သူများ ခေတ်မီအဆင့်မြင့်စွာဖြင့် EV ယာဉ်များ တစ်စတစ်စ သုံးစွဲလာသူ တိုးပွားလာမည်ကို မျှော်တွေးမိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**“EV ယာဉ်သည် ICE ယာဉ်ထက်ပေါ့ပါးပြီး ကမ္ဘာမြေ၏ဗဟိုချက်သို့ ဆွဲငင်သည့်အား CG (Center of Gravity) မှာ မြေပြင်နှင့် ပိုမိုနီးကပ်သဖြင့် အရှိန်ဖြင့်ကွေ့ရာတွင် တိမ်းမှောက်နိုင်မှုကို ကာကွယ်နိုင်ခြင်း၊ အရှိန်ဖြင့် မောင်းနှင်သွားလာရာတွင်လည်း တော်ရုံတန်ရုံ တိမ်းမှောက်မှုမရှိခြင်း၊ ကားဘီးများပွန်းစားမှုလျော့နည်းစေမှုကြောင့် ကားဘီးသက်တမ်း ကြာရှည်ခံသဖြင့် ကုန်ကျစရိတ်လျော့နည်းစေခြင်းတို့ကလည်း EV ယာဉ်၏ အားသာချက်များဖြစ်”**









# အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန် ပြည်တွင်း၊ ပြည်ပရှိ ထောက်ခံအားပေးသူများထံမှ ငွေကြေးရယူပြီး ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများပြုလုပ်သည့် တရားခံများကို လက်ပစ်ဗုံး၊ လက်လုပ်မိုင်း၊ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

## အကြမ်းဖက်မှုဆောင်ရွက်နေသူနှင့် ဆက်စပ်တရားခံများ ဖမ်းဆီးရမိရေးအတွက် သက်ဆိုင်ရာသို့ သတင်းပေးတိုင်ကြားနိုင်

**နေပြည်တော် စက်တင်ဘာ ၂၄**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်း ဖောက်ခွဲဖျက်ဆီးရေးနှင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် **ဟိန်းကျော်လွင်** အပါ တရားခံကျား ရှစ်ဦး၊ မ တစ်ဦး၊ ပေါင်း ကိုးဦးတို့ကို ပစ္စတိုတစ်လက်၊ ကျည်မျိုးစုံ ၅၈ တောင့်၊ C4 ယမ်းမှုန့် ၅၀ သားနှင့် အခြားဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် ဖြစ်စဉ်အား ဩဂုတ် ၂၈ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

### ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

ဖမ်းဆီးရမိတရားခံ ဟိန်းကျော်လွင်၏ ထွက်ဆိုချက်အရ ဩဂုတ် ၃၁ ရက်တွင် ရန်ကုန်-မန္တလေးအမြန်လမ်း၊ (၀) မိုင်တိုင်အနီး၌ **စည်သူ(ခ)စည်သူဟိန်း** ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၇)ရပ်ကွက် ပြည်ထောင်စုလမ်းပေါ်ရှိ YGN KTV တွင် **အောင်ကျော်ကျော်** ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။ အောင်ကျော်ကျော်၏ ထွက်ဆိုချက်အရ သာကေတမြို့နယ် (၁၂)ရပ်ကွက်ရှိ "ဖိုးစည်" ဂက်စ်မီးဖိုနှင့် ဂက်စ်အိုးရောင်း/ဝယ်ရေးဆိုင်၌ ပစ္စတို တစ်လက်၊ ခြောက်လုံးပြူး သေနတ် တစ်လက်၊ ကျည်မျိုးစုံ ၁၂၉ တောင့်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

### လက်လုပ်သေနတ်နှင့် လက်လုပ်မိုင်း ဖမ်းဆီးရမိ

ဖမ်းဆီးရမိတရားခံ အောင်ကျော်ကျော်၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၉ ရက်တွင် ၎င်းထံမှ ကျည်ဆန်များ ဝယ်ယူလိုသည့် ဆက်စပ်တရားခံများ ဖြစ်သော **ချစ်ကိုကို (ခ)နဂါး၊ မျိုးဇင်အောင်(ခ)ကိုမျိုး** နှင့် **အောင်မြတ်မိုး(ခ)ကိုအောင်** တို့ကို ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၆၀)ရပ်ကွက် ဧရာဝဏ်လမ်းတွင် လက်လုပ်သေနတ် နှစ်လက်၊ ၉ မမ ကျည် ၂၃ တောင့်၊ လက်လုပ်မိုင်း တစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

### လက်လုပ်သေနတ်၊ လက်ပစ်ဗုံး၊ စိတ်ကြွမူးယစ်ဆေးနှင့် ဖမ်းမိ

ဖမ်းဆီးရမိတရားခံ ချစ်ကိုကို၏ ထွက်ဆိုချက်အရ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၆၄) ရပ်ကွက် စက်မှုဇုန်(၂) အင်းယားလမ်း အမှတ်(၁၇၈)တွင် **ကျော်မင်းဦး (ခ)သားကြီး** ကို လက်လုပ်သေနတ်အရှည် သုံးလက်၊ လက်လုပ်သေနတ်အတို ရှစ်လက်၊ လက်လုပ်မိုင်း အလုံး ၂၀၊ လက်လုပ်မိုင်းပြုလုပ်ရာတွင် အသုံးပြုသောပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၂၈) ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၃၁၆/ဘီ)၌ ဇနီးဖြစ်သူ **သဇင်** ကို လက်လုပ်သေနတ်အရှည် တစ်လက်၊ လက်လုပ်သေနတ်အတို သုံးလက်၊ ကျည်မျိုးစုံ ၈၂ တောင့်၊ လက်ပစ်ဗုံး တစ်လုံး၊ လက်လုပ်မိုင်း နှစ်လုံး၊ Ice ၁၂၅ ဂရမ်၊ WY စာတန်းပါ စိတ်ကြွမူးယစ်ဆေးဝါး ၇၅၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖြစ်စဉ်မှ ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၁၁ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် ဥက္ကာရပ်ကွက် D-day လက်ဖက်ရည်ဆိုင်၌ **အာကာဟိန်း(ခ)ကိုစော** နှင့် **နှင်းဇာခြည်သော် (ခ)မရှင်း** တို့နှစ်ဦးကို ရီမုမိုင်း တစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

### လက်လုပ်မိုင်း ၁၃ လုံးနှင့် ပစ္စတိုတစ်လက် ဖမ်းဆီးရမိ

အာကာဟိန်း(ခ) ကိုစော ၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၁၂ ရက်တွင် မရမ်းကုန်းမြို့နယ် မုဒိတာ(၁) အမှတ်(ဘီ/၅၈၀)အား ဝင်ရောက်ရှာဖွေခဲ့ရာ **ခန့်ဇော်လတ်** ကို Luger ကျည် ရှစ်တောင့်၊ ကျည်အိမ် တစ်ခုနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ခန့်ဇော်လတ်၏ ထွက်ဆိုချက်အရ မရမ်းကုန်းမြို့နယ် မုဒိတာ(၁) အမှတ်(ဘီ/၇၂၂) ကို ရှာဖွေခဲ့ရာ Air Soft Gun လေးလက်၊ လက်လုပ်သေနတ်အတို တစ်လက်၊ ကျည်ခြောက်တောင့်၊ လက်လုပ်မိုင်း ၁၃ လုံး၊ ဒူးလေး တစ်လက်၊ ချိန်ကိုက်မိုင်းပြုလုပ်ရန် တပ်ဆင်ပြီး Keypad ဖုန်း လေးလုံး၊ လျှပ်စစ်စနက်တံ ၁၂ ခုနှင့် အခြားခုခံပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မရမ်းကုန်းမြို့နယ် ဘောဂသိဒ္ဓိလမ်း (၂)ရပ်ကွက်အား ထပ်မံသွားရောက်ရှာဖွေခဲ့ရာ **ဝသုန်စံ** ကို အီတလီနိုင်ငံထုတ် SIGSAUER ပစ္စတို တစ်လက်၊ ၉ မမကျည် ၁၀ တောင့်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဝသုန်စံ၏ ထွက်ဆိုချက်အရ မရမ်းကုန်းမြို့နယ် ဇေယျာသုခလမ်း ၅ လွှာ/A အမှတ်(၂၂)၌ ဆက်စပ်တရားခံ **အောင်မြတ်(ခ) နော်ရိန်၊ ကျော်ရဲဝင်း၊ ဟိန်းထက်** တို့ကို ဖမ်းဆီးရမိခဲ့သည်။

### လက်နက်/ခဲယမ်း သယ်ယူပို့ဆောင်ပေးသူ ဖမ်းမိ


တရားခံ ဟိန်းထက်၏ထွက်ဆိုချက်အရ စက်တင်ဘာ ၂၀ ရက်တွင် မရမ်းကုန်းမြို့နယ် တော်ဝင်လမ်း၌ လက်နက်/ခဲယမ်း သယ်ယူပို့ဆောင်ပေးသူ **ဘိုဘိုသိန်း** ကို ၉ မမ ကျည် ၁၄၉ တောင့်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အထက်ပါ ဖြစ်စဉ်များတွင် တရားခံ ကျား ၁၄ ဦး၊ မ နှစ်ဦး၊ **ပေါင်း ၁၆ ဦး** ဖမ်းဆီးရမိခဲ့ပြီး ၉ မမ ပစ္စတိုတစ်လက်၊ ခြောက်လုံးပြူး တစ်လက်၊ Air Soft Gun လေးလက်၊ လက်လုပ်သေနတ်အတို ၁၄ လက်၊ လက်လုပ်သေနတ်အရှည် လေးလက်၊ ဒူးလေး တစ်လက်၊ လျှပ်စစ်စနက်တံ ၁၂ ခု၊ ကျည်မျိုးစုံ ၂၇၈ တောင့်၊ လက်ပစ်ဗုံး တစ်လုံး၊ လက်လုပ်မိုင်း ၃၆ လုံး၊ ချိန်ကိုက်မိုင်းပြုလုပ်ရန် တပ်ဆင်ပြီး Keypad ဖုန်းလေးလုံး၊ Ice ၁၂၅ ဂရမ်၊ WY စာတန်းပါ စိတ်ကြွမူးယစ်ဆေးဝါး ၇၅၀၀ နှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

### တောတွင်း၌ ဖောက်ခွဲရေး သင်တန်း တက်ရောက်ခဲ့

ဖမ်းဆီးရမိတရားခံများ အနက်မှ **ဝသုန်စံ၊ ခန့်ဇော်လတ်၊ ကျော်ရဲဝင်း၊ ကိုပီး(ခ) ငြိမ်းချမ်း (ဖမ်းဆီးရန်ကျန်)၊ ကိုတေး၊ စိုင်းချစ်ဖ** တို့ခြောက်ဦးသည် ဧပြီ ၂၃ ရက်မှ မေလ ၂၂ ရက်အထိ ပင်လုံမြို့ အနောက်မြောက်ဘက် တောအတွင်း၌ RCSS တပ်မဟာ(၇၀၇) အဖွဲ့ဝင်များမှ ဖွင့်လှစ်သော ဖောက်ခွဲရေးသင်တန်း တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။ *စာမျက်နှာ ၁၂ သို့*

ရန်ကုန်မြို့အတွင်း ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများနှင့် အကြမ်းဖက်သတ်ဖြတ်မှုများ ဆောင်ရွက်ခဲ့သည့် တရားခံများ ဖမ်းဆီးရမိမှု



*စာမျက်နှာ ၁၁ မှ*

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၆ ရက်တွင် အာကာဟိန်းနှင့် **ဝေမိုးနိုင် (ဖမ်းဆီးရန်ကျန်)** တို့သည် မြောက်ဥက္ကလာပမြို့နယ် သုနန္ဒာ မီးပွိုင့်၌ လက်လုပ်ချိန်ကိုက်ဗုံး သုံးလုံး ဖောက်ခွဲခဲ့ကြောင်း၊ စက်တင်ဘာ ၇ ရက်တွင် ခန့်ဇော်လတ်၊ ဝသုန်စံ၊ အောင်မြတ်၊ ဟိန်းထက်၊ **ကိုပီး (ခ) ငြိမ်းချမ်း (ဖမ်းဆီးရန်ကျန်)** တို့သည် မြောက်ဥက္ကလာပမြို့နယ် ခုံးကျော်တံတားအောက်၌ လက်လုပ်မိုင်း တစ်လုံး ဖောက်ခွဲခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

## ဖောက်ခွဲရေးသင်ခန်းစာများ သင်ကြားပေး

ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် Yangon Revolution Brother–hood (YRB) – ရန်ကုန်တော်လှန်ရေးညီအစ်ကိုများအဖွဲ့ကို ဇွန်လ ဒုတိယအပတ်တွင် **ခန့်ဇော်လတ်၊ ကိုပီး(ခ) ငြိမ်းချမ်း (ဖမ်းဆီးရန်ကျန်)၊ ဝသုန်စံ၊ ကျော်ရဲဝင်း၊ အောင်မြတ်၊ ထက်သူရ (ဖမ်းဆီးရန်ကျန်)၊ စောမင်းရှိန် (ဖမ်းဆီးရန်ကျန်)** တို့နှင့် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ **YRB** အဖွဲ့မှ ဇူလိုင်လ ပထမအပတ်တွင် မရမ်းကုန်းမြို့နယ် မုဒိတာအိမ်ရာ တိုက်(ဘီ) အခန်း(၇၂)၌ မင်္ဂလာဒုံ(PDF) အဖွဲ့ဝင် ၁၀ ဦးခန့်အား ဖောက်ခွဲရေးသင်ခန်းစာများ သင်ကြားပေးခဲ့ကြောင်း သိရှိရသည်။

## အကြမ်းဖက်အဖွဲ့များအား ထောက်ခံသူများထံမှငွေကြေးယူ

အထက်ပါ ဖမ်းဆီးရမိတရားခံများကို ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး NLD ပါတီမှ ဖြိုးဇေယျာသော် (၂၀၁၅ ခုနှစ်၊ ဇမ္ဗူသီရိမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း)နှင့် NLD ပါတီမှ မြတ်မင်းသူ (၂၀၁၅ ခုနှစ်၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် မဲဆန္ဒနယ်၊ အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဟောင်း) တို့မှ စေခိုင်းခြင်းဖြစ်ပြီး ၎င်းတို့အနေဖြင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ပြည်တွင်း/ ပြည်ပရှိ အကြမ်းဖက်အဖွဲ့များအား ထောက်ခံအားပေးသူများထံမှ ငွေကြေးရယူပြီး ရရှိငွေများအား ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများနှင့် မူးယစ်ဆေးဝါးများဝယ်ယူရာတွင် သုံးစွဲခဲ့ကြောင်း၊ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ လုပ်ဆောင်ရန် မူးယစ်ဆေးဝါးများ သုံးစွဲကာ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။



စက်တင်ဘာ ၉ ရက်က ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တို့တွင် ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



မရမ်းကုန်းမြို့နယ် မုဒိတာ(၁) အမှတ်(ဘီ/၇၂)တွင် ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းများကို တွေ့ရစဉ်။

## အမြန်ဆုံး ဖမ်းဆီးရမိရေး သတင်းပေးတိုင်ကြားနိုင်

အထက်ပါ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှု ဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများကို အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံ အသိပေးထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာရှဖလား ယူ-၂၃ ခြေစစ်ပွဲတွင် မြန်မာအမျိုးသမီးအသင်းပါဝင်သော အုပ်စု (I)ပွဲစဉ်များကို ကာဂျစ္စတန်နိုင်ငံ၌ကျင်းပရန် ဆုံးဖြတ်

**ရန်ကုန် စက်တင်ဘာ ၂၄**

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲမှ မြန်မာအသင်းပါဝင်သော အုပ်စု (I) ပွဲစဉ်များကို ကာဂျစ္စတန်နိုင်ငံ၌ ကျင်းပရန် ဆုံးဖြတ်ခဲ့သည်။ ယင်းအုပ်စုကို ယခင်က တရုတ်(တိုင်ပေ)တွင် ကျင်းပရန် စီစဉ်ထားသော်လည်း ပြန်လည်နုတ်ထွက်ခဲ့သဖြင့် အိမ်ရှင်နိုင်ငံအသစ် ပြန်လည်ရွေးချယ်ခဲ့ရခြင်းဖြစ်သည်။

ယင်းအုပ်စု (I) တွင် ဗီယက်နမ်၊ မြန်မာ၊ တရုတ်(တိုင်ပေ)အသင်းတို့ ပါဝင်ပြီး မြန်မာအသင်းမှာမူ အုပ်စုမဲခွဲပွဲမတိုင်မီကတည်းက အိမ်ရှင်နိုင်ငံအဖြစ် လျှောက်ထားခြင်းမရှိသလို တရုတ်(တိုင်ပေ) အိမ်ရှင်အဖြစ်မှ ပြန်လည်နုတ်ထွက်ပြီးနောက်ပိုင်း ဗီယက်နမ်နိုင်ငံကလည်း ကျင်းပရန် အဆင်မပြေသဖြင့် အာရှဘောလုံးအဖွဲ့ချုပ်သည် ကြားနိုင်ငံဖြစ်သည့် ကာဂျစ္စတန်နိုင်ငံ၌ ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အိမ်ရှင်နိုင်ငံ အပြောင်းအလဲကြောင့် အုပ်စု (I) ပွဲစဉ်များ ကျင်းပမည့်ကာလလည်း ပြောင်းလဲခဲ့ပြီး အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ပြောင်းလဲကျင်းပမည်ဖြစ်သည်။ ယခင်က အောက်တိုဘာ ၂၅ ရက်မှ ၃၁ ရက်အထိ ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်က အသစ်ထုတ်ပြန်လိုက်သည့် ပွဲစဉ်အရ အောက်တိုဘာ ၂၇ ရက်တွင် ဗီယက်နမ်နှင့် တရုတ်(တိုင်ပေ)အသင်း၊ အောက်တိုဘာ ၃၀ ရက်တွင် မြန်မာနှင့် တရုတ်(တိုင်ပေ)အသင်း၊ နိုဝင်ဘာ ၂ ရက်တွင် မြန်မာနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်း ယှဉ်ပြိုင်ရမည့် အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စု (D) ပွဲစဉ်ကိုလည်း ကာဂျစ္စတန်နိုင်ငံ၌ ကျင်းပမည်ဖြစ်ရာ မြန်မာ ယူ-၂၃ အသင်းရော အမျိုးသမီးလက်ရွေးစင်အသင်းပါ ခြေစစ်ပွဲနှစ်ခုစလုံးကို ကာဂျစ္စတန်နိုင်ငံ၌ ယှဉ်ပြိုင်ရခြင်းဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းသည် ယင်းခြေစစ်ပွဲအတွက် ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ပြီး နည်းပြချုပ်အဖြစ် ပိုပေါ့ဗ်က ကိုင်တွယ်နေသည်။ မြန်မာ ယူ-၂၃ အသင်းသည် ယခုပြိုင်ပွဲတွင် တစ်ကျော့ပြန်ခြေစစ်ပွဲ အောင်မြင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

**ရဲရင့်လွင်**

# သံတွဲခရိုင်အတွက်လှူဒါန်းသည့် Vitamin D-3 ဆေးရည်များ သတ်မှတ်ကျေးရွာများတွင် စတင်တိုက်ကျွေး

**သံတွဲ စက်တင်ဘာ ၂၄**

မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များဆိုင်ရာအသင်းချုပ် (ရန်ကုန်မြို့) မှ ရခိုင်ပြည်နယ် သံတွဲခရိုင်အတွင်းရှိ သက်ကြီးရွယ်အိုများ ကိုယ်ခံအားကောင်းမွန်ကာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအား ကာကွယ်နိုင်ရေးအတွက် သောက်သုံးနိုင်ရန်လှူဒါန်းသည့် ကိုယ်ခံအားမြှင့်ဆေးရည် Vitamin D–3 များကို စက်တင်ဘာ ၂၃ ရက်က ငပလီမြို့ ပရဟိတလူမှုရေးအဖွဲ့မှ အလှူရှင်များကိုယ်စား သက်ဆိုင်ရာ ကျေးရွာတာဝန်ခံများသို့ ဖြန့်ဝေပေးသည်။

အဆိုပါ Vitamin D–3 ဆေးရည်များကို စက်တင်ဘာ ၂၄ ရက်မှစ၍ ပုဇွန်ဖြေကျေးရွာအုပ်စုရှိ လူဦးရေ ၆၀၀၀၊ ကြည့်/ ကျောက်ကြီးကျေးရွာများမှ လူဦးရေ ၃၀၀၀၊ ပေါက်တူး၊ မင်းပြင်၊ နွားခြံ၊ မြို့ကွင်း၊ မှူးချောင်းနှင့် ငပန်ကျေးရွာများရှိ သက်ကြီးရွယ်အို ၁၅၀၀၊ သဘာဝမိခင်များအဖွဲ့(သံတွဲ)မှ ဦးဆောင်၍ မြို့ပေါ်ရပ်ကွက်များရှိ သက်ကြီးရွယ်အို ၁၅၀၀ နှင့် ကျိန္တလီမြို့အတွင်းရှိ ကျေးရွာများမှ သက်ကြီးရွယ်အို ၈၅၀၀ တို့ သောက်သုံးနိုင်ရေးအတွက် တိုက်ကျွေးလျက်ရှိကြောင်း ငပလီမြို့ ပရဟိတလူမှုရေးအဖွဲ့ထံမှ သိရသည်။ **သန့်ဇင်(ပြန်/ဆက်)**

# မြဝတီမြို့ အမှတ်(၄)ရပ်ကွက် မြဝတီပဲလေ့စ်ဟိုတယ်၌ လက်နက်များ အရောင်းအဝယ်ပြုလုပ်သည့် တရားခံများ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်




**နေပြည်တော် စက်တင်ဘာ ၂၄**

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် မြဝတီပဲလေ့စ်ဟိုတယ်၌ လက်နက်များ အရောင်းအဝယ်ပြုလုပ်သည့် တရားခံများ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သော လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ဘားအံမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ဇော်မင်းအောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဂုဏ်ပြုခံလုံခြုံရေးတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က လုံခြုံရေးတပ်ဖွဲ့ဝင်များကို ချီးကျူးဂုဏ်ပြု အမှာစကားပြောကြားသည်။ ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပြည်နယ်ဝန်ကြီးချုပ်(ဝဲပုံ)နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေကျပ်သိန်း ၉၀ ကို ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးနှင့်ဆေးပစ္စည်းများ၊ ဆန်၊ ဆီများ၊ စားသောက်ကုန်များနှင့် အသား၊ ငါးများအား ဈေးနှုန်းမှန်ကန်စွာဖြင့် လက်လီလက်ကား ရောင်းချပေးသည့် အစီအစဉ်ကို တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၄**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေသည့် ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ ဆေးဝါးလိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရေး၊ ဆေးဝါးများ လွယ်လင့်တကူ ဝယ်ယူနိုင်ရေး အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စွာ ရရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ဒုတိယနေရာအဖြစ် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံ၌ အိမ်သုံးဆေးဝါးများ လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်းအစီအစဉ်ကို ယနေ့တွင် ဆက်လက်ဆောင်ရွက်ခဲ့ရာ ဆေးနှင့် ဆေးပစ္စည်း ဖြန့်ဖြူးရောင်းချသောကုမ္ပဏီ ၁၁ ခုမှ ငွေကျပ် တစ်သိန်းကျော်တန်ဖိုးရှိ အိမ်သုံးဆေးဝါး အမျိုးပေါင်း ၁၆၀ ကို ရောင်းချပေးခဲ့သည်။

အလားတူ ပထမအစီအစဉ်အဖြစ် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အလုံမြို့နယ် ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် အမှတ်(၁၀၄/၁၀၈) နေရာ၌လည်း ၃၀ ရက်နေ့အဖြစ် ဆက်လက်ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ငွေကျပ်ခြောက်သောင်းကျော်တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများ ရောင်းချနိုင်ခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်ကြီးများအသင်းတို့၏ စီစဉ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင်လည်း ရွေ့လျားဈေးကားဖြင့် ဆန်၊ ဆီများ၊ စားသောက်ကုန်များနှင့် အသား၊ ငါးများကို ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*


အဆိုပါလေယာဉ်မှာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပျံတက်ပြီး ၇ မိနစ်အကြာ အမြင့်ပေ ၄၁၀၀ အရောက်တွင် လေယာဉ်အလိုအလျောက် မောင်းနှင်သည့်စနစ် (Auto Pilot System) ချွတ်ယွင်းမှုဖြစ်ပွားသဖြင့် ခရီးစဉ်အား ဆက်လက်ပျံသန်းခြင်းမပြုဘဲ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ဆင်းသက်၍ လိုအပ်သောစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လေယာဉ်၏ ဘယ်ဘက် Pitot Tube အတွင်း သစ်ရွက်များ တွေ့ရှိခဲ့သဖြင့် ခရီးစဉ်ကို ATR-72-600 လေယာဉ်အမှတ်(XY-AMN) ဖြင့် ဆက်လက်ပျံသန်းနိုင်ရေးအတွက် မပျံသန်းမီ စစ်ဆေးခြင်း (Pre Departure Inspection) ဆောင်ရွက်ခဲ့ရာ ATR-72-600 လေယာဉ်အမှတ် (XY-AMN) တွင်လည်း လေယာဉ်၏ ဘယ်ဘက် Pitot Tube တွင်လည်း သစ်ရွက်များ ထည့်သွင်းထားကြောင်း ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရသည်။

### စုံစမ်းစစ်ဆေး

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်ပြီး သံသယရှိသူများကို လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ တရားခံ **သိန်းလင်းထိုက် (Line Maintenance Manager)**၊ (၃၈နှစ်)၏ ထွက်ဆိုချက်အရ ဖွန်လတွင် အဲကမ္ဘောဇလေကြောင်းလိုင်းမှ CDM ပြုလုပ်ပြီး ခင်ကျော် (UNRA) ထံတွင် အကြမ်းဖက်သင်တန်း တက်ရောက်ခဲ့သည့် ဖမ်းဆီးရန်ကျန် **နိုင်လင်းအောင်**က ဖုန်းဆက်၍ လေယာဉ်၏ Pitot Tube အတွင်းသို့ သစ်ရွက်များ ထည့်၍ လေယာဉ်ခရီးစဉ်များ ကမောက်ကမဖြစ်အောင် ဆောင်ရွက်ပေးရန် ပြောကြားခဲ့ကြောင်း၊ ၎င်းနောက် **နေမျိုးရှိန်း**နှင့် **ရာဇာဝင်းနိုင်**တို့ကို Pitot Tube အတွင်းသို့ သစ်ရွက်များထည့်မည့်ကိစ္စနှင့်ပတ်သက်၍ ပြန်လည်ပြောပြပြီး ယင်းတို့အနေဖြင့် မသိချင်ယောင်ဆောင်ပေးရန် ပြောကြားခဲ့ကြောင်း သိရှိရသည်။

ဖမ်းဆီးရမိတရားခံ **သိန်းလင်းထိုက်**၏ ထွက်ဆိုချက်အရ ဩဂုတ် ၅ ရက်တွင် အဲကမ္ဘောဇလေကြောင်းလိုင်းမှ **နန်ဆွင်းခိုင်(ခ)ခိုင်ပီး (B1 စက်ပြင်-၃ ရုံးတာဝန်)**နှင့်တွေ့ဆုံ၍ လေကြောင်းကုမ္ပဏီအပေါ် ခရီးသည်များက ယုံကြည်မှုကင်းမဲ့၍ နာမည်ပျက်စေရန်ရည်ရွယ်ပြီး လေယာဉ်များရှိ Pitot Tube အတွင်း သစ်ရွက်များထည့်ရန် ပြောကြားခဲ့ရာ **နန်ဆွင်းခိုင်(ခ) ခိုင်ပီး** က သဘောတူခဲ့သဖြင့် ဩဂုတ် ၇ ရက်တွင် တရားခံ **သိန်းလင်းထိုက်**က **နန်ဆွင်းခိုင်(ခ) ခိုင်ပီး**ကို ATR-72-600 လေယာဉ်အမှတ် (XY-

### Air KBZ လေကြောင်းလိုင်းမှ ATR-72-600 လေယာဉ် ၃ စီး၏ Pitot Tube များအတွင်း သစ်ရွက်များထည့်ခဲ့မှုနှင့် ပတ်သက်ဆက်နွှယ်မှုဇယား




AMP)၏ ညာဘက် Pitot Tube အတွင်းသို့ သစ်ရွက်များထည့်ရန်နှင့် **နိုင်ထက်အောင်**ကို ATR-72-600 လေယာဉ်အမှတ်(XY-AMN) နှင့် ATR-72-600 လေယာဉ်အမှတ် (XY-AMP)တို့၏ Pitot Tube အတွင်းသို့ သစ်ရွက်များထည့်ရန် ခိုင်းစေခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ဖမ်းဆီးရမိ တရားခံ **သိန်းလင်းထိုက်**အနေဖြင့် ဩဂုတ် ၈ ရက် ညနေ ၃ နာရီ ၃၅ မိနစ်တွင် ATR-72-600 လေယာဉ်အမှတ် (XY-AMO)၏ ဘယ်ဘက် Pitot Tube နှင့် လေယာဉ်အမှတ်(XY-AMP)၏ဘယ်ဘက် Pitot Tube အတွင်းသို့ သစ်ရွက်များ လိပ်၍ ကိုယ်တိုင်ထည့်ခဲ့သည့်အပြင် လေယာဉ်ဘီးမူလီနှင့် အင်ဂျင်ပါဝါလီဘာရှိ ဘိုးနပ်များအား လျှော့ထားရန် စီစဉ်ထားကြောင်း ဖော်ထုတ်သိရှိရသည်။

### အဖျက်အမှောင့်လုပ်ရပ်

ထိုကဲ့သို့ လေယာဉ်များ၏ Pitot Tube အတွင်းသို့ သစ်ရွက်များထည့်ခြင်းဖြင့် လေယာဉ် လေထဲတွင် ပျံသန်းနိုင်မည့် အနိမ့်ဆုံး အမြန်နှုန်းကိုမထိန်းနိုင်ဘဲ ပျက်ကျပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ပြီး လေယာဉ်နှင့် လေယာဉ်လိုက်ပါစီးနင်းသော အပြစ်မဲ့ခရီးသည်များအတွက် အလွန်အန္တရာယ်ကြီးမားသော အဖျက်အမှောင့်လုပ်ရပ်ဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်၍ ဖမ်းဆီးရမိတရားခံများကို တရားဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ပြီး ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အင်ဒို-ပစိဖိတ်မဟာမိတ်ခေါင်းဆောင်များ အိမ်ဖြူတော်တွင် လူချင်းတွေ့ဆုံအစည်းအဝေးပြုလုပ် ကွဒ်အစည်းအဝေးမှ ထွက်ပေါ်လာမည့် ရလဒ်များကို အာဆီယံအနီးကပ်စောင့်ကြည့်မည်

**ဝါရှင်တန် စက်တင်ဘာ ၂၄**

ဂျပန်၊ အမေရိကန်ပြည်ထောင်စု၊ ဩစတြေးလျနှင့် အိန္ဒိယခေါင်းဆောင်များသည် ကွဒ်မူဘောင်အရ ပထမဆုံးလူချင်းတွေ့ဆုံသည့် အစည်းအဝေးကို အိမ်ဖြူတော်တွင် စက်တင်ဘာ ၂၄ ရက်က ပြုလုပ်ခဲ့သည်။

၂၁ ရာစုစိန်ခေါ်မှုများအားလုံးသည် အင်ဒို-ပစိဖိတ်ဒေသကိုသာ ဗဟိုပြုထားကြောင်း အမေရိကန် အဆင့်မြင့်အစိုးရအရာရှိတစ်ဦးက ပြောခဲ့သည်။

ကွဒ်အစည်းအဝေးသည် အများသဘောတူ ဘုံတန်ဖိုးများကို မျှဝေနေသည့် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုလေးနက်စေရန် အရေးပါသော အစည်းအဝေးတစ်ခုဖြစ်သင့်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အမေရိကန်နှင့် တရုတ်နိုင်ငံအကြား ယှဉ်ပြိုင်မှုကြီးထွားလာခြင်းက အာဆီယံနိုင်ငံများအတွက် အခက်တွေ့စေမည့်အခြေအနေ ဖြစ်ပေါ်လာမည်ကို စိုးရိမ်သောကြောင့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)သည် ကွဒ်အစည်းအဝေးမှ ထွက်ပေါ်လာမည့်ရလဒ်များကို အနီးကပ်စောင့်ကြည့်လျက်ရှိသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အင်အားကြီးနှစ်နိုင်ငံအကြား သင့်မြတ်မှုကို လိုလားသလို အာဆီယံအသိုက်အဝန်းကို ထိန်းသိမ်းရင်း နှစ်နိုင်ငံလုံးနှင့် ခိုင်မာသော ဆက်ဆံရေးကိုလိုလားသည်။

အာရှတွင် တရုတ်နိုင်ငံ၏ စီးပွားရေးဆိုင်ရာ တည်ရှိမှု ကြီးထွားလာသောကြောင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများသည် တောင်တရုတ်ပင်လယ်အတွင်း တရုတ်နိုင်ငံ၏ဆောင်ရွက်ချက်များအပေါ် သတိချပ်လျက်ရှိသော်လည်း ထိပ်တိုက်တွေ့ဆုံမှုကို ရှောင်ရှားရန် ဆန္ဒရှိသည်။

တရုတ်နိုင်ငံသည် ထိုင်းနိုင်ငံနှင့် တခြားနိုင်ငံများသို့ ကိုဗစ်-၁၉ ကာကွယ်ဆေးများ သန်းချီထောက်ပံ့လျက်ရှိသည်။

အစောပိုင်းက ဩစတြေးလျ၊ အင်္ဂလန်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် အော့ကတ်ဟု ခေါ်သော ကာကွယ်ရေးသဘောတူညီချက်တစ်ရပ် ဖွဲ့စည်းရန်ကြေညာခဲ့သည်။ သို့သော်လည်း အာဆီယံနိုင်ငံများက စိုးရိမ်ကြောင်း ဖွင့်ဟခဲ့သည်။



အင်ဒို-ပစိဖိတ် မဟာမိတ်ကွဒ်ခေါင်းဆောင်များဖြစ်ကြသည့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၊ အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီ၊ ဩစတြေးလျဝန်ကြီးချုပ် စကော့မော်ရစ်ဆင်နှင့် ဂျပန်ဝန်ကြီးချုပ် ယိုရှီဟီဒဲဆူဂါ။

အာဆီယံနှစ်ပတ်လည် အစည်းအဝေးကို အောက်တိုဘာလတွင် ကျင်းပမည်ဖြစ်သည်။ တရုတ်နိုင်ငံ၏ လွှမ်းမိုးကြီးစိုးလာခြင်းနှင့် တရုတ်နှင့် အမေရိကန်နိုင်ငံတို့အကြား တင်းမာမှုများ မြင့်တက်လာခြင်းသည် ဆွေးနွေးပွဲကို လွှမ်းမိုးသွားမည့် အကြောင်းအရာများဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာသတင်းတိုများ

### အင်ဒိုနီးရှားနိုင်ငံ

အင်ဒိုနီးရှားနိုင်ငံ၌ စက်တင်ဘာ ၂၄ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၅၅၇ ဦး တိုးလာပြီး နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၂၀၄၁၁၆ ဦးအထိ ရှိလာခဲ့သည်။ ထို့အတူ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ၁၄၄ ဦး ထပ်မံသေဆုံးမှုနှင့်အတူ သေဆုံးသူပေါင်း ၁၄၁၂၅၈ ဦးအထိ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

### လက်ဘနွန်နိုင်ငံ

လက်ဘနွန်၌ ဖြစ်ပွားနေသော အကျပ်အတည်းများနှင့်ပတ်သက်ပြီး ကိုင်တွယ်နေသည့် လက်ဘနွန်အစိုးရသစ်ကို ကမ္ဘာ့ဘဏ်ထောက်ပံ့ပေးသွားမည်ဟု အရှေ့အလယ်ပိုင်းဆိုင်ရာ ကမ္ဘာ့ဘဏ်ညွှန်ကြားရေးမှူး ဆာရော့ဂျ်ကူးမားဂျာက ပြောသည်။

### ဂျပန်နိုင်ငံ

ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနိုင်သည့် အသက်အရွယ်ကို အငယ်ဆုံး ၁၆ နှစ်အထိ ခွင့်ပြုလိုက်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီး နိုဘူအိုကီရှိက ပြောသည်။

### ဂျာမန်နိုင်ငံ

ဂျာမန်ကားထုတ်လုပ်သူ ဘီအမ်ဒဗလျူသည် တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း လောင်နင်းပြည်နယ် မြို့တော် ရှန်ယန်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၇ ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့သည်။

# ခရီးသွားကဏ္ဍပြန်လည်ဖွင့်နိုင်ရေး ထိုင်းနိုင်ငံ၌ အပိုဆောင်းကာကွယ်ဆေးထိုးနှံမှုများစတင်

**ဘန်ကောက် စက်တင်ဘာ ၂၄**

ထိုင်းနိုင်ငံ၌ နိုင်ငံတစ်ဝန်း ခရီးသွားကဏ္ဍ ပြန်လည်ဖွင့်လှစ်သွားရန် ကြိုးစားသည့်အနေဖြင့် အပိုဆောင်းကာကွယ်ဆေးထိုးနှံမှုများကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် စက်တင်ဘာ ၂၄ ရက်က ဖော်ပြသည်။




ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူနေစဉ်။

ဆီနိုဗက် ကိုဗစ်-၁၉ ကာကွယ်ဆေး အထိုးခံထားသူသည် အက်စ်ထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို အထိုးခံနိုင်ကြောင်း ကျန်းမာရေး အရာရှိများက ပြောသည်။

ထိုင်းနိုင်ငံ၌ လူဦးရေသုံးသန်းကျော် ထိုးနှံနိုင်ပြီဖြစ်သည်။ အပိုဆောင်းကာကွယ်ဆေးထိုးနှံခြင်း၏ ရည်ရွယ်ချက်မှာ ခုခံအားမြှင့်တင်ရန်ဖြစ်ကြောင်း အရာရှိများက ပြောသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးပမာဏ တစ်သန်းကို ထိုးပေးခဲ့ခြင်းနှင့်အတူ အပိုဆောင်း ကာကွယ်ဆေးထိုးနှံမှုများကို စက်တင်ဘာ ၂၄ ရက်တွင် ဆောင်ရွက်ခဲ့ကြောင်း အစိုးရက ပြောသည်။

ထိုင်းနိုင်ငံသည် ပြည်ပခရီးသွားများကို ပြန်လည်လက်ခံရန်မျှော်လင့်ချက်ခိုင်မာလာပြီးနောက် ယခုလို အပိုဆောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံ၌ ၂၃ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပြီးပြီဖြစ်သည်။

ယခုနှစ်ကုန်တွင် ၇၀ ရာခိုင်နှုန်းအထိ ကာကွယ်ဆေး တိုးမြှင့်ထိုးပေးရန် ကျန်းမာရေးအရာရှိများက ရည်မှန်းထားသည်။

**အင်န်အိတ်ချ်ကေ**

# ကိုရီးယားစစ်ပွဲအဆုံးသတ်ရန် တောင်ကိုရီးယား၏တောင်းဆိုမှု ဆန္ဒစောလွန်းနေသေးဟု မြောက်ကိုရီးယားပြော

**ပြုံယမ်း စက်တင်ဘာ ၂၄**

ကိုရီးယားစစ်ပွဲ တရားဝင်အဆုံးသတ်ရန် တောင်ကိုရီးယား၏ ကြေညာပေးရန်တောင်းဆိုမှုသည် ဆန္ဒစောလွန်းနေသေးကြောင်းနှင့် ယင်းက မြောက်ကိုရီးယားအပေါ် ချမှတ်ထားသော အမေရိကန်၏ ပြင်းထန်သောမူဝါဒကို ဖြေလျှော့ပေးရာတွင်လည်း အာမခံချက်ပေးနိုင်မည် မဟုတ်ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင်မီဒီယာ ကေစီအင်န်အေက နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရီတေဆောင်၏ပြောကြားချက်ကို ကိုးကားပြီး စက်တင်ဘာ ၂၄ ရက်က ဖော်ပြသည်။

တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ပြောကြားသော မိန့်ခွန်းတွင် ကိုရီးယားစစ်ပွဲ အဆုံးသတ်ရန် တောင်းဆိုခဲ့ပြီးအမေရိကန်ပြည်ထောင်စုနှင့်အတူ ကိုရီးယားနှစ်နိုင်ငံ သို့မဟုတ် အမေရိကန်နှင့် တရုတ်က အဆိုပါကြေညာချက်ကို ဆောင်ရွက်ပေးရန် အဆိုပြုခဲ့သည်။

ငြိမ်းချမ်းရေးသဘောတူညီချက်ဟု ပြောရမည့်အစား အပစ်ရပ်စဲရေးသဘောတူညီချက်ဖြင့် အဆုံးသတ်ခဲ့သော ၁၉၅၀-၅၃ ပဋိပက္ခပြီးနောက် ကိုရီးယားနှစ်နိုင်ငံသည် လုပ်ထုံးလုပ်နည်းအရ စစ်ပွဲ ဆက်လက်ဖြစ်လျက်ရှိသေးသည်။



တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်း ကုလသမဂ္ဂညီလာခံတွင် မိန့်ခွန်းပြောကြားစဉ်။

မြောက်ကိုရီးယားနိုင်ငံနှင့် ပတ်သက်ပြီး ရပ်တည်ချက်မပြောင်းသရွေ့ အမေရိကန်တို့၏ ပြင်းထန်သောမူဝါဒ မရုပ်သိမ်းသရွေ့ နိုင်ငံရေးအခြေအနေမှာ ပြောင်းလဲမည်မဟုတ်ကြောင်း ရီက ပြောသည်။

ကိုရီးယားကျွန်းဆွယ် တည်ငြိမ်အေးချမ်းရေးအတွက် အမေရိကန်ပြည်ထောင်စု၏ ပြင်းထန်သောမူဝါဒကို ရုပ်သိမ်းရေးသည် ထိပ်တန်းဦးစားပေးကိစ္စဖြစ်ကြောင်း ၎င်းက ပြောသည်။

အမေရိကန်နှင့် ဆွေးနွေးခြင်းသည် ၎င်း၏ အကျိုးစီးပွားအတွက်ဖြစ်ကြောင်းကို ပြုံယမ်းအနေဖြင့် တဖြည်းဖြည်းနားလည်သဘောပေါက်မည်ဟု ယုံကြည်ကြောင်း၊ သို့သော်လည်း ၂၀၂၂ ခုနှစ်တွင် ကုန်ဆုံးမည့် မိမိ၏သမ္မတသက်တမ်းတွင် အကောင်အထည်ပေါ်လာဖို့ မကျိန်းသေသေးကြောင်း တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော ကိုဗစ်–၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ စက်တင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၂ ဒသမ ၁၆၀ သန်း ဖြစ်သည်။ စက်တင်ဘာ ၂၄ ရက်အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်သည်–

**ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA–013733 စာရင်း**

| | ငွေကျပ် |
|---|---|
| ၁၇–၉–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၂၄၆,၀၅၀,၈၄၀,၅၀၃.၉၁ |
| (+) ၂၀–၉–၂၀၂၁ မှ ၂၄–၉–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၂,၁၆၀,၀၀၀.၀၀ |
| ၂၄–၉–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၂၄၆,၀၅၃,၀၀၀,၅၀၃.၉၁ |

**ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၁၇–၉–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၈၃,၆၆၂,၃၄၉.၅၃ |
| (+) ၂၀–၉–၂၀၂၁ မှ ၂၄–၉–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | – |
| (–) ၂၀–၉–၂၀၂၁ ရက်နေ့ တရုတ်နိုင်ငံ Sinopharm ကုမ္ပဏီသို့ ပေးချေငွေ | ၁၃,၃၀၀,၀၀၀.၀၀ |
| ၂၄–၉–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၇၀,၃၆၂,၃၄၉.၅၃ |

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) OA 013733 သို့
အများပြည်သူများမှ လှူဒါန်းငွေစာရင်း
(၂၀-၉-၂၀၂၁ ရက်နေ့မှ ၂၄-၉-၂၀၂၁ ရက်နေ့ထိ)

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၂၀-၉-၂၀၂၁ | ၈၉၀,၀၀၀ |
| ၁ | ဗိုလ်ကြီးစိန်ဝင်းထွန်း(လှည်းကူးမြို့နယ်) | ၂၀၀,၀၀၀ |
| ၂ | ဒေါ်စံပယ်အောင်(ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၃ | ဒေါ်တင်တင်မြင့်(တာမွေမြို့နယ်) | ၃၀,၀၀၀ |
| ၄ | ဦးသုခ(ဝမ်းတွင်းမြို့နယ်) | ၅၀,၀၀၀ |
| ၅ | ဒေါ်ညွန့်ညွန့်စန်း(ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၆ | ဒေါ်မာလာသိန်း(အင်းစိန်မြို့နယ်) | ၁၀,၀၀၀ |
| ၇ | ဦးဇော်ဦး(ဒုတိယညွှန်ကြားရေးမှူး)၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ရန်ကုန်မြို့ | ၂၀၀,၀၀၀ |
| | | |
| | ၂၁-၉-၂၀၂၁ | ၇၇၀,၀၀၀ |
| ၁ | ဒေါ်ယဉ်ယဉ်ဦး(နေပြည်တော်) | ၅၀၀,၀၀၀ |
| ၂ | ဒေါ်နီနီအောင်(နေရပ်လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃ | ဗိုလ်ထွေး+ဒေါ်ရီ (နေရပ်လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၄ | ဦးအုန်းကျော်+ဒေါ်စောရီ(နေရပ်လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၅ | ဦးထွန်းအုန်းကြည်၊ဒေါ်ဘေဘီအုန်း၊ဒေါ်မိုး (နေရပ်လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၆ | ဒေါ်တင်တင်သော်(နေရပ်လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၇ | ဒေါ်ခင်ပြုံးရီ(နေရပ်လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| | | |
| | ၂၃-၉-၂၀၂၁ | ၃၅၀,၀၀၀ |
| ၁ | ဦးလှရီ+ဒေါ်မာမာအေး(နေပြည်တော်) | ၁၀၀,၀၀၀ |
| ၂ | ဦးဝင်းဇေယျာထွန်း+ဒေါ်နေရီရီလင်း(နေပြည်တော်) | ၁၀၀,၀၀၀ |
| ၃ | ဦးခင်မောင်ဆွေ(မိတ္ထီလာ) | ၁၅၀,၀၀၀ |
| | | |
| | ၂၄-၉-၂၀၂၁ | ၁၅၀,၀၀၀ |
| ၁ | ဒေါ်မြင့်မြင့်အောင်(နေပြည်တော်) | ၁၅၀,၀၀၀ |
| | | |
| | (၂၀-၉-၂၀၂၁ ရက်နေ့မှ ၂၄-၉-၂၀၂၁ ရက်နေ့ထိ) စုစုပေါင်း | ၂,၁၆၀,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်း ဖြစ်ပါသည်။
(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့် နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

## စက်တင်ဘာ ၂၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆၆၇ ဦးတွေ့ရှိ

### ထပ်မံသေဆုံးသူ ၇၀ ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၇၄၁၃ ဦး ရှိ

**(၂၄–၉–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၃–၉–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၄–၉–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၁၈,၄၆၃)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၆၆၇)ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါ ပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၉.၀၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၂၀၆,၆၆၅)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၄၅၅,၀၇၄) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၁၁၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၀၈,၂၉၂) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၇၀) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၇,၄၁၃) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၄–၉–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၁၂၃)ခု | (၁၁၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၈)ခု | (၁၅)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၄၂)ခု | (၃)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင်၁၀၀၀) | (၅၇၄)ခု | (၅၇)ဦး |
| လားရှိုးမြို့၊ အမှတ်(၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၁၃) ခု | (၂၃) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၅၁)ခု | (၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၄၄)ခု | (၁၁၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၅,၁၅၈)ခု | (၁,၃၃၁)ဦး |
| စုစုပေါင်း | (၁၈,၄၆၃)ခု | (၁,၆၆၇)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါပိုး ကူးစက်ခံထားရသူများအား စောစီးစွာ သိရှိကုသပေးနိုင်ရေးနှင့် ရောဂါကွင်းဆက်များကို ထိရောက်စွာ ဖြတ်တောက်နိုင်ရေးအတွက် ရောဂါရှာဖွေဖော်ထုတ်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်၍ ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ မိဘပြည်သူများတွင် ရုတ်တရက်ဖျားခြင်း၊ အနံ့အရသာပျောက်ခြင်း၊ အသက်ရှူရခက်ခဲခြင်းစသည့် ကိုဗစ်–၁၉ ရောဂါသံသယလက္ခဏာများခံစားရခြင်း (သို့မဟုတ်) ကိုဗစ်–၁၉ရောဂါ အတည်ပြုလူနာနှင့် လွန်ခဲ့သော(၁၄)ရက်အတွင်း နီးကပ်စွာ ထိတွေ့မိခဲ့ခြင်းရှိပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ အမြန်ဆုံးသတင်းပို့၍ ဓာတ်ခွဲစစ်ဆေးမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေး ကျင်းပ

**BOT စနစ်ဖြင့် ဘီလူးချောင်း(၃) ရေအားလျှပ်စစ်စက်ရုံတည်ဆောက်ပြီး ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရောင်းချလုပ်ငန်း ဆောင်ရွက်သော Future Energy Co.,Ltd ကို ကွင်းဆင်းဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြ**

**လွိုင်ကော် စက်တင်ဘာ ၂၄**

ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးအမှတ်စဉ်(၄/၂၀၂၁)ကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစိန်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေး အမှတ်စဉ် (၃/၂၀၂၁) ဆုံးဖြတ်ချက်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး ဒေါက်တာထွန်းထွန်းက ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူးက ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ရယူထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၅)ခုမှ လုပ်ငန်း ယာယီရပ်ဆိုင်းခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စ၊ ကိုဗစ်-၁၉ Fund မှ ချေးငွေရယူထားသည့် လုပ်ငန်းရှင်များနှင့် စတုတ္ထအကြိမ်တွေ့ဆုံဆွေးနွေးပွဲ ကျင်းပခဲ့မှုအခြေအနေများ၊ BOT စနစ်ဖြင့် ဘီလူးချောင်း(၃) ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းဆောင်ရွက်သော Future Energy Co.,Ltd ကို ကွင်းဆင်းဝန်ဆောင်မှုဆောင်ရွက်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်၊ ပြည်နယ်စီးပွားရေးရာဝန်ကြီးတို့က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**






# ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၁) ကြိမ်မြောက် အစည်းအဝေး ကျင်းပ

**ဘားအံ စက်တင်ဘာ ၂၄**

ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၁)ကြိမ်မြောက် အစည်းအဝေးကို စက်တင်ဘာ ၂၃ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းတိုးက Top Form(Myanmar)Co.Ltd ၏ ဘားအံစက်မှုဇုန်တွင် ဆောင်ရွက်မည့် CMP လုပ်ငန်းအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ခွင့်ပြုမိန့်လျှောက်ထားလွှာ တင်ပြထားခြင်းကို ခေတ္တဆိုင်းငံ့ခွင့်ပြုရန်နှင့် မြေငှားရမ်းစာချုပ်အချိန်မီ မှတ်ပုံတင်ရန်ကိစ္စ၊ ပြည်နယ်အတွင်း ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စိစစ်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်းများနှင့် ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ Standard Operation Procedure ကိုလည်းကောင်း၊ ပြည်နယ်အတွင်း ခွင့်ပြုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ လက်တလောအခြေအနေနှင့် ကိုဗစ်-၁၉ ချေးငွေဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် မွေးမြူရေးလုပ်ငန်းများ တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဘားအံစက်မှုဇုန်အနီး မွေးမြူရေးဇုန် ဖော်ထုတ်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ဇုန်ဖော်ထုတ်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

# စစ်တွေမြို့နယ်အတွင်းရှိ IDPs စခန်းများနှင့် ကျေးရွာများမှ ရေလုပ်သားများအား ကိုဗစ် ရောဂါပိုးရှိ မရှိ အခမဲ့စစ်ဆေးပေး

**စစ်တွေ စက်တင်ဘာ ၂၄**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာစခန်း (IDPs) များတွင် ခိုလှုံနေကြသည့် ပြည်သူများ၊ ကျေးရွာများတွင် နေထိုင်ကြသည့် ပြည်သူများ၊ ငါးဖမ်းစက်လှေပိုင်ရှင်များ၊ ငါးဖမ်းစက်လှေများတွင် လုပ်ဆောင်နေကြသည့် ရေလုပ်သားများအား ကိုဗစ် ရောဂါပိုးရှိမရှိ စစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဘုမေကျေးရွာအုပ်စု ဒါးပိုင်နယ်မြေ ရဲကင်းစခန်း၌ စစ်ဆေးလျက်ရှိသည်။

**အခမဲ့**

ထိုသို့ ကိုဗစ်ရောဂါပိုးစစ်ဆေးခြင်း ဆောင်ရွက်ရာတွင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ စစ်တွေတပ်နယ်မှ တပ်မတော် ဆေးဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့များက အခမဲ့စစ်ဆေးပေးခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါရှိမရှိ RTD Test Kit ဖြင့် စစ်ဆေးခြင်းဖြစ်ပြီး ယနေ့နံနက်ပိုင်းက လူဦးရေ ၁၂၅ ဦးကို စစ်ဆေးရာ ပိုးတွေ့ရှိမှုမရှိကြောင်း သိရသည်။

အလားတူ ကိုဗစ်ရောဂါပိုး ရှိမရှိ စစ်ဆေးခြင်းများကို စစ်တွေမြို့သို့ အမြန်ရေယာဉ်များဖြင့် ဝင်ရောက်လာသူများအား ရွှေပြည်တန် အမြန်ရေယာဉ်ဆိပ်ကမ်း၌ စစ်ဆေးလျက်ရှိပြီး စစ်တွေလေဆိပ်တွင် စစ်တွေမြို့မှ စစ်တွေ-သံတွဲ-ရန်ကုန်ခရီးစဉ်ဖြင့် လိုက်ပါမည့် ခရီးသည်များ၊ စစ်တွေ-ရန်ကုန် ခရီးစဉ်တွင် လိုက်ပါမည့် ခရီးသည်များနှင့် ရန်ကုန်-စစ်တွေ ခရီးစဉ်တွင် လိုက်ပါလာသော ခရီးသည်များအား ကိုဗစ်ရောဂါပိုး ရှိ မရှိ အခမဲ့စစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့စစ်ဆေးစဉ် ကိုဗစ်ရောဂါပိုး တွေ့ရှိသူများအား သက်ဆိုင်ရာဆေးရုံများသို့ပို့ဆောင်ပြီး ဆေးကုသပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**



စစ်တွေမြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာစခန်း (IDPs) များတွင် ခိုလှုံနေကြသည့် ပြည်သူများအား ကိုဗစ်ရောဂါပိုးရှိမရှိ စစ်ဆေးပေးစဉ်။



# မော်လမြိုင်မြို့ရှိ အောက်ဆီဂျင်စက်များ ထုတ်လုပ်လည်ပတ်နေမှုကို ကြည့်ရှု

**နေပြည်တော် စက်တင်ဘာ ၂၄**

ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဆီဂျင်လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ Oxygen Plant များကို တိုးမြှင့်တပ်ဆင်လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးတွင် Oxygen Plant များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိသည်။

ထိုသို့ တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းရှိ အောက်ဆီဂျင်စက်ရုံမှ အောက်ဆီဂျင်ထုတ်လုပ်နေမှုနှင့် တိုင်းစစ်ဌာနချုပ်မှ ဆောင်ရွက်ထားရှိသော ရွှေ့လျားအောက်ဆီဂျင် Plant မှ အောက်ဆီဂျင်ထုတ်လုပ်နေမှုကို အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီမှ ကလေးအလုပ်သမားအရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၄

**ကလေးအလုပ်သမားပပျောက်ရေးအတွက် နိုင်ငံတော်မှ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကိုဖွဲ့စည်းပြီး အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယင်းကော်မတီ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေး**

အခမ်းအနားတွင် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် ရည်မှန်းချက် ၃ ရပ်တွင် **“အန္တရာယ်ရှိသော အလုပ်နှင့် လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေရသည့် ကလေးအလုပ်သမားများအား ဖယ်ရှားပြီး သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိရေးနှင့် သက်မွေးပညာကျောင်းများ တက်ရောက်နိုင်ရေး စီမံဆောင်ရွက်ပေးရန်”** ဟူ၍ ပါဝင်ကြောင်းထည့်သွင်းပြောကြားပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီအနေဖြင့် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်၏ ပထမ ၅ နှစ် စီမံချက် (၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ) သတ်မှတ်ထားကြောင်း ထည့်သွင်းပြောကြားသည်။

စီမံချက်အတွင်းပါဝင်သည့် အရည်အသွေးရှိသည့် လုပ်သားအင်အားရရှိစေရန် “ကလေးသူငယ်လေ့ကျင့်ရေးသင်တန်းကျောင်းများသို့ပို့ဆောင်ပြီး သင်တန်းဆင်းများကို သင့်တော်သော အလုပ်အကိုင်ရရှိစေရေး ဆောင်ရွက်ပေးခြင်း၊ သက်ဆိုင်ရာလုပ်ငန်းများအတွက် ထိရောက်သင့်လျော်သော ဘတ်ဂျက်ငွေ တင်ပြအသုံးပြုခြင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းဈေးကွက်များ မြှင့်တင်ခြင်း၊ ဒေသထွက်ကုန်များကို တန်ဖိုးမြှင့်ပစ္စည်းထုတ်လုပ်နိုင်ရေး နည်းပညာထောက်ပံ့ပေးခြင်း၊ ဈေးကွက်နှင့် ချိတ်ဆက်ပေးခြင်း၊ အလုပ်အကိုင်ပေးလိုသောဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း”တို့ကို အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေးကော်မတီ တာဝန်ခံ၍ တာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်ကြောင်း လုပ်ငန်းကော်မတီဥက္ကဋ္ဌက ထည့်သွင်းပြောကြားသည်။

**စက်မှုလက်မှုလုပ်ငန်းများ ဖော်ဆောင်ပေးရန်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လင်းလာရေး လူသုံးကုန်ထုတ်လုပ်သည့် စက်မှုလက်မှုလုပ်ငန်းများ ဖန်တီးဖော်ဆောင်ပေးရန်နှင့် တိုင်းရင်းသားများ၏ SME လုပ်ငန်းများကို အားပေးမြှင့်တင်ရန် လမ်းညွှန်မှာကြားထားခဲ့ပြီး မြန်မာနိုင်ငံစီးပွားရေးပြန်လည်ဦးမော့စေရေးစီမံချက်(MERP) အရ ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင် နေထိုင်မှုပုံစံအသစ်အရ Online ပိုမိုသုံးစွဲလာပြီး Online Shopping များ ပိုမိုတွင်ကျယ်လာသဖြင့် အသေးစား/ အငယ်စား/ အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ထုတ်လုပ်မှုကဏ္ဍတွင် Digital စနစ်အသုံးပြု၍ အသွင်ကူးပြောင်းနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးရေး လုပ်ငန်းကော်မတီဝင်များက ခေတ်နှင့်အညီ အကောင်အထည်ဖော် လုပ်ဆောင်ရန်လည်း လိုအပ်ပါကြောင်း ဒုတိယဝန်ကြီး ဦးဝင်းရှိန်က အမှာစကားတွင် ထည့်သွင်းပြောကြား သည်။

**ကလေး အလုပ်သမားပပျောက်ရေးကိစ္စများ**

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ၂၀၁၈ ခုနှစ်တွင် အဖွဲ့ဝင် ၃၇ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းကော်မတီ (၈)ရပ် ဖွဲ့စည်းကာ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် ၂၀၁၉-၂၀၂၃ ကို သက်ဆိုင်ရာလုပ်ငန်းကော်မတီများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်တာဝန်ကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက စတင်တာဝန်ယူသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးကိစ္စများကို အရှိန်အဟုန်မပျက် ထိရောက်စွာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန်ရည်ရွယ်ပြီး မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးဆောင်၍ အဖွဲ့ဝင် ၃၉ ဦးဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း၊ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လုပ်ငန်းကော်မတီ(၈)ရပ် ဖွဲ့စည်းမှုအတွက် အတည်ပြုခဲ့သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များ၊ လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များ၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီ တတိယအကြိမ် အစည်းအဝေး၏ ဆုံးဖြတ်ချက်များအပေါ် လုပ်ငန်းကော်မတီဝင်များ၏ ဆောင်ရွက်ပြီးစီးမှုများ၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီအလိုက် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် Mini Budget ခြောက်လတာ ဘဏ္ဍာငွေလျာထားမှုများ၊ ကော်မတီမှ ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

**အမျိုးသားအဆင့် လုပ်ငန်း စီမံချက်**

တက်ရောက်လာသည့် လုပ်ငန်းကော်မတီဝင်များက ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးဝင်းရှိန်က မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ လုပ်ငန်းအစီအစဉ်များကို ကော်မတီဝင်များမှ သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် ဘဏ္ဍာရေးနှစ်တွင် ထိရောက်စွာ ပူးပေါင်းညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်နှင့် တင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးကြောင်း သိရသည်။

အစည်းအဝေးသို့ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီးဌာနများမှအဖွဲ့ဝင်များ တက်ရောက်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လုပ်ငန်းကော်မတီဝင်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် အလုပ်သမားအဖွဲ့အစည်းမှ ကိုယ်စားလှယ်များက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

ခင်ရတနာ

## ဇဟာန်းမြို့နယ်၌ အသက် ၅၅ နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံ

**ရန်ကုန် စင်တင်ဘာ ၂၄**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများကို ထိန်းချုပ်နိုင်ရန်အတွက် ဇဟာန်းမြို့နယ်တွင် ရပ်ကွက်အလိုက် အသက် ၅၅ နှစ်နှင့်အထက် ပြည်သူများအား ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းများကို ယနေ့နံနက်က ရပ်ကွက်များတွင် ကာကွယ်ဆေးထိုးနှံပေးသည်။

ဇဟာန်းမြို့နယ်တွင် ရပ်ကွက်အလိုက် ကာကွယ်ဆေးများထိုးနှံပေးမှုကို စက်တင်ဘာ ၂၃ ရက်က ငါးထပ်ကြီးအနောက်၊ ဆရာစံမြောက်အနောက်၊ ဗိုလ်ချုပ်(၁)ရပ်ကွက်ကိုလည်းကောင်း၊ စက်တင်ဘာ ၂၄ ရက်က ကျိုက္ကဆံအလယ်၊ ရွှေဂုံတိုင်ရပ်ကွက်ကိုလည်းကောင်း၊ စက်တင်ဘာ ၂၅ ရက်တွင် ငါးထပ်ကြီးတောင်၊ ဆရာစံမြောက်အရှေ့ရပ်ကွက်ကိုလည်းကောင်း ကာကွယ်ဆေးမထိုးနှံရသေးသူများအား ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။ **အာကာစိုး**



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများအား ပြည်ပမှတင်သွင်းနိုင်ရေး ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၄**

နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် အရေးတကြီး လိုအပ်လျက်ရှိသည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင် ဓာတ်ငွေ့၊ အိမ်သုံး အောက်ဆီဂျင်စက်နှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရန် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ စဉ်ဆက်မပြတ် တင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဆိပ်ကမ်းများ၊ မူဆယ်နှင့် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်း**(အပေါ်ယာပုံ)**နှစ်ခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီလေးခုမှ ယာဉ်စီးရေ ၁၈ စီးဖြင့် အောက်ဆီဂျင် (အိုးခွံ) ၇၁၈၅ ခု၊



Oxygen Plant နှစ်ခု၊ အိမ်သုံး Oxygen Concentrator ၁၀၃ ခု၊ PPE ဝတ်စုံ ၂၀၀ နှင့် နှာခေါင်းစည်း (Mask) ၇၇ တန် တင်သွင်းခဲ့သည်။ Oxygen Plant နှစ်ခုမှာ ပဲခူးယ်ကုန်းမြို့နှင့် ညောင်ရွှေမြို့တို့သို့ တစ်ခုစီဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေး ပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာတာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ် မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person) များကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# ရိုးသား၍၊ ကြိုးစားစေချင်ပါသည်

မမဝန်ထမ်း

**“အစိုးရရာထမ်းမှုထမ်း” ဆိုသည်မှာ ရာဇသတ်ကြီးပုဒ်မ ၁၄ ၌ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရသော်လည်းကောင်း၊ နိုင်ငံတော် သမ္မတက သော်လည်းကောင်း၊ နိုင်ငံတော်သမ္မတ၏အာဏာအရသော်လည်းကောင်း၊ ဆက်လက်ထမ်းရွက်ရသူ သို့တည်းမဟုတ် ခန့်ထားခြင်းခံရသူ သို့တည်းမဟုတ် စေခိုင်းခြင်းခံရသူ ရာထမ်း၊ မှုထမ်းအရပ်ရပ်တို့ပါဝင်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။**

### ကျင့်ဝတ်စည်းကမ်းများစွာရှိ

ထို့အတူ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ အခန်း(၁)၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဂ)တွင် “ဝန်ထမ်းအဖွဲ့အစည်း” ဆိုသည်မှာ ဖွဲ့စည်းပုံဖြင့်ဖွဲ့စည်းထားသော နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းကိုဆိုသည်ဟုလည်းကောင်း၊ ပုဒ်မခွဲ(င) တွင် “ဝန်ထမ်း”ဆိုသည်မှာ ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်၏ ဖွဲ့စည်းပုံပါရာထူးတစ်ခုခုတွင် ခန့်အပ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းကို ဆိုသည်ဟုလည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် ဖွဲ့စည်းပုံဖြင့် ဖွဲ့စည်းထားသည့် ဝန်ထမ်းအဖွဲ့အစည်းတစ်ခုတွင် ခန့်အပ်ခြင်းခံရသည့် ကျွန်မတို့နိုင်ငံ့ဝန်ထမ်းများသည် လိုက်နာစောင့်ထိန်းအပ်သည့် ကျင့်ဝတ်စည်းကမ်းများစွာရှိပြီး လိုက်နာကြရန်လည်း လိုပါသည်။

“စည်းကမ်းဟူသည် မိမိကိုယ်မိမိ တာဝန်ယူနိုင်ခြင်း” ဖြစ်သဖြင့် မိမိ၏အသိတရားဖြင့် လိုက်နာဆောင်ရွက်ကြလျှင် လုပ်ငန်းခွင် အေးချမ်းသာယာမှုကို ရရှိနိုင်မည်ဖြစ်ပါသည်။ တစ်ခါတစ်ရံ ဝန်ထမ်းဆိုင်ရာစည်းမျဉ်း၊ စည်းကမ်းများကို မသိမသာ ချိုးဖောက်မိတတ်ကြသည့်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ဝန်ထမ်းတိုင်း လေ့လာသိရှိထားရန်လိုအပ်ပါသည်။

ဌာနဆိုင်ရာအရေးယူအပြစ်ပေးနိုင်သည့် အလုပ်ချိန်နှင့်သက်ဆိုင်သော ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်မှုများကို နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၆၁ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်–

(က) လုံလောက်သော အကြောင်းရင်းမရှိဘဲ အလုပ်တက်ချိန်နောက်ကျ၍ အလုပ်ခွင်သို့ ရောက်ရှိခြင်း၊
( ခ ) လုံလောက်သောအကြောင်းရင်းမရှိဘဲ အလုပ်ဆင်းချိန်ထက်စော၍ အလုပ်ခွင်မှ ထွက်ခွာခြင်း၊
( ဂ ) အထက်တာဝန်ရှိသူ၏ ခွင့်ပြုချက်မရဘဲ မကြာခဏ အလုပ်ခွင်မှပျက်ကွက်ခြင်းတို့မှာ အလေ့အကျင့်ကဲ့သို့ဖြစ်နေခြင်း၊
(ဃ) ခွင့်စည်းကမ်းများကို ဖောက်ဖျက်ပြီး ခွင့်မဲ့ပျက်ကွက်ခြင်း၊
( င ) ခိုင်လုံသောအကြောင်းမရှိဘဲ ခွင့်ရက်ထက်ပို၍နေခြင်း သို့မဟုတ် ခွင့်ရက်ကုန်ဆုံးပြီးနောက် အလုပ်ဝင်ရောက်ရန် ပျက်ကွက်ခြင်း၊
( စ ) ခိုင်လုံသောအကြောင်းမရှိဘဲ ခွင့်ပြုထားသည့်အလုပ်ကူးပြောင်းချိန်ကုန်ဆုံးပြီးနောက် အလုပ်ဝင်ရောက်ရန် ပျက်ကွက်ခြင်း။

အထက်ပါနိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၆၁ ပါ ပြဋ္ဌာန်းချက်များအနက် နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲ(ခ)နှင့် နည်းဥပဒေခွဲ(ဂ)တို့ပါ ပြဋ္ဌာန်းချက်များကို ဝန်ထမ်းအချို့ လိုက်နာရန် အားနည်းမှုများ ရှိနေပါသည်။ အကြောင်းအမျိုးမျိုးပြ၍ ရုံးတက်၊ ရုံးဆင်းချိန်မမှန်ခြင်း၊ မကြာခဏအလုပ်ခွင်မှပျက်ကွက်ခြင်း စသည့် အလေ့အကျင့်ဆိုးများကို ဝိုင်းဝန်းပြုပြင်ပေးရန် လိုနေပါသေးသည်။ ထိုသို့ပြုမူနေမှုအပေါ် အထက်အရာရှိက ခေါ်ယူသတိပေးခြင်း၊ အရေးယူခြင်းများ ရှိလျှင်လည်း အဆိုပါဝန်ထမ်းများက ကျေနပ်နှစ်သက်ခြင်း မရှိကြပေ။

### လုပ်ငန်းတာဝန်ကို ကျေပွန်ရန်လို

ရုံးတက်၊ ရုံးဆင်းချိန်မှန်နေရုံဖြင့် မိမိတာဝန်ကျေပွန်ပြီဟုလည်း ယူဆ၍မရသေးချေ။ မိမိအား ပေးအပ်ထားသည့်လုပ်ငန်းတာဝန်ကို ကျေပွန်ရန်လည်းလိုပါသည်။ တာဝန်မကျေပွန်ခြင်း သို့မဟုတ် တာဝန်ကိုပေါ့ဆစွာထမ်းဆောင်ခြင်း သို့မဟုတ် မိမိ၏ပေါ့လျော့မှုကြောင့် ဖြစ်စေ၊ လုပ်ငန်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များကို မလိုက်နာမှုကြောင့်ဖြစ်စေ နိုင်ငံ့ဘဏ္ဍာငွေ သို့မဟုတ် နိုင်ငံတော်ပိုင်ပစ္စည်းများ ဆုံးရှုံးပျက်စီးမှုမရှိစေရန် အလေးထားထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်ပါသည်။ ထို့ကြောင့် သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်း၊ ဝန်ထမ်းအမျိုးအစားအလိုက် လုပ်ငန်းသဘာဝအလျောက် သတ်မှတ်ထားသည့်ကျင့်ဝတ်နှင့် စည်းကမ်းများကိုလည်း လိုက်နာရမည်ဖြစ်ပါသည်။

ထို့အပြင် ဝန်ထမ်းတစ်ဦး၏ တာဝန်ထမ်းဆောင်မှု၊ လုပ်ရည်ကိုင်ရည်တို့နှင့်ပတ်သက်၍ ဌာနဆိုင်ရာ အရေးယူအပြစ်ပေးနိုင်သည့် ပြစ်မှုများကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၆၂ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်–

(က) တာဝန်မကျေပွန်ခြင်း သို့မဟုတ် တာဝန်ကိုပေါ့ဆစွာထမ်းဆောင်ခြင်း၊
( ခ ) ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ လုပ်ငန်းဆိုင်ရာစည်းမျဉ်း၊ စည်းကမ်း၊ အမိန့်နှင့်ညွှန်ကြားချက်များကို မလိုက်နာမှုကြောင့်ဖြစ်စေ နိုင်ငံ့ဘဏ္ဍာငွေ သို့မဟုတ် နိုင်ငံပိုင်ပစ္စည်း ဆုံးရှုံးပျက်စီးရခြင်း၊
( ဂ ) ခန့်အပ်ထားသည့်ရာထူးနှင့်မညီဘဲ လုပ်ရည်ကိုင်ရည် အဆင့်အတန်းမမီခြင်း သို့မဟုတ် အရည်အချင်းညံ့ဖျင်းခြင်း၊ အရည်အသွေးမပြည့်ဝခြင်း၊
(ဃ) ဥပဒေနှင့်အညီ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ခြင်း။

အထက်ပါပြဋ္ဌာန်းချက်များအရ ကျွန်မတို့နိုင်ငံ့ဝန်ထမ်းများသည် ဥပဒေစည်းမျဉ်း၊ စည်းကမ်းများ၊ ညွှန်ကြားချက်များကို လိုက်နာရန်လိုပါသည်။ မိမိ၏ ရာထူးအဆင့်နှင့်လျော်ညီစွာ ပေးအပ်ထားသည့် တာဝန်ကိုကျေပွန်စွာထမ်းဆောင်ရမည့်အပြင် မိမိကြောင့် နိုင်ငံပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး သတိပြုဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ မိမိရာထူးအဆင့်နှင့်လျော်ညီစွာ ကျင့်ဝတ်သိက္ခာကို စောင့်ထိန်း၍ လုပ်ရည်ကိုင်ရည်ပြည့်ဝစေရေးအတွက် စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေကြရန်လည်း လိုအပ်ပါသည်။

ဝန်ထမ်း၏ ပြုလုပ်မှု၊ ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှု၊ တာဝန်ပျက်ကွက်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ အရေးယူရန်ရှိပါက အရေးယူချမှတ်သည့်ပြစ်ဒဏ်များနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များလည်း ရှိပါသည်။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၆၀ အရ “ဝန်ထမ်းတစ်ဦးကို အရေးယူရာတွင် ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်ဝန်ထမ်းသည် ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ဖြင့် အရေးယူခံရပြီးနောက် ကျူးလွန်ပျက်ကွက်ခဲ့သော ပြစ်မှုမျိုး ထပ်မံမဖြစ်စေရေးနှင့် အသိတရားရရှိစေရေးဟူသည့် ဝန်ထမ်းကောင်းတစ်ဦးဖြစ်လာစေရန် ရည်ရွယ်ချက်များနှင့်အညီ အရေးယူဆောင်ရွက်ရမည်” ဟု ပြဋ္ဌာန်းထားပါသည်။

### နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးများ

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၀၉ အရ ဌာနဆိုင်ရာ အရေးယူမှုများတွင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပုဒ်မ ၅၃ ပါပြစ်ဒဏ်တစ်ရပ်ကိုဖြစ်စေ၊ ပြစ်ဒဏ်တစ်ရပ်ထက်ပို၍ဖြစ်စေ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်။ ထို့ကြောင့် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားအားကောင်းရေးအတွက် အဓိကတာဝန်ရှိသူ ကျွန်မတို့နိုင်ငံ့ဝန်ထမ်းများသည် မည်သူတစ်ဦးတစ်ယောက်၏ သွေးထိုးလှုံ့ဆော်မှုကိုမျှ လိုက်ပါနားယောင်၍မဖြစ်ပါ။ မိမိ၏ အသိဉာဏ်ပညာဖြင့် ချင့်ချိန်နှိုင်းဆ၍ အဖြူနှင့်အမည်း၊ အမှားနှင့်အမှန်ခွဲခြားသိမြင်နိုင်ရန် လိုပါသည်။

ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးများနှင့်ပတ်သက်၍ ရိုးသားဖြောင့်မတ်ခြင်း၊ ဂုဏ်သိက္ခာရှိခြင်းနှင့် ယုံကြည်ထိုက်သောဝန်ထမ်းများဖြစ်ရန် လိုအပ်သည့်အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေ၊ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် ၆/၂၀၂၁ ၏ သဘောတူညီချက်ဖြင့် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာစံတန်ဖိုး (Ethical value for Civil Service Personnel) များကို ၂၈–၅–၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၃/၂၀၂၁ ဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ထုတ်ပြန်ခဲ့ပါသည်။

အထက်ပါ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးသတ်မှတ်ချက်များသည် ယခင်ပြဋ္ဌာန်းထားရှိသော နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများတွင် ကျင့်သုံးလျက်ရှိသော စံနမူနာကောင်းများကို အခြေခံ၍ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ တာဝန်ရှိသူများနှင့်ပူးပေါင်းညှိနှိုင်းရေးဆွဲထားခြင်းဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းများ လိုက်နာရမည့်အဓိကစံတန်ဖိုးများ ဖြစ်ပါသည်။

“ဝန်ထမ်းကောင်းမှနိုင်ငံကောင်းမည်” (A Stronger Civil Service A Stronger Nation) ဟူသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ဆောင်ပုဒ်နှင့်အညီ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရှိ ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများကို လေ့ကျင့်ပေးလျက်ရှိသည့် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)နှင့် (အထက်မြန်မာပြည်)တို့သို့ သင်တန်းတက်ရောက်လာကြသူတိုင်းသည် နေ့စဉ်နံနက်တန်းစီချိန်များ၌ မပျက်မကွက်ရွတ်ဆိုကြရသော နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆) ချက်ရှိပါသည်။ ၎င်းတို့မှာ –

(က) ကျွန်ုပ်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သစ္စာကို စောင့်သိရိုသေပါမည်။
( ခ ) ကျွန်ုပ်တို့သည်ပြည်ထောင်စုမပြိုကွဲရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ပါမည်။
( ဂ ) ကျွန်ုပ်တို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးကို ဦးတည်ကြိုးပမ်း ဆောင်ရွက်ပါမည်။
(ဃ) ကျွန်ုပ်တို့သည် အမိနိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ဦးတည် ကြိုးပမ်းဆောင်ရွက်ပါမည်။
( င ) ကျွန်ုပ်တို့သည် နိုင်ငံ့ဝန်ထမ်းများပီသစွာဖြင့် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းအောင် နေထိုင်ပါမည်။
( စ ) ကျွန်ုပ်တို့သည် နိုင်ငံတော်ကပေးအပ်သော အမိန့်နှင့် တာဝန်များကို ဦးလည်မသုန် သက်စွန့်ကြိုးပမ်းဆောင်ရွက်သွားပါမည်ဟု သစ္စာအဓိဋ္ဌာန်ဆိုကြရပါသည်။

> ❖ **နိုင်ငံ့ဝန်ထမ်းများဖြစ်လာပါက မိမိနိုင်ငံအပေါ် သစ္စာစောင့်သိရန်လိုပါသည်။ အချင်းချင်းမညီညွတ်ပါက “နွားကွဲလျှင်ကျားဆွဲမည်” ဖြစ်၍ စိတ်ဝမ်း ကွဲနေ၍မရဘဲ စည်းလုံးညီညွတ်ရန်လိုပါသည်။ ကျွန်မတို့နိုင်ငံတော်၏ အချုပ်အခြာအာဏာ ခက်မ (၃) ဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်များ မယိမ်းယိုင်အောင် ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်ကြရပါမည်။ ထို့အပြင် ပါတီနိုင်ငံရေးနှင့်လည်း ကင်းရှင်းရမည်ဖြစ်ပြီး မိမိအားပေးအပ်သည့် အမိန့်၊ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန် လိုအပ်**

အထက်ပါ သစ္စာအဓိဋ္ဌာန်ပါအချက်များကိုကြည့်ပါက နိုင်ငံ့ဝန်ထမ်းများဖြစ်လာပါက မိမိနိုင်ငံအပေါ် သစ္စာစောင့်သိရန်လိုပါသည်။ အချင်းချင်းမညီညွတ်ပါက “နွားကွဲလျှင်ကျားဆွဲမည်” ဖြစ်၍ စိတ်ဝမ်းကွဲနေ၍မရဘဲ စည်းလုံးညီညွတ်ရန်လိုပါသည်။ ကျွန်မတို့နိုင်ငံတော်၏ အချုပ်အခြာအာဏာ ခက်မ (၃) ဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်များ မယိမ်းယိုင်အောင် ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်ကြရပါမည်။ ထို့အပြင် ပါတီနိုင်ငံရေးနှင့်လည်းကင်းရှင်းရမည်ဖြစ်ပြီး မိမိအားပေးအပ်သည့် အမိန့်၊ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန် လိုအပ်ပါသည်။ စေတနာအရင်းခံဖြင့် အတူတကွ ဝိုင်းဝန်းဆောင်ရွက်ရန်လိုပါသည်။ အလုပ်ခွင်အတွင်းတွေ့ကြုံရသည့် အခက်အခဲ၊ အတိုက်အခံများအပေါ် စိတ်ပျက်အားလျော့ခြင်းမရှိဘဲ ရင်ဆိုင်နိုင်စွမ်း၊ ဖြေရှင်းနိုင်စွမ်းရှိအောင် လေ့လာသင်ယူဖို့လိုပါသည်။

### အင်အားဖြစ်စေချင်

ကျွန်မတို့ဝန်ထမ်းများသည် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ကျခံထုတ်ပေးသည့်လစာနှင့်စရိတ်ကို ခံစားနေသူများဖြစ်၍ မိမိလိုလားသည့် အခြေအနေတစ်ရပ်ဖြစ်လာခြင်း၊ ဖြစ်မလာခြင်းအပေါ် ဘေးထိုင်၊ ဘုပြောနေမည့်အစား နိုင်ငံတော်၏ ဦးတည်ချက်၊ ရည်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် အုတ်ကောင်းတစ်ချပ်၊ သဲဖြူတစ်ပွင့် အဖြစ် အင်အားဖြစ်စေချင်ပါသည်။

အချုပ်အားဖြင့် မိမိတို့တာဝန်ယူနေရသည့် ရာထူး၊ နေရာနှင့် ဘွဲ့ထူး၊ ဂုဏ်ထူးများ မည်သို့ပင် ကွာခြားစေကာမူ နိုင်ငံတော်အတွက် ဝန်ထမ်းတိုင်းသည် သူ့နေရာနှင့်သူ မရှိမဖြစ် အရေးပါကြပါသည်။ မည်သည့်အကြောင်းကြောင့်နှင့်မျှ နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှုကို ယိုင်လဲမသွားစေချင်ပါ။ ရိုးသားစေချင်၊ ကြိုးစားစေချင်ပါသည်။ နိုင်ငံတော်အကျိုးလိုလားကာ နိုင်ငံချစ်စိတ်ဖြင့် စုပေါင်းညီညာ လက်တွဲကြပါစို့၊ “တစ်ယောက်အားဖြင့်ယူသော်မရ၊ တစ်သောင်းအားဖြင့်ယူသော်ရ၏” ဆိုသည့်အတိုင်း ကျွန်မတို့အားလုံးတွေဝေမှု၊ တုံ့ဆိုင်းနေမှုများကို ဖယ်ထုတ်ပြီး ရိုးသား၊ ကြိုးစားကာ စည်းလုံးညီညွတ်စွာဖြင့် ရှေ့ဆက်လျှောက်လှမ်းကြပါစို့၊ မိမိတို့၏ သမိုင်းမှတ်တိုင်ကို မိမိတို့ကိုယ်တိုင်စိုက်ထူကြပါစို့ဟု ဆန္ဒဖြင့် တိုက်တွန်းရေးသားတင်ပြအပ်ပါသည်။ ။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၅-၉-၂၀၂၁ စနေနေ့

MRTV HD

၀၆:၀၀ မေတ္တာသုတ်၊ရတနသုတ်၊မောဂ္ဂလ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၇:၃၅ Weekly Sports Info
၀၈:၃၅ ထုတ်ကုန်ပေါ်များရေစကြိုမှ ဒေသထွက်ကုန်များ
၀၉:၄၀ ခေတ်အလိုက်ကြေးမုံပြင် 'သီဟာသနပလ္လင်ပြခန်း'
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၅ မြန်မာနိုင်ငံလုံးဆိုင်ရာသုတစုံလင်ပုဒ္ဓဝင်ပြိုင်ပွဲ(သုတစံပြမောင်မယ်ဆု)(ပွဲစဉ်-၁)
၁၂:၃၀ MRTV National News
၁၃:၃၀ အလှမှာယဉ်ဆေးပက်ဝင်သည့် တရုတ်စကားပွင့်လေးများ
၁၆:၃၅ ပုံပြင်ကမ္ဘာအစီအစဉ် 'မောင်ညိုနှင့်သိတ်ကလေး'
၁၇:၀၅ ရှုလေမြင်လေကမ္ဘာမြေ
၁၇:၂၀ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၇:၃၅ MRTV Travelogue
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၁၅ သုတဝေဖြာသိရိဂေဟာ
၁၉:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၂၅)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ 'ရွှေတောင်ပံအငြိမ့်'

mitv

07:01 News
07:27 Great Shwedagon - The Ten Traditional Arts & Crafts
07:48 Next Generation "Bon Bon" Drummer
08:01 Weekly Review
08:16 Myanmar Masterclass: Contemporary Art
08:23 Discovering Tribes: Tai Khun (or) Gon: their life and customs (Part-1)
08:40 The Great Collector: Myanmar Antique Furniture
09:01 Myanmar Family Life: Let's play Riddle Game
09:13 "Myanmar's Traditions and Culture" The Golden Land
09:33 TUK TUK In Myanmar (Mandalay)
09:47 Healthy Diet: Balanced Diet
09:53 My Life & My Art
10:01 Dances of Myanmar (Pre Kayaw Traditional Dance)

MRTV NRC

ကယား (၀၆:၀၀ မှ ၀၈:၀၀)
ရင်ထဲကရိုးရာ(ဇာတ်လမ်း)
ဝကြောကရင် (၀၈:၀၀ မှ ၀၉:၀၀)
စပ်လဲရေတံခွန်သို့အလည်တစ်ခေါက်
အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)
ကျန်းမာအောင်အသက်ရှင်နေထိုင်ခြင်း
အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)
ကရင်ဖြူတိုင်းရင်းသားတို့ရဲ့ကြက်ရိုးထိုးဓလေ့
ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)
တေးသံရှင်ဘီလီငွန်ကျုံးဘိမ်(ရင်တွင်းသီချင်း)
ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)
ကြိုတ်အေတို
မွန် (၁၃:၀၀ မှ ၁၅:၀၀)
မွန်ရိုးရာဆွမ်းတော်ကြီးတင်ပွဲ
ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၂)
ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၈)
ဝ (၁၉:၀၀ မှ ၂၁:၀၀)
တောင်ယာထမင်းဟင်း
ကချင် (၂၁:၀၀ မှ ၂၃:၀၀)
ကြက်ဆန်လော့

MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊အလံ
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက် သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း(အပိုင်း-၅)
၁၁:၀၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ရေအသုံးကုန်းတစ်ဝက်'
၁၁:၃၀ အတွေးအမြင် (အပိုင်း-၅)

MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ (၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews


# သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီဆက်လက်ဖြန့်ဖြူးရောင်းချ ယနေ့အထိ ဆီတန်ချိန် ၃၂၇၀ ရောင်းချခဲ့ပြီးဖြစ်

**နေပြည်တော် စက်တင်ဘာ ၂၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် စားသုံးသူပြည်သူများ သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းခဲ့သော စားအုန်းဆီများကို စက်တင်ဘာ ၂၀ ရက်မှ စတင်ရောင်းချလျက်ရှိရာ ယနေ့အထိ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွက် စားအုန်းဆီ ပိဿာ ၂၀၀၀၈၀၀၊ တန်ချိန် ၃၂၇၀ ရောင်းချခဲ့ပြီးဖြစ်သည်။

**လှည့်လည်ရောင်းချပေး**

ရန်ကုန်မြို့အတွင်းရှိ စားသုံးသူများအတွက် အသင်း၏ အစီအစဉ်ဖြင့် ရပ်ကွက်များသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိပြီး ကျန်တိုင်းဒေသကြီး/ ပြည်နယ်များသို့လည်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ စားအုန်းဆီများကို လက်ကားဝယ်ယူရောင်းချသူများအနေဖြင့် လက်လီအရောင်းဆိုင်များတွင် အသားတင် အကျိုးအမြတ် ၂ ရာခိုင်နှုန်းထက်မပိုသည့် ဈေးနှုန်းဖြင့် စားသုံးသူပြည်သူများသို့ပြန်လည်ဖြန့်ဖြူး ရောင်းချသွားရမည်ဖြစ်ပြီး စားသုံးသူပြည်သူများသို့ လက်လီ/ လက်ကား ဖြန့်ဖြူးရောင်းချပေးမည့် လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း အမှတ် (၁၀၄/၁၀၈) ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် (ဆင်မင်းအိမ်ရာ ဓမ္မာရုံရှေ့) အလုံမြို့နယ် ဖုန်းအမှတ် ၀၉-၄၄၄၄၃၇၂၉၅၊ ၀၉-၄၀၁၅၂၇၀-၄၉ နှင့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဖုန်း-၀၁၂၅၀၂၇၀၊ ၀၉၄၃၆၆၆၆၆၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ခင်ဦးမြို့နယ်၌ စွမ်းအားမြင့်မီးဖိုများ အခမဲ့ဖြန့်ဝေ

**ခင်ဦး စက်တင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် မြို့နယ်အတွင်းမှပြည်သူများ ထင်းလောင်စာလျှော့ချသုံးစွဲရေးအတွက် မကျီးတုံကျေးရွာနှင့် တံတားဦးကျေးရွာများသို့ သွားရောက်ပြီး ထင်းတစ်ချောင်းထိုးမီးဖိုများကို စက်တင်ဘာ ၂၃ ရက်က အခမဲ့ဖြန့်ဝေပေးသည်။

ထင်းလောင်စာ ၄၀ ရာခိုင်နှုန်း ပိုမိုသက်သာသော ထင်းတစ်ချောင်းထိုး စွမ်းအားမြင့်အေဝမ်းမီးဖိုများကို စက်တင်ဘာ ၂၂ ရက်က ကျွန်းပင်ကန်ကျေးရွာတွင် ၇၂ လုံးဖြန့်ဝေပေးခဲ့ပြီး စက်တင်ဘာ ၂၃ ရက်တွင် မကျီးတုံကျေးရွာ၌ အလုံး ၄၇၀၊ တံတားဦးကျေးရွာ၌ ၃၂ လုံးတို့ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း၊ ဆက်လက်ပြီး ရုံးပင်ကျေးရွာသို့လည်း မီးဖိုအလုံးရေ ၂၆၀ ကို အခမဲ့ ဆက်လက်ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

**စိုးဝေအောင်(ခင်ဦး)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄ - ၉ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၀၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၉၃၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၀၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၉၁၁၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၂၅၀/၁၂၅၀ ကျပ် | ၁၂၅၅/၁၂၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၂၅၅/၁၂၆၀ ကျပ် | ၁၂၇၀/၁၂၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၂၅၅/၁၂၅၅ ကျပ် | ၁၂၈၀/၁၃၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၂၄၀ /၁၂၉၅ ကျပ် | ၁၃၆၀/၁၃၉၅ ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၅၅ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၅၉ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၉၈ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၅၇၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၈၉ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၉ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၁ . ၅၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၁၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၈၀၀ | ၂၅၆ | ၂၂၅၂၈၀၀ |
| MTSH | ၃၁၀၀ | ၃၁၀၀ | ၁၄၃၈၀ | ၄၄၅၇၈၀၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၆ | ၄၇၄၀၀ |
| FPB | ၂၁၀၀၀ | ၂၁၀၀၀ | ၁၀၂၈ | ၂၁၅၈၈၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၈၅၀ | ၂၈၅၀ | ၇၀ | ၁၉၉၅၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၅၁၁ | ၂၅၅၅၀၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ပြည်သူ- ပုဂ္ဂလိက ပူးပေါင်းပါဝင် ကျေးလက်မီးလင်းရေးစနစ် ပိုမိုခရီးတွင်

**မိုးရာသီဆိုတော့ကာ မြို့ပြမှာဆိုပေမယ့် မိုးနဲ့လေနဲ့မို့ မီးက ခဏတဖြုတ်တော့ ပျက်တတ်သည့် ကာလ...။ ကိုယ့်မှာ သံယောဇဉ်သမားပီပီ တစ်ချိန်က ကိုယ်လှည့်လည်ကွင်းဆင်းခဲ့ဖူးသည့် အသေးစားဓာတ်အားစနစ်စီမံကိန်း ကျေးရွာလေးတွေ အဆင်မှပြေကြရဲ့လား စိတ်ပူမိရသည်။**

မယ်အိမ့် (ကျေးလက်)

စီမံကိန်းရွာပေါင်း ရာကျော်ရှိတဲ့အထဲ ကိုယ်သွားခဲ့ဖူးသည့်အထဲကမှ ကွင်းဆင်းရက်ကြာကြာဖြင့် သံယောဇဉ်ဖြစ်ရသည်က ရေစကြိုကျွန်း ရှစ်ရွာဆိုရမည်။ စိတ်ကပူသည်ဆိုသည်နှင့် လက်က ဖုန်းဆီရောက်မိပြီးသား။ ကွင်းဆင်းတုန်းခဏ ရင်းနှီးခင်မင်ခဲ့ရသည့် ရွာရဲ့ ရပ်မိရပ်ဖ ဦးလေးတစ်ယောက်ဆီ လှမ်းမေးမိတော့...

"အဆင်ပြေတယ် မယ်အိမ့်ရေ၊ မီးပျက်တာ ဘာညာလည်း မရှိဘူးဗျ" ဆိုမှ ကိုယ့်မှာ သက်ပြင်းချနိုင်သည်။ တစ်ပြိုင်တည်းမှာ ဒီမီး ဒီခရီးကို အစဦးကမကထပြု မတည်ကြိုးစား ပေးခဲ့သည့် ကျွန်းရွာများရဲ့ ကိုးကွယ်အားထားရာ ဆရာတော်ဘုရားကိုပါ စိတ်မှရည်မှန်းဦးတင် မိရပြန်သည်။

"ကျေးလက်ဦးစီးက ကျေးရွာဖွံ့ဖြိုးရေးအတွက် ဘာတွေ လုပ်ပေးနေတယ်၊ အသေးစား ဓာတ်အားစနစ် (Mini- Grid) ဆိုတာက ဘာကိုခေါ်တယ်၊ အဲ့စီမံကိန်းလုပ်ချင်ရင် ရွာဘက်က ဘယ်လိုပူးပေါင်းပါဝင်ဖို့လိုတယ်ဆိုတာတွေကစ ကျုပ်ကတရားပွဲတိုင်းမှာ ထည့်ဟောရင်း စည်းရုံးခဲ့ရတာဗျ"

ဆရာတော့် စကားသံတွေ နီးနီးကပ်ကပ် ပြန်ကြားယောင်မိရသည်။ ရေဝတီမြစ်နှင့် ချင်းတွင်းမြစ်ကြားမှာ အထီးတည်းတည်ရှိနေသည့် ကျွန်းပေါ်က ကျေးရွာများအတွက် လမ်းဆိုလမ်း၊ မီးဆိုမီး ကျေးလက်ဦးစီးနှင့် ပူးပေါင်းပြီး ဖွံ့ဖြိုးရေးခရီးပြင်းကို နှင်ခဲ့ကြသူတွေ။

ဒီကျွန်းပေါ်မှာပဲ အိမ်သုံးဆိုလာစနစ်နဲ့ မီးရနေသည့် ကျေးရွာတွေရှိသလို ဆိုလာအသေးစား ဓာတ်အားစနစ်နဲ့ မီးရနေသည့်ကျေးရွာတွေရှိသည်။ စနစ် နှစ်ခုလုံးတွင် ကျေးရွာပြည်သူ့ထည့်ဝင်ငွေ အချိုးကျပါဝင်မှုဖြင့် ဆောင်ရွက်ထားခြင်းဖြစ်သည်။ ငွေဆိုပေမဲ့ ငွေမတတ်နိုင်လျှင် ငွေတန်ဖိုးနှင့် အချိုးညီမျှသော လုပ်အား (သို့) စီမံကိန်းတည်ဆောက်ရန် မြေနေရာ လှူဒါန်းပေးခြင်းဖြင့်လည်း ပါဝင်၍ရသည်။ လှူဒါန်းသည့်မြေတန်ဖိုးကို တန်ဖိုးသင့်တွက်ချက်၍ ကျေးရွာပြည်သူ့ ထည့်ဝင်မှုအဖြစ် သတ်မှတ်ပေးခြင်းဖြစ်သည်။

မည်သို့ဆိုစေ ကျေးရွာပြည်သူ၏



သဲရိုးကျေးရွာဆိုလာအသေးစားဓာတ်အားစနစ်

ပူးပေါင်းပါဝင်မှုအားဖြင့်သာ ဒီခရီး ဒီမျှတွင်ခဲ့သည် ဆိုရမည်။ ၂၀၁၆- ၂၀၁၇ ခုနှစ်များဆီ ပြန်ကြည့်တော့ အသေးစား ဓာတ်အားစနစ် ဆောင်ရွက်သည့် ရွာဆိုလို့ ပြေးကြည့်မှ လုပ်ငန်းက ရှစ်ခု၊ ရွာက ၁၀ ရွာသာ ရှိခဲ့သည်။ ရှေ့ဦးအစဆောင်ရွက်စအချိန်ဆိုတော့ကာ ကျေးလက်ဦးစီးအတွက်ရော ကျေးရွာပြည်သူနှင့် ရင်းနှီးမြှုပ်နှံသူ (Mini-Grid Developer) အတွက်ပါ အရာရာ မြေစမ်းခရမ်းစပျိုး ရချိန်ကိုး။ ခုတော့ စီမံကိန်းလုပ်ငန်းပေါင်း ၁၂၁ ခုကို ကျေးရွာပေါင်း ၁၅၄ ရွာအတွက် ဆောင်ရွက်ပေးနိုင်လျက်ရှိတာ မျက်ဝါးထင်ထင် တွေ့မြင်နေရပါပြီ။ ပြည်သူ- ပုဂ္ဂလိက- ဦးစီးဌာနတို့ စုပေါင်းစွမ်းအားဖြင့် မဟာဓာတ်အားလိုင်း ပြင်ပစနစ်နဲ့ လျှပ်စစ်မီးရရှိသည့် ကျေးရွာတွေ တစ်စတစ်စ တိုးပွားလာခဲ့ပြီ။ ထိုအခါ လျှောက်ခဲ့ရသည့် ခရီးရှည်ကို ပီတိဇောဖြင့် လည်ပြန်ကြည့်မိပြန်ချေသည်။

**မဟာဓာတ်အားလိုင်းပြင်ပစနစ် ဘယ်ကစလဲ**

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသတွင် နေထိုင်သည့်အတွက် ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေး၊ တစ်နည်းဆိုရသော် ကျေးလက်မီးလင်းရေးသည် နိုင်ငံ၏ အဓိကဦးစားပေး လုပ်ငန်းအစီအစဉ်များတွင် တစ်ခုအပါအဝင် ဖြစ်ခဲ့သည်။ နိုင်ငံ၏ မြေမျက်နှာသွင်ပြင် အနေအထားအရ နိုင်ငံတစ်ဝန်း လျှပ်စစ်မီးရရှိရေးအတွက် မဟာဓာတ်အားလိုင်းမှ ချိတ်ဆက်ပေးနိုင်ရန်မှာ တစ်မုဟုတ်ချင်း ဆောင်ရွက်ပြီးစီးနိုင်မည်ကားမဟုတ်။ နှစ်ကာလ အတော်အတန် ကြာမြင့်ချေဦးမည်။ သည်နေရာတွင် မေးစရာနှစ်ခု ရှိလာသည်။

"မဟာဓာတ်အားလိုင်း ရရှိချိန်အထိ ကြာမြင့်စွာစောင့်ဆိုင်းမလား"သို့မဟုတ် "ကြားကာလ ဖြေရှင်းမှုအနေဖြင့် မဟာဓာတ်အားလိုင်းမရောက်ရှိမီ အကြိုမီးလင်းရေးစနစ်တစ်ခုခုကို အသုံးပြုမလား?"

အရာရာတိုင်းတွင် အကျိုးနှင့် အပြစ်ရှိသည်မှာ ဓမ္မတာ။ မဟာဓာတ်အားလိုင်းမှ လျှပ်စစ် မီးရရှိမည်ဆိုပါက ဓာတ်အားခ သက်သာစွာအသုံးပြုနိုင်ပြီး ရေရှည်အတွက် ကောင်းမွန်သည်။ သို့ရာတွင် လျှပ်စစ်မီးရရှိမှုသည် ကဏ္ဍစုံဖွံ့ဖြိုးရေးတွင် အခြေခံအကျအဆုံး လိုအပ်ချက်တစ်ခုဖြစ်ရာ မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်နိုင်ချိန်ထိ စောင့်ဆိုင်းနေမည်ဆိုပါက ဝေးလံခေါင်ဖျားကျေးရွာများ ဖွံ့ဖြိုးမှု နောက်ကျကျန်ရစ်တော့မည်။ ထိုအခါ ဒုတိယမေးခွန်းသည် ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးမှု ကွာဟချက်ကျဉ်းမြောင်းလာစေရေး၊ တန်းတူညီမျှ အကျိုးခံစားခွင့် ရရှိစေရေးတို့အတွက် အဖြေတစ်ခု ဖြစ်လာခဲ့သည်။ ကြားကာလဖြေရှင်းမှုအနေဖြင့် မဟာဓာတ်အားလိုင်း ပြင်ပမီးလင်းရေးစနစ်ကို အကြိုမီးလင်းရေးစနစ်အဖြစ် ထည့်သွင်းစဉ်းစားလာရတော့သည်။

ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မဟာဓာတ်အားလိုင်းနှင့် ၁၀ မိုင်အထက် ဝေးကွာသောဒေသများ၊ နောင် ၁၀ နှစ်/ ၁၅ နှစ်အတွင်း မဟာဓာတ်အားလိုင်း မရောက်ရှိနိုင်သောဒေသများကို မဟာဓာတ်အားလိုင်းပြင်ပဧရိယာ (Off-Grid) အဖြစ်သတ်မှတ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစတင်ပြီး အိမ်သုံးဆိုလာစနစ်၊ ပြန်ပြည့်မြဲစွမ်းအင်အသုံးပြု အသေးစား ဓာတ်အားစနစ်များဖြင့် အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်း (မဟာဓာတ်အားလိုင်းပြင်ပစနစ်) (NEP (Off-Grid))ကို ကမ္ဘာ့ဘဏ်ချေးငွေ၊ နိုင်ငံတော်ဘတ်ဂျက်နှင့် ပြည်သူ့အချိုးကျထည့်ဝင်ငွေများ ပူးပေါင်းထည့်ဝင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တော့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျေးလက်မီးလင်းရေးအတွက်မျှသာမဟုတ် ပြည်သူ- ပုဂ္ဂလိကပူးပေါင်းပါဝင်မှု ဖွံ့ဖြိုးစေရေးကိုပါဦးတည်ရေးရှု၍ ကျေးရွာမီးလင်းရေးအတွက် ဦးစီးဌာနနှင့်အတူ လက်တွဲဦးဆောင်ဦးရွက်ပြုပါဝင်ရန် ကျေးရွာနေပြည်သူကိုယ်စားပြု စေတနာ့ဝန်ထမ်းအဖွဲ့အစည်းအဖြစ် ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ကျေးရွာပြည်သူ့အားကိုယူ၍ ခရီးပြင်းကို စ၍နှင်ခဲ့သည် ဆိုရမည်။ ခုတော့ အတော်အတန် ခရီးပေါက်နေချေပြီ။ မည်မျှ ခရီးပေါက်ခဲ့ပါသလဲဆိုလျှင် ကျေးရွာလျှပ်စစ်မီးလင်းရေး ကော်မတီများပင်လျှင် တရားဝင်အဖွဲ့အစည်း ဖြစ်လာစေသည်အထိ ဥပဒေပါပြဋ္ဌာန်းပေးနိုင်ခဲ့သည်လေ။

**ကျေးရွာ မီးလင်းရေးအတွက် ဦးဆောင်ဦးရွက်ပြုမည့် ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီ**

၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါပုဒ်မ(၂၁)(ခ)အရ မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက်မီးလင်းရေးဆောင်ရွက်မည့် ကျေးရွာတိုင်းတွင် ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီဖွဲ့စည်းဆောင်ရွက်ရမည်ဟုဆိုသည်။ ထို့အတူ ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီ ဖွဲ့စည်းရာတွင် လိုက်နာရမည့်အချက်များ၊ လုပ်ငန်းတာဝန်များအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနည်းဥပဒေ(မူကြမ်း)တွင် အကြမ်းအားဖြင့် ဤသို့ တွေ့ရှိရသည်-

(က) ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီကို ဥက္ကဋ္ဌတစ်ဦးနှင့် အတွင်းရေးမှူးတစ်ဦး အပါအဝင် အဖွဲ့ဝင် ကိုးဦးထက်မနည်း မဂဏန်းဖြင့် နည်းဥပဒေ(၁၀၀)နှင့် အညီဖွဲ့စည်းရမည်။

(ခ) မီးလင်းရေး ကော်မတီ၏အောက်တွင် ဘဏ္ဍာရေးဆပ်ကော်မတီအား အဖွဲ့ဝင်သုံးဦးဖြင့် ဖွဲ့စည်းထားရှိရမည်။

*စာမျက်နှာ ၂၁ သို့*

❖ ခုတော့ စီမံကိန်းလုပ်ငန်းပေါင်း ၁၂၁ ခုကို ကျေးရွာပေါင်း ၁၅၄ ရွာအတွက် ဆောင်ရွက်ပေးနိုင်လျက်ရှိတာ မျက်ဝါးထင်ထင် တွေ့မြင်နေရပါပြီ။ ပြည်သူ- ပုဂ္ဂလိက- ဦးစီးဌာနတို့ စုပေါင်းစွမ်းအားဖြင့် မဟာဓာတ်အားလိုင်း ပြင်ပစနစ်နဲ့ လျှပ်စစ်မီးရရှိသည့် ကျေးရွာတွေ တစ်စတစ်စ တိုးပွားလာခဲ့ပြီ။ ထိုအခါ လျှောက်ခဲ့ရသည့် ခရီးရှည်ကို ပီတိဇောဖြင့် လည်ပြန်ကြည့်မိပြန်ချေသည်

# ကချင်ပြည်နယ်အတွင်း အများပိုင်ဘီလပ်မြေစက်ရုံတည်ဆောက်နိုင်ရေး ဆွေးနွေး

**မြစ်ကြီးနား စက်တင်ဘာ ၂၄**

ကချင်ပြည်နယ်၏ စက်မှုလက်မှုလုပ်ငန်းများအပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ဘိလပ်မြေကို ပြည်နယ်အတွင်း စက်ရုံတည်ဆောက် ထုတ်လုပ်နိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဌာနဆိုင်ရာများ၊ ဒေသခံစီးပွား ရေးလုပ်ငန်းရှင်များ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့က ကျင်းပသည်။ **(ယာပုံ)**

**ဝိုင်းဝန်းပူးပေါင်းပါဝင်**

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲအနေဖြင့် တိုင်းနှင့် ပြည်နယ်၊ မြို့ပြနှင့် ကျေးလက်ကွာဟမှု လျှော့ချရေးကို အလေးထားဆောင်ရွက်ကြရန် မှာကြားထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်နယ်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအပြင် တည်ဆောက်ရေးလုပ်ငန်းများ၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးလာစေရေး အတွက် ပြည်နယ်ပြင်ပမှ မှာယူတင်သွင်းနေရသည့် ဘိလပ်မြေကို ပြည်နယ်အတွင်း၌သာ စက်ရုံတည်ထောင်ထုတ်လုပ်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ပြည်နယ်အတွင်း အများပိုင်ဘိလပ်မြေစက်ရုံ အကောင်အထည်ဖော် တည်ဆောက်နိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

**သုံးသပ်ဆွေးနွေး**

ယင်းနောက် ပြည်နယ်အတွင်း အများပိုင် ဘိလပ်မြေစက်ရုံ အကောင်အထည်ဖော် တည်ဆောက်ရေးနှင့် ပတ်သက်၍ အသေးစိတ်လေ့လာ ဆန်းစစ်ခဲ့မှု အခြေအနေများ၊ ဘိလပ်မြေထုတ်လုပ်ရာတွင် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများ၊ လောင်စာပစ္စည်းများရရှိနိုင်မှုနှင့် ထုတ်လုပ်နိုင်မှု အခြေအနေများ၊ ထွက်ရှိသည့် ဘိလပ်မြေများကို ဈေးကွက်အတွင်း ဖြန့်ဖြူးတင်ပို့ ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် စက်ရုံဖြစ်မြောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်မည့် နည်းလမ်းများ၊ လုပ်ငန်းစီမံကိန်းများအပေါ် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် စီးပွားရေး လုပ်ငန်းရှင်များနှင့် ရင်းနှီးပွင့်လင်းစွာ အကြံပြုသုံးသပ် ဆွေးနွေးကြသည်။



တင်ပြဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဘိလပ်မြေစက်ရုံဖြစ်မြောက်ရေး ပြည်နယ်အတွင်းမှ ဒေသခံ စီးပွားရေးလုပ်ငန်းအသီးသီးမှ တာဝန်ရှိသူများပါဝင်သည့် အများပိုင် ဘိလပ်မြေစက်ရုံဖြစ်မြောက်ရေးကော်မတီဖွဲ့စည်းနိုင်ရေးနှင့် ပြည်နယ်ဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းဖြစ်သည့်အတွက် တိကျခိုင်မာသည့် လုပ်ငန်းမူဘောင်များ ချမှတ်ဆောင်ရွက်နိုင်ရေးနှင့် ဘိလပ်မြေစက်ရုံ အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေး အချင်းချင်း စဉ်ဆက်မပြတ်တွေ့ဆုံညှိနှိုင်းသွားရေးတို့ကို ဆောင်ရွက်ပေးသည်။

**ပြည်နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၂၀ မှ*

(ဂ) ကျေးရွာလျှပ်စစ်မီးလင်းရေး ကော်မတီနှင့် ဘဏ္ဍာရေး ဆပ်ကော်မတီအား လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

ကျေးရွာ လျှပ်စစ်မီးလင်းရေး ကော်မတီ၏ လုပ်ငန်းတာဝန်များ အနေဖြင့်မူ ဦးစီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်ထားသော စီမံကိန်းနှင့် ပတ်သက်သည့် ညွှန်ကြားချက်များကို ကျေးရွာသူ၊ ကျေးရွာသားများအား ပြန်လည်ရှင်းလင်း ပြောပြပေးခြင်း၊ လျှပ်စစ်မီးရယူသုံးစွဲမည့် အိမ်ထောင်စု စာရင်းများ ပြုစုပေးခြင်း၊ လျှပ်စစ်မီးရရှိရေးလုပ်ငန်းဆောင်ရွက်မည့် လုပ်ငန်းရှင်များနှင့် ရပ်ရွာကိုယ်စား ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ပြည်သူထည့်ဝင်ငွေ ကောက်ခံ၍ မြန်မာ့စီးပွားရေးဘဏ် (သို့မဟုတ်) ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုတွင် စာရင်းရှင် ဖွင့်လှစ်အပ်နှံခြင်း၊ စီမံကိန်းမှ ဆောင်ရွက်ပေးထားသော အိမ်သုံးဆိုလာစနစ်၊ အသေးစားဓာတ်အားစနစ်များ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းစောင့်ရှောက်မှုကို ဦးစီးဌာနသို့တင်ပြ ညှိနှိုင်းဆောင်ရွက်ခြင်း၊ လျှပ်စစ်မီး ရရှိရေးလုပ်ငန်းဆိုင်ရာဆက်စပ်ပစ္စည်းများ ချို့ယွင်းပျက်စီးမှု ဖြစ်ပေါ်ပါက ဦးစီးဌာနသို့လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်သူသို့လည်းကောင်း ဆက်သွယ်ဆောင်ရွက်ပေးခြင်းနှင့် ပြည်တွင်း၊ ပြည်ပ အကူအညီဖြင့်ဆောင်ရွက်သည့် လုပ်ငန်းများတွင် ပြင်ဆင်ထိန်းသိမ်းစရိတ် ကာမိစေရန်ဓာတ်အားခနှုန်းထားကို ကျေးလက်နေပြည်သူများသို့ ပွင့်လင်းမြင်သာစွာ ချပြရှင်းလင်း သဘောတူညီချက်ရယူကာ ဦးစီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ဓာတ်အားခကောက်ခံနိုင်ခြင်း စသည်ဖြင့် တွေ့ရှိရသည်။

**ကျေးရွာနေပြည်သူ၏ ပူးပေါင်းပါဝင်မှုအခန်းကဏ္ဍ**

ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းများ ရေရှည်လည်ပတ်နိုင်စေရန်နှင့် ပြည်သူမှ မိမိပိုင်ပစ္စည်းကဲ့သို့ တန်ဖိုးထား ထိန်းသိမ်းကြစေရန်ရည်ရွယ်၍ အထက်တွင်ဆိုခဲ့သည့်အတိုင်း ပြည်သူ့ထည့်ဝင်ငွေ သတ်မှတ်အချိုးကျ ထည့်ဝင်ဆောင်ရွက်စေသည့် နည်းလမ်းဖြင့် ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် ပြုပြင်ထိန်းသိမ်းရေးအတွက်ကိုပါ စနစ်တကျ သင်တန်းများပေးကာ တာဝန်ယူ ဆောင်ရွက်စေခြင်းဖြစ်သည်။



ဆိုလာအသေးစားဓာတ်အားစနစ်ဖြင့် ကျေးရွာအတွင်း ဓာတ်အားဖြန့်ဖြူးစဉ်။

**အိမ်သုံးဆိုလာစနစ် (SHS)**

အိမ်သုံးဆိုလာစနစ် (SHS)စနစ် ရယူသူများအနေဖြင့် ၆၀ ဝပ်ဆိုလာစနစ်တစ်စုံလျှင် ၅၀,၀၀၀ ကျပ်နှင့် ၁၀၀ ဝပ်ဆိုလာစနစ်တစ်စုံလျှင် ၁၅၀,၀၀၀ ကျပ်ကို အရစ်ကျစနစ်ဖြင့် နှစ်ကြိမ်ခွဲ၍ ပေးသွင်းရပြီး ကျန်ကုန်ကျငွေများကို စီမံကိန်းရန်ပုံငွေမှ ကျခံသုံးစွဲခြင်းဖြစ်သည်။ ထို့ပြင် စာသင်ကျောင်း၊ ဆေးပေးခန်း၊ဘာသာရေးအဆောက်အဦနှင့် လမ်းမီးစသည့် အများသုံးဆိုလာစနစ်များကိုမူ စီမံကိန်းရန်ပုံငွေမှ ၁၀၀ ရာခိုင်နှုန်းထောက်ပံ့ပေးခြင်းဖြစ်သည်။

အိမ်သုံးဆိုလာစနစ်များ ရေရှည်အသုံးပြုနိုင်စေရန်အတွက် စနစ်တကျကိုင်တွယ်အသုံးပြုနည်းနှင့် ပြင်ဆင်ထိန်းသိမ်းနည်းကို လုပ်ငန်းဆောင်ရွက်သူက သင်ကြားပို့ချပေးရမည်ဖြစ်ပြီး ပြုပြင်ထိန်းသိမ်းခြင်းကို အသုံးပြုသူမှလည်းကောင်း၊ လမ်းမီးတိုင်များကို ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီမှလည်းကောင်း၊ စာသင်ကျောင်း၊ ဆေးပေးခန်း၊ ဘာသာရေးအဆောက်အဦတို့တွင် တပ်ဆင်ထားရှိသည့် အများသုံးဆိုလာစနစ်များအတွက်မူ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှလည်းကောင်း တာဝန်ယူဆောင်ရွက်ကြရသည်။

**အသေးစားဓာတ်အားစနစ် (Mini–Grid)**

အသေးစားဓာတ်အားစနစ် (Mini–Grid)ကို စီမံကိန်းရန်ပုံငွေမှ ၆၀ ရာခိုင်နှုန်း၊ ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင် Developer မှ ၂၀ ရာခိုင်နှုန်းနှင့် ကျေးရွာနေပြည်သူမှ ၂၀ ရာခိုင်နှုန်းထည့်ဝင်ဆောင်ရွက်နေခြင်းဖြစ်ပြီး လုပ်ငန်းရှင်၏ လုပ်ငန်းလုပ်ကိုင်ခွင့်ကာလအတွင်း၌မူ လုပ်ငန်းလည်ပတ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းကို လုပ်ငန်းရှင်ဘက်မှ တာဝန်ယူဆောင်ရွက်ရသည်။

လျှပ်စစ် ဓာတ်အားခကို လုပ်ငန်းရှင်၏ရင်းနှီးမြှုပ်နှံငွေနှင့် လုပ်ငန်းဆောင်ရွက်ခွင့်ကာလ၊ အရင်းပြန်ရကာလတို့အပေါ်မူတည်တွက်ချက်ရပြီး ကျေးရွာလျှပ်စစ်မီးလင်းရေး ကော်မတီ၏ သဘောတူညီချက်၊ ဦးစီးဌာန၏ ခွင့်ပြုချက်တို့ရရှိပြီးမှသာ နှုန်းထားအတည်ပြုသတ်မှတ်ကြရခြင်းဖြစ်သည်။ သတ်မှတ်လုပ်ငန်းလုပ်ကိုင်ခွင့်ကာလ ပြည့်မြောက်ပါက **ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါပုဒ်မ**(၂၃)နှင့်အညီ ကျေးရွာမီးလင်းရေး ကော်မတီသို့ လုပ်ငန်းလွှဲပြောင်းအပ်နှံရမည်ဖြစ်ပြီး လုပ်ငန်းလွှဲပြောင်းအပ်နှံခြင်းမပြုမီ သုံးစွဲနည်းနှင့် ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးသင်တန်းများပေးခြင်းတို့ကိုဆောင်ရွက် ပေးရမည်ဟု ဥပဒေအရပါ ပြဋ္ဌာန်းပေးထားသည်။

“ကျွန်တော်တို့အနေနဲ့ လုပ်ငန်းအဆိုပြုလွှာ မတင်ခင်ကတည်းက ကျေးရွာနဲ့စပြီး ညှိနှိုင်း ရတာပေါ့နော်၊ သူတို့ဘက်က လိုအင်ဘယ်လိုရှိမလဲ၊ ကျွန်တော်တို့ဘက်က ဘာတွေလုပ်ပေးနိုင်မလဲ၊ ဓာတ်အားခဘယ်လိုကောက်မလဲ စသဖြင့်ပေါ့၊ ရွာတွေဆိုတော့ မြို့မှာလို အိမ်တိုင်း လျှပ်စစ်ပစ္စည်းသုံးကြတာ မဟုတ်ဘူးလေ… ဒီတော့ အိမ်ထောင်စု တစ်စုချင်းအလိုက် ဘာတွေသုံးမယ်၊ ဓာတ်အားလိုအပ်ချက် ဘယ်လောက်ရှိမယ်၊ လျှပ်စစ်သုံးပြီး ဘာလုပ်ငန်းလေးတွေ လုပ်ဖို့ရှိမယ်၊ သူတို့ ဘယ်လောက်တတ်နိုင်မယ်၊ ဘယ်လိုလေး အရစ်ကျ ထည့်ဝင်ချင်တယ် ဆိုတာကအစ ဆွေးနွေးညှိနှိုင်း၊ Household Survey ဆင်း၊ ဓာတ်အားသုံးစွဲမယ့်ပမာဏအလိုက် သင့်တော်တဲ့ Package လေးတွေခွဲ၊ သူတို့ဘက်ကလည်း သဘောတူ၊ အဆိုပြုလွှာလည်း အောင်ဆိုရင်တော့ DRDရယ်၊ ရွာမီးလင်းရေး ကော်မတီရယ်နဲ့ ကျွန်တော်တို့သုံးဦးဆိုင် လုပ်ငန်း စာချုပ်ချုပ်၊ လုပ်ငန်း စလုပ်၊ ဒီနည်းနဲ့သွားနေတာပေါ့၊” ဟု လက်ရှိတွင် အသေးစား ဓာတ်အားစနစ် ဆောင်ရွက်နေသည့် လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

**ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့်မူ ထိုသို့ ရင်းနှီးမြှုပ်နှံငွေ အချိုးကျ ထည့်ဝင်သည့် နည်းလမ်းဖြင့် ဆောင်ရွက်နိုင်သည့်အပြင် ၁၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံ၍လည်း ဆောင်ရွက်နိုင်ကြောင်း သိရသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ပုဒ်မ(၂၂)အရဆိုလျှင် မဟာဓာတ်အားလိုင်း ပြင်ပဧရိယာအတွင်း ကျေးလက်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်လိုသူသည် သတ်မှတ်ချက်များနှင့်အညီ** ဦးစီးဌာနတွင် လျှောက်ထားနိုင်ကြောင်းတွေ့ရသည်။

ပြည်သူ–ပုဂ္ဂလိက ပူးပေါင်းပါဝင်မှုဟုဆိုရာတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် ရင်းနှီးမြှုပ်နှံမှု အကျိုးစီးပွားတစ်ခုတည်းအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းမဟုတ်ဘဲ ကျေးရွာနေ ပြည်သူများ၏ ဆန္ဒသဘောထားကို ဦးစားပေး အလေးဂရုပြု ဆောင်ရွက်လျက်ရှိပြီး ကျွဲကူးရေပါ ဆိုသလို လျှပ်စစ်မီးရရှိမှုနှင့်အတူ ပြည်သူ– ပုဂ္ဂလိက ပူးပေါင်းပါဝင်မှု ဖွံ့ဖြိုးစေရေးကိုပါ ဦးတည်ဆောင်ရွက်လျက်ရှိသည့်အတွက် မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက်မီးလင်းရေးစနစ်သည် ရှေ့လျှောက်ပိုမို၍ ခရီးတွင်ဦးမည့် မီးလင်းရေးစနစ်တစ်ခုအဖြစ် ရှုမြင်သုံးသပ်မိရသည်။

**တစ်ရွာမှသည် တစ်ရာ…တစ်ရာမှသည် ထောင်သောင်းချီ အလင်းတရား ဆင့်ပွားလင်းနိုင်ကြစေချင်**

ပြည်သူမပါဘဲ သွားရတဲ့ ခရီးဟာ နွေအခါထဲ ရေဘူးမပါဘဲ ခရီးနှင်ရသည်နှင့်တူသည်။ ခရီးမတွင်သလို တာရှည်ရပ်တည်နိုင်ဖို့ရာလည်း ခဲယဉ်းလှသည်။ ယခုမူ ပြည်သူ့အားနှင့် စခဲ့သည့် ကျေးလက်မီးလင်းရေး ခရီးသည် အတော်အတန် ခရီးပေါက်ခဲ့သည်မှာ မျက်မြင်ကိုယ်တွေ့ဟု ဆိုရပေမည်။ သည်ခရီး သည်လမ်း သည်အတိုင်းသာ ပြည်သူ့အားဖြင့် ရှေ့ဆက်ခရီးနှင်မည်ဆိုလျှင်မူ “၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေး”ဟူသည့် နိုင်ငံ၏ပန်းတိုင်ဆီ မတိမ်းမဆောင်း လျှောက်လှမ်းနိုင်လိမ့်မည်ဟု ယုံကြည်စွာမျှော်လင့်မိပါတော့သည်။ ။

ယခုအပတ် ပရီမီယာလိဂ် ပွဲစဉ် (၆) မှာ အမှတ်ပေးဇယားအထက်ပိုင်းမှ ချယ်ဆီးနဲ့ မန်စီးတီး၊ မန်ယူနဲ့ ဗီလာ၊ ဘရန့်ဖို့ဒ်နဲ့ လီဗာပူး၊ အာဆင်နယ်နဲ့ စပါးအသင်းတို့ ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ပွဲစဉ် (၅) ယှဉ်ပြိုင်ကစားအပြီးမှာ ချယ်ဆီး၊ လီဗာပူး၊ မန်ယူအသင်းတို့က ရမှတ် ၁၃ မှတ်စီ ရရှိထားပြီး အမှတ်ပေးဇယားကို အစဉ်လိုက်ရပ်တည်နေပါတယ်။ ဒါကြောင့် ယခုအပတ် ပွဲစဉ်မှာ ဘယ်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်ပြီး ဘယ်အသင်းက ရမှတ်ဆုံးရှုံးသွားမလဲ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

## ခံစစ်မာကျောပြီး တိုက်စစ်အားသန်တဲ့ ချယ်ဆီးနဲ့ မန်စီးတီးတို့ပွဲစဉ်က ဘယ်လိုဖြစ်လာမလဲ

### ပရီမီယာလိဂ်ပွဲစဉ် (၆)

| ၂၅-၉-၂၀၂၁ | စနေနေ့ |
|---|---|
| ချယ်ဆီး - မန်စီးတီး | ည ၆:၀၀ |
| မန်ယူ - ဗီလာ | ည ၆:၀၀ |
| အဲဗာတန် - နော့ဝှစ်ချ် | ည ၈:၃၀ |
| လိဒ်စ် - ဝက်စ်ဟမ်း | ည ၈:၃၀ |
| လက်စတာ - ဘန်လေ | ည ၈:၃၀ |
| ဝက်ဖို့ဒ် - နယူးကာဆယ် | ည ၈:၃၀ |
| ဘရန့်ဖို့ဒ် - လီဗာပူး | ည ၁၁:၀၀ |
| ၂၆-၉-၂၀၂၁ | တနင်္ဂနွေနေ့ |
| ဆောက်သမ်တန် - ဝုဖ် | ည ၇:၃၀ |
| အာဆင်နယ် - စပါး | ည ၁၀:၀၀ |
| ၂၇-၉-၂၀၂၁ | တနင်္လာနေ့ |
| ပဲလေ့စ် - ဘရိုက်တန် | နံနက် ၁:၃၀ |

### ဂိုးအများဆုံးသွင်းထားသူများ



| အမည် | အသင်း | ဂိုး |
|---|---|---|
| ဖာနန်ဒက်စ် | မန်ယူ | ၄ |
| အန်တိုနီယို | ဝက်စ်ဟမ်း | ၄ |
| ဆာလာ | လီဗာပူး | ၄ |
| ဘင်ရာမာ | ဝက်စ်ဟမ်း | ၃ |
| ဗာဒီ | လက်စတာ | ၃ |
| စီရော်နယ်ဒို | မန်ယူ | ၃ |
| ကားဗက်လီဝင် | အဲဗာတန် | ၃ |
| လူကာကူ | ချယ်ဆီး | ၃ |

### ချယ်ဆီး VS မန်စီးတီး

Stamford Bridge Stadium

25-9-2021 (SAT) Kick-Off 6:00 PM



လက်ရှိအမှတ်ပေးဇယားမှာ ချယ်ဆီးအသင်းက သုံးမှတ်အသာနဲ့ မန်စီးတီးအသင်း ထက်မှာ ရပ်တည်နေပါတယ်။ ယခုနှစ်ရာသီမှာ ဒီနှစ်သင်းရဲ့ ခြေစွမ်းက တည်ငြိမ်ပြီး ထက်မြက်နေပါတယ်။ ပြီးခဲ့တဲ့ ကာရာဘောင်ဖလားပြိုင်ပွဲမှာ နှစ်သင်းစလုံး နောက်တစ်ဆင့်ကို တက်ရောက်ထားနိုင်တဲ့အပြင် နောက်ဆုံးငါးပွဲမှာလည်း နှစ်သင်းစလုံး ရှုံးပွဲကြုံတွေ့ထားခြင်းမရှိတာကြောင့် စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ဒီနှစ်သင်း နောက်ဆုံး နှစ်ကြိမ်ထိပ်တိုက်တွေ့ဆုံမှုမှာ ချယ်ဆီးက နှစ်ကြိမ်စလုံး အနိုင်ရရှိထားပါတယ်။ ဒါကြောင့် မန်စီးတီးအနေနဲ့ ချယ်ဆီးကို ယခုအကြိမ်မှာ နိုင်ပွဲရအောင် အကောင်းဆုံး ပြင်ဆင်လာမှာပါ။ ခံစစ်မာကျောပြီး တိုက်စစ်အားသန်တဲ့အသင်း နှစ်သင်းတွေ့ဆုံနေတာကြောင့် ဘယ်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်သွားမလဲ ဆိုတာကို ဆက်လက်စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

#### ချယ်ဆီးအသင်း၏ ပြိုင်ပွဲစုံ နောက်ဆုံး သုံးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ၁၅-၉-၂၀၂၁ | ချယ်ဆီး | ၁ - ၀ | ဇင်းနစ် | ချန်ပီယံလိဂ် |
| ၁၉-၉-၂၀၂၁ | စပါး | ၀ - ၃ | ချယ်ဆီး | ပရီမီယာလိဂ် |
| ၂၃-၉-၂၀၂၁ | ချယ်ဆီး | ၁ - ၁ | ဗီလာ | ကာရာဘောင် |
| | ပယ်နယ်တီ | ၄ - ၃ | | |

#### မန်စီးတီးအသင်း၏ ပြိုင်ပွဲစုံ နောက်ဆုံး သုံးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ၁၆-၉-၂၀၂၁ | မန်စီးတီး | ၆ - ၃ | လိုက်ပ်ဇစ် | ချန်ပီယံလိဂ် |
| ၁၈-၉-၂၀၂၁ | မန်စီးတီး | ၀ - ၀ | ဆောက်သမ်တန် | ပရီမီယာလိဂ် |
| ၂၂-၉-၂၀၂၁ | မန်စီးတီး | ၆ - ၁ | ဝိုင်ကမ်ဘီ | ကာရာဘောင် |

### မန်ယူ VS အက်စ်တွန်ဗီလာ

ပြီးခဲ့တဲ့ ကာရာဘောင်ဖလားပြိုင်ပွဲမှာ နှစ်သင်းစလုံး ပြိုင်ဘက်ကို ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရတာကြောင့် ယနေ့ပွဲစဉ်ကို အကောင်းဆုံးပြင်ဆင်လာမှာပါ။ ပရီမီယာလိဂ် ငါးပွဲယှဉ်ပြိုင်ကစားအပြီး မန်ယူအသင်းရဲ့ ခြေစွမ်းက ခံစစ်ပိုင်း ကျစ်လျစ်မှုရှိပြီး တိုက်စစ်ပိုင်းထက်မြက်နေတယ်။ ပြိုင်ဘက် ဗီလာအသင်းက ခံစစ်ပိုင်း၊ တိုက်စစ်ပိုင်းမှာ လိုအပ်ချက်ရှိနေပြီး အကျဘက်ရောက်နေတယ်။ မည်သို့ပင်ဆိုစေ စုဖွဲ့မှုအားကောင်းတဲ့ မန်ယူကို ဗီလာအနေနဲ့ အနိုင်ရဖို့ ခက်ပါလိမ့်မယ်။

### အာဆင်နယ် VS စပါး

အာဆင်နယ်ရော စပါးအသင်းပါ ပြီးခဲ့တဲ့ ကာရာဘောင်ဖလားပြိုင်ပွဲမှာ နိုင်ပွဲရရှိပြီး နောက်တစ်ဆင့် တက်ရောက်ထားပါတယ်။ အာဆင်နယ်အနေနဲ့ နောက်ဆုံး သုံးပွဲဆက် နိုင်ပွဲရရှိထားတာကြောင့် ခြေစွမ်းတည်ငြိမ်နေတယ်။ စပါးအသင်းက နောက်ဆုံးလေးပွဲမှာ နိုင်ပွဲပျောက်ဆုံးထားတာကြောင့် ခြေစွမ်းအဆိုးဘက် ဦးတည်နေတယ်။ဒါကြောင့်ရမှတ်လိုအပ်ချက်ရှိနေတဲ့ အာဆင်နယ်အသင်း နိုင်ပွဲဆက်လက်ရယူသွားမလား သို့မဟုတ် စပါးအသင်း နိုင်ပွဲပြန်လည်ရှာတွေ့သွားမလား။

### ချန်ပီယံလိဂ်အုပ်စုပွဲစဉ် (၂)

| ၂၈-၉-၂၀၂၁ | အင်္ဂါနေ့ |
|---|---|
| အိုင်းယက်စ် - ဘက်ဆစ်တပ် | ည ၁၁:၁၅ |
| ရှက်တာ - အင်တာမီလန် | ည ၁၁:၁၅ |
| ပီအက်စ်ဂျီ - မန်စီးတီး | နံနက် ၁:၃၀ |
| လိုက်ပ်ဇစ် - ကလပ်ဘရုဂ် | နံနက် ၁:၃၀ |
| ပေါ်တို - လီဗာပူး | နံနက် ၁:၃၀ |
| အေစီမီလန် - အေတီမက် | နံနက် ၁:၃၀ |
| ဒေ့ါမွန် - လစ္စဘွန်း | နံနက် ၁:၃၀ |
| ရီးရဲမက်ဒရစ် - ရှရစ်ဖ် | နံနက် ၁:၃၀ |
| ၂၉-၉-၂၀၂၁ | ဗုဒ္ဓဟူးနေ့ |
| အတ္တလန္တာ - ယန်းဘွိုင်းစ် | ည ၁၁:၁၅ |
| ဇင်းနစ် - မယ်လ်မို | ည ၁၁:၁၅ |
| ဘိုင်ယန် - ဒိုင်နမိုကိဗ် | နံနက် ၁:၃၀ |
| ဘင်ဖီကာ - ဘာစီလိုနာ | နံနက် ၁:၃၀ |
| မန်ယူ - ဗီလာရီးရဲ | နံနက် ၁:၃၀ |
| ဆောလ်ဘတ် - လိုင်လီ | နံနက် ၁:၃၀ |
| ဝုဖ်ဘတ် - ဆီဗီလာ | နံနက် ၁:၃၀ |
| ဂျူဗင်တပ်စ် - ချယ်ဆီး | နံနက် ၁:၃၀ |

ယခုအပတ်မှာ ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဆင့် ပွဲစဉ် (၂) မှပွဲစဉ်များကို ဆက်လက်ကျင်းပသွားမှာ ဖြစ်ပါတယ်။ ပီအက်စ်ဂျီနဲ့ မန်စီးတီး၊ အေစီမီလန်နဲ့ အက်သလက်တီကို မက်ဒရစ်၊ မန်ယူနဲ့ ဗီလာရီးရဲ၊ ဂျူဗင်တပ်စ်နဲ့ ချယ်ဆီး အသင်းတို့ ဆုံတွေ့နေပါတယ်။ ဒါကြောင့် ဘယ်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်ပြီး ဘယ်အသင်းက ရလဒ်ဆိုးနဲ့ ကြုံတွေ့သွားမလဲ စိတ်ဝင်စားဖွယ်ရာပါ။

## မန်စီးတီးအသင်းကို ယမန်နှစ်ကရှုံးကြွေး ပီအက်စ်ဂျီအသင်း ပြန်ဆပ်နိုင်မလား

### ပီအက်စ်ဂျီ VS မန်စီးတီး

ယမန်နှစ်က ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်မှာ တွေ့ဆုံထားပြီး မန်စီးတီးက နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-တစ်ဂိုးနဲ့ နောက်တစ်ဆင့် တက်ရောက်ထားပါတယ်။ ဒါပေမယ့် ယခုနှစ်ရာသီ လီဂူးဝမ်းမှာ ပီအက်စ်ဂျီအသင်းဟာ ခုနစ်ပွဲကစား ခုနစ်ပွဲနိုင်နဲ့ အကောင်းဆုံးပုံစံမှာ ရှိနေပါတယ်။ ချန်ပီယံလိဂ်အဖွင့်ပွဲမှာတော့ ပီအက်စ်ဂျီအနေနဲ့ ဘယ်လ်ဂျီယံကလပ် ကလပ်ဘရုဂ် အသင်းကို တစ်ဖက်တစ်ဂိုးစီသရေကျထားပါတယ်။ ဒါကြောင့် ယခုပွဲစဉ်မှာ မဖြစ်မနေ နိုင်ပွဲရရှိဖို့ လိုအပ်နေပါတယ်။

ပြိုင်ဘက် မန်စီးတီးအသင်းက ပြိုင်ပွဲစုံ နောက်ဆုံး ခြောက်ပွဲမှာ ငါးပွဲအထိ နိုင်ပွဲရရှိထားပြီး တစ်ပွဲသရေကျထားပါတယ်။ ဒ့ါအပြင် မန်စီးတီးဟာ ယခုနှစ်ရာသီမှာ ခံစစ်ပိုင်း ကျစ်လျစ်ပြီး တိုက်စစ်ပိုင်း ထက်မြက်နေတာ တွေ့ရတယ်။ ပီအက်စ်ဂျီအသင်းကလည်း စုဖွဲ့မှုအားကောင်းပြီး တိုက်စစ်ပိုင်းမှာ အကောင်းဆုံးပုံစံရှိနေတာကြောင့် ယခုပွဲစဉ်က ပရိသတ်အကြိုက် ပွဲကောင်းဖြစ်လာမှာပါ။ ဒါကြောင့် မန်စီးတီးကို ရှုံးကြွေးပြန်ဆပ်ကာ ရလဒ်ကောင်း ရရှိသွားမလား။

### အေစီမီလန် VS အေတီမက်

အေစီမီလန်က အဖွင့်ပွဲစဉ်မှာ လီဗာပူးအသင်းကို ရှုံးနိမ့်ထားတာကြောင့် ယခုပွဲစဉ်ကို အနိုင်ရရှိရေး အားစိုက်ကစားလာမှာပါ။ အေတီမက်ကလည်း ပေါ်တိုကို သရေကျထားတာကြောင့် နိုင်ပွဲရရှိဖို့ အသေအချာပြင်ဆင်လာမှာပါ။ ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံးနှစ်ကြိမ်မှာ အေတီမက်က အနိုင်ရထားပါတယ်။ အေစီမီလန်အနေနဲ့ အေတီမက်ကို ကျော်ဖြတ်နိုင်မလား စိတ်ဝင်စားဖွယ်ရာပါ။

### ဂျူဗင်တပ်စ် VS ချယ်ဆီး


ဂျူဗင်တပ်စ်က ပုံမှန်ခြေစွမ်းရဖို့ ရုန်းကန်နေရတဲ့အသင်း ဖြစ်ပြီး ချယ်ဆီးက ခြေစွမ်းကောင်းမွန်နေတဲ့အသင်း ဖြစ်ပါတယ်။ အဖွင့်ပွဲစဉ်မှာ နှစ်သင်းစလုံး နိုင်ပွဲရရှိထားတာကြောင့် ယခုပွဲစဉ်မှာ အမှတ်ပေးဇယားဦးဆောင်နိုင်ဖို့ အနိုင်ရရှိရေး ဦးတည်လာမှာပါ။ ထိပ်တိုက်တွေ့ဆုံမှုမှာ ဂျူဗင်တပ်စ်က အသာရထားတယ်။ မည်သို့ပင်ဆိုစေ တိုက်စစ်ထက်မြက်တဲ့ ချယ်ဆီးကို ဂျူဗင်တပ်စ်အနိုင်ရဖို့ မလွယ်ပါဘူး။



### ဂျူဗင်တပ်စ်၌ ကာလရှည်သက်တမ်းတိုးရန် နီးစပ်လာသည့် တိုက်စစ်ကစားသမား ဒိုင်ဘာလာ

အာဂျင်တီးနား တိုက်စစ်ကစားသမား ဒိုင်ဘာလာသည် ဂျူဗင်တပ်စ်အသင်း၌ ကာလရှည်စာချုပ်သစ်ချုပ်ဆိုရန် နီးစပ်လာပြီဖြစ်သည်။ ပြီးခဲ့သည့် လများအတွင်း အသင်းမှ ထွက်ခွာတော့မည်ဟု ထင်ကြေးပေးပြောဆိုနေခြင်း ခံနေရသည့် ဒိုင်ဘာလာအနေဖြင့် ဂျူဗင်တပ်စ်အသင်း၌ ၂၀၂၂ ခုနှစ် ဇွန်လတွင် လက်ရှိစာချုပ်သက်တမ်းကုန်ဆုံးတော့မည် ဖြစ်သည်။ ၎င်းသည် ၂၀၁၅ ခုနှစ်တွင် ပါလာမိုအသင်းမှ ဂျူဗင်တပ်စ်အသင်းသို့ ရောက်ရှိလာသူဖြစ်ပြီး အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၂၅၉ ပွဲကစားထားပြီး ဂိုး ၁၀၀ ကျော် သွင်းယူပေးထားသည်။

■ မိုးဇက် - စုစည်းသည်



လင်းခေတ်ဆန် - စုစည်းသည်

မိုင်ယာမီရှိ ဟာ့ဒ်ရော့ခ်အားကစားရုံကို အပေါ်စီးမှ တွေ့မြင်ရစဉ်။

## ဖော်မြူလာဝမ်းကားပြိုင်ပွဲကို နောက်နှစ် မေ ၈ ရက် မိုင်ယာမီမှာ ကျင်းပမယ်

ဖော်မြူလာဝမ်းကားပြိုင်ပွဲကို နောက်နှစ် မေ ၈ ရက်မှာ မိုင်ယာမီရှိ ဟာ့ဒ်ရော့ခ်ကစားကွင်းမှာ ပထမဆုံးကျင်းပမယ်လို့ ပွဲစီစဉ်သူတွေက ပြောပါတယ်။

အံ့ဩတုန်လှုပ်စရာစိတ်အားထက်သန်မှုတွေနဲ့ ဒီပွဲကို မျှော်လင့်စောင့်စားနေပါတယ်။ ဖော်မြူလာဝမ်းပြိုင်မယ့်ရက်ကို ကြေညာနိုင်ခဲ့တဲ့အတွက် မိမိတို့တွေပျော်ပါတယ်။ အဲဒီပွဲအတွက် ကြိုတင်ပြင်ဆင်စရာရှိတာ ပြင်ဆင်နိုင်တော့မှာဖြစ်ပါတယ်လို့ မီယာမီ ဂရန့်ဒ်ပရစ် စီမံခန့်ခွဲရေးမှူး တွမ်ဂါဖင်ဂယ်က ထုတ်ပြန်ကြေညာချက်မှာဖော်ပြခဲ့ပါတယ်။

၁၉၅၀ မှာ စတင်ခဲ့တဲ့ ကမ္ဘာ့တံခွန်စိုက်ပြိုင်ပွဲမှစကာ မိုင်ယာမီဟာ အမေရိကန်ပြည်ထောင်စုမှာ ၁၁ နေရာမြောက် ဖော်မြူလာဝမ်းကားပြိုင်ပွဲ ကျင်းပတဲ့နေရာဖြစ်ပါတယ်။

မိုင်ယာမီမှာရှိတဲ့ ဟာ့ဒ်ရော့ခ် ကစားကွင်းကို အိမ်ခြံမြေထိပ်သီးပုဂ္ဂိုလ်လည်းဖြစ်၊ မိုင်ယာမီဒေါ်ဖင် အင်န်အက်ဖ်အယ်လ် အသင်းရဲ့ ပိုင်ရှင်လည်းဖြစ်တဲ့ စတီဖင်ရော့စ်က ပိုင်ဆိုင်ပါတယ်။ သူက ကားပြိုင်ပွဲပတ်လမ်းတည်ဆောက်မှုကုန်ကျစရိတ်နဲ့ အဘက်ဘက်က ကုန်ကျစရိတ်များကို အကုန်အကျခံမှာဖြစ်ပါတယ်။

ဖော်မြူလာဝမ်းရဲ့ ၂၀၂၂ ခုနှစ် ပြိုင်ပွဲရာသီအားကစားအချိန်ဇယားများကို လာမယ့်လအထိ တရားဝင်ထုတ်ပြန်ဦးမှာ မဟုတ်သေးပါဘူး။ ဆေးလ်ဗားစတုန်းက ဗြိတိန်ဂရန့်ဒ်ပရီရဲ့ လက်မှတ်တွေကို လာမယ့်နှစ် ဇူလိုင် ၃ ရက်မှာ ရောင်းချသွားမှာဖြစ်ပါတယ်။

## ရွှေတံဆိပ်ရ ရုရှားနပန်းသမား တားမြစ်ဆေးမှုနဲ့ ကစားခွင့်လေးနှစ်ပိတ်ပင်ခံရ

လန်ဒန်အိုလံပစ် ၁၂၀ ကီလိုအလွတ်တန်းပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုရရှိခဲ့တဲ့ ရုရှား နပန်းသမား ဘယ်ရယ်မာကော့ဗ်ကို တားမြစ်ဆေးသုံးစွဲမှုနဲ့ ကစားခွင့်လေးနှစ်ပိတ်ပင်လိုက်တယ်လို့ ရုရှားတားမြစ်ဆေးဆန့်ကျင်ရေးအေဂျင်စီ ကပြောပါတယ်။

အသက် ၃၄ နှစ်ရှိပြီဖြစ်တဲ့ ဘယ်ရယ်မာကော့ဗ်အပေါ် တားမြစ်ပိတ်ပင်မှုကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၇ ရက်နောက်ပြန်ရက်စွဲဖြင့် သတ်မှတ်ခဲ့တယ်လို့ အေဂျင်စီရဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

တားမြစ်ဆေးဝါးသုံးစွဲကြောင်းစစ်ဆေးတွေ့ရှိခဲ့တယ်လို့ တက်စ်သတင်းအေဂျင်စီမှာဖော်ပြထားပါတယ်။ သူဘယ်လောက်ဆေးသုံးတယ်ဆိုတာကိုဖော်ပြဖို့လည်း ပျက်ကွက်ခဲ့တယ်လို့ ရုရှားတားမြစ်ဆေးဆန့်ကျင်ရေးအေဂျင်စီရဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောပါတယ်။ အဆိုပါမှတ်ချက်နဲ့ ပတ်သက်ပြီး ရုရှားနပန်းအဖွဲ့ကတော့ ဘာမှ မပြောသေးပါဘူး။ သုံးကြိမ်ဆက်တိုက် ကမ္ဘာ့ချန်ပီယံဖြစ်တဲ့ ဘယ်ရယ်မာကော့ဗ်ဟာ ၂၀၁၂ အားကစားပြိုင်ပွဲမှာလည်း အီရန်ကစားသမား ကိုမီလ်ဂါဆမီနဲ့အတူ ကြေးတံဆိပ်ရရှိခဲ့ပါသေးတယ်။



၂၀၁၀ ပြည့်နှစ်က မော်စကိုမှာကျင်းပတဲ့ ကမ္ဘာ့နပန်း ချန်ပီယံပြိုင်ပွဲမှာ ရုရှားနပန်းသမား ဘယ်ရယ်မာကော့ဗ် ဥဇဘတ်ကစ္စတန် ကစားသမား အာသာတေမာဇော့ဗ်ကို အနိုင်ရရှိပြီး အောင်ပွဲခံနေစဉ်။

## ၂၀၂၂ ပေကျင်း ဆောင်းရာသီအိုလံပစ်အားကစားပွဲဝင်ရောက်ယှဉ်ပြိုင်မယ့် အမေရိကန်ကစားသမားများ ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝ ထိုးရမယ်

၂၀၂၂ ခုနှစ် ပေကျင်းဆောင်းရာသီ အိုလံပစ်အားကစားပွဲဝင်ရောက်ယှဉ်ပြိုင်မယ့် အမေရိကန်ကစားသမားများအားလုံး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးဖို့လိုအပ်တယ်လို့ အမေရိကန်အိုလံပစ်နဲ့မသန်စွမ်းကော်မတီက ပြောကြားလိုက်ပါတယ်။ ကစားသမားများနဲ့ အမေရိကန်အိုလံပစ်နဲ့ မသန်စွမ်းကော်မတီရဲ့ အားကစားအထောက်အကူပစ္စည်းများကို အသုံးပြုမယ့်သူများအနေနဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးထားဖို့လိုအပ်တယ်လို့ အမေရိကန်အိုလံပစ်နဲ့ မသန်စွမ်းကော်မတီရဲ့ အမှုဆောင်အရာရှိချုပ် ဆာရာ ဟာရှလန့်ဒ်က ပြောပါတယ်။ အိုလံပစ်နဲ့ မသန်စွမ်းအားကစားပြိုင်ပွဲကိုယှဉ်ပြိုင်မယ့် အမေရိကန်ကိုယ်စားလှယ်တွေအတွက်လည်း ကာကွယ်ဆေးထိုးဖို့လိုအပ်ကြောင်းသိရပါတယ်။



၂၀၂၀ ပြည့်နှစ်က ယူရိုအမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ဒိန်းမတ်နှင့် အစ္စရေးတို့ ယှဉ်ပြိုင်ကြစဉ်

## ၂၀၂၂ခုနှစ် ယူရိုအမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် ဆုကြေးငွေနှစ်ဆချီးမြှင့်မည်ဟု ယူအီးအက်ဖ်အေ ပြော

၂၀၂၂ခုနှစ် ယူရိုအမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် ဆုကြေးငွေကို နှစ်ဆချီးမြှင့်ပေးသွားမည်ဟု ဥရောပဘောလုံးအဖွဲ့ချုပ်က စက်တင်ဘာ ၂၃ ရက်တွင် ကြေညာခဲ့သည်။ ယင်းသို့ဆုကြေးငွေကို နှစ်ဆတိုးမြှင့်ပေးလိုက်သော်လည်း အမျိုးသားဘောလုံးအသင်းထက် ဆုကြေးငွေရရှိမှုမှာ ၅ ရာခိုင်နှုန်းနည်းပါးနေသေးသည်။ လာမည့်နှစ်အင်္ဂလန်တွင်ကျင်းပမည့် ဘောလုံးပြိုင်ပွဲအတွက် ခြေစစ်ပွဲအောင်မြင်သည့် ၁၆သင်းရှိပြီး ဆုကြေးငွေ ၁၆ သန်းရရှိမည်ဖြစ်သည်ဟု ယူအီးအက်ဖ်အေ ကပြောသည်။ ပြိုင်ပွဲအတွင်း အသင်းတိုင်း၏ လုပ်ဆောင်မှုအပေါ်အခြေခံကာ ငွေကြေးရရှိမည်ဖြစ်သည်။ ယူရိုအမျိုးသားဘောလုံးပြိုင်ပွဲတွင် အသင်းပေါင်း ၂၄သင်းပါဝင်ယှဉ်ပြိုင်ပြီး ဆုကြေးငွေ ယူရို ၃၇၁ သန်း ခွဲဝေရရှိခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် အီတလီအသင်းက ဆုတံဆိပ်ကို ယူဆောင်သွားနိုင်ပြီး ဆုကြေးငွေ ယူရို ၄၃ သန်းရရှိခဲ့သည်။ အမျိုးသမီးအသင်းရရှိသည့်ဆုကြေးငွေပမာဏထက် နှစ်ဆကျော်များပြားသည့်ပမာဏပင် ဖြစ်သည်။

## ဂန္ထဝင်ဘောလုံးသမားကြီးပီလီ ဆေးဝန်ထမ်းများကို ကျေးဇူးတင်ကြောင်းပြော

ဘရာဇီးဂန္ထဝင်ဘောလုံးသမားကြီး ပီလီသည် အူမကြီးအကျိတ် ဖယ်ရှားရန်အတွက် ခွဲစိတ်မှုပြုလုပ်ခဲ့ရာ ၎င်းကို ပြုစုစောင့်ရှောက်ခဲ့ကြသည့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများကို ကျေးဇူးတင်ကြောင်း ပြောကြားသည်။ ယခုအခါ ဘောလုံးသမားကြီး ပီလီမှာ အသက် ၈၀ အရွယ်ရှိပြီဖြစ်ကာ ဘရာဇီးနိုင်ငံ ဆော်ပိုလိုမြို့ အဲလ်ဘတ်အိုင်းစတိုင်း ဆေးရုံတွင် ကုသမှုခံယူခဲ့သည်။ ဆေးရုံပေါ်တွင် သူနာပြုနှစ်ဦးနှင့်အတူ ပြုံးရွှင်စွာ ဓာတ်ပုံရိုက်ထားသည့်ပုံကို စက်တင်ဘာ ၂၃ ရက်က လူမှုကွန်ရက်မီဒီယာပေါ်တွင် တင်ခဲ့သည်။ လူသားများမှာ ထူးဆန်းအံ့ဩဖွယ်ကောင်းကြောင်း၊ နေ့စဉ် စည်းလုံးညီညွတ်မှု၊ အိမ်နီးချင်းများအပေါ် ကြင်နာမှုနှင့် ချစ်ခြင်းမေတ္တာတို့ပါဝင်သည့် အသက်မွေးဝမ်းကျောင်း အလုပ်များလည်း ရှိကြောင်း ပီလီက လူမှုကွန်ရက်မီဒီယာပေါ်တွင်ရေးသားထားသည်။



၎င်းကို နေ့စဉ်ကြည့်ရှုစောင့်ရှောက်ပေးခဲ့သည့် သူနာပြုများဖြစ်ကြသော အလက်ဇန်ဒိုနှင့် လီအန်ဒိုတို့ကိုလည်း ကျေးဇူးတင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ပီလီသည် စက်တင်ဘာ ၄ ရက်တွင် ခွဲစိတ်ကုသမှုပြုလုပ်ခဲ့သည်။ နေ့စဉ်ကျန်းမာရေးစစ်ဆေးမှုအရ အကျိတ်ရှိနေကြောင်းတွေ့ရှိသဖြင့် ခွဲစိတ်ခဲ့ရခြင်းဖြစ်သည်။ ပီလီသည် ကစားသမား သက်တမ်း ၂၁ နှစ်တွင် ပွဲစဉ်ပေါင်း ၁၃၆၃ ပွဲ ယှဉ်ပြိုင်ခဲ့ပြီး ဂိုးပေါင်း ၁၂၈၁ ဂိုးသွင်းယူနိုင်ခဲ့သူလည်းဖြစ်သည်။

အောင် - ရေးသားသည်

# ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ကျဆင်းလာပြီး ကန့်သတ်ချက်တွေဖြေလျှော့လိုက်တဲ့ ဥရောပ

ထွန်းကျော်

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကို တားဆီးတဲ့နေရာမှာ နိုင်ငံတစ်နိုင်ငံချင်းစီက ကွဲပြားခြားနားတဲ့ နည်းဗျူဟာတွေကို ချမှတ်ကျင့်သုံးပေမယ့်လည်း ဥရောပတစ်ခွင်မှာ အဓိက ကိုရိုနာဗိုင်းရပ်စ်အညွှန်းကိန်းတွေ တိုးတက်ကောင်းမွန်လာခဲ့ပါတယ်။

**ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ ကျဆင်း**

ရောဂါထိန်းချုပ်ရေးနဲ့ ကာကွယ်ရေးဆိုင်ရာ ဥရောပစင်တာ (အီးစီဒီစီ)ရဲ့ ဖော်ပြချက်အရ နိုင်ငံပေါင်း ၃၀ ပါဝင်တဲ့ ဥရောပစီးပွားရေးဒေသ (အီးအီးအေ) မှာ ကိုရိုနာဗိုင်းရပ်စ် ဓာတ်ခွဲအတည်ပြုလူနာ ၃၈၀၀၀၀ နီးပါးရှိပါတယ်။ အဲဒီထဲမှာ ဥရောပသမဂ္ဂလို့ခေါ်တဲ့ ၂၇ နိုင်ငံနဲ့ အပေါင်းသုံးနိုင်ငံဖြစ်တဲ့ နော်ဝေ၊ အိုက်စလန်၊ လက်ချင်စတိန်း တို့ပါဝင်ပါတယ်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေဟာ သီတင်းပတ်ခြောက်ပတ်ဆက်တိုက် ကျဆင်းခဲ့ပါတယ်။ အီးအီးအေရဲ့ တစ်ပတ်တာကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ ၂၀၂၁ ခုနှစ် မတ်လ ၂၈ ရက်ကနေ ဧပြီ ၃ ရက်အထိ အမြင့်ဆုံး ကိုဗစ်-၁၉ စံချိန်တင် ကူးစက်ဖြစ်ပွားခဲ့တဲ့ ၁ ဒသမ ၁ သန်းအောက်အများကြီး လျော့နည်းခဲ့သလို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလရဲ့ အများဆုံးစံချိန်တင်ကူးစက်ဖြစ်ပွားခဲ့တဲ့ ၁ ဒသမ ၄ သန်း အောက်ထက်လည်း အများကြီးလျော့နည်းခဲ့ပါတယ်။

**ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနိုင်မှု ၈၅ ရာခိုင်နှုန်းအထက်ရှိ**

အီးအီးအေအဖွဲ့ဝင်နိုင်ငံများအကြား ကိုဗစ်-၁၉ ကာကွယ်ဆေးကို ကျယ်ကျယ်ပြန့်ပြန့်ထိုးနှံပေးနေတဲ့ အီးအီးအေအဖွဲ့ဝင်နိုင်ငံအများစုကြောင့်သာ အခုလို ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ကျဆင်းလာတာဖြစ်ပါတယ်။ အရွယ်ရောက်ပြီးသူ ထက်ဝက်အောက်လျော့နည်းတဲ့ ဘူဂေးလ်ရီးယား၊ ခရိုအေးရှား၊ လတ်ဗီးယားနဲ့ ရိုမေးနီးယားနိုင်ငံတွေမှာ ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝထိုးနှံပြီးပြီဖြစ်ပါတယ်။ ဒိန်းမတ်၊ အိုက်စလန်၊ မော်လ်တာနဲ့ ပေါ်တူဂီနိုင်ငံတွေမှာလည်း ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပြီးတဲ့ပမာဏဟာ တစ်နိုင်ငံချင်းစီအလိုက် ၈၅ ရာခိုင်နှုန်းအထက်မှာ ရှိပါတယ်လို့ အီးစီဒီစီရဲ့ အချက်အလက်တွေအရ သိရပါတယ်။

**ကျန်းမာရေးနည်းစနစ်တွေ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ မတူညီ**

ကိုဗစ်-၁၉ ကပ်ရောဂါကို ခုခံကာကွယ်တဲ့ ကျန်းမာရေးနည်းစနစ်တွေဟာလည်း တစ်နိုင်ငံနဲ့ တစ်နိုင်ငံ မတူဘဲ သိသိသာသာ ကွဲပြားခြားနားပါတယ်။

အီတလီနိုင်ငံဟာ ပြည်သူ့ကဏ္ဍနဲ့ ပုဂ္ဂလိကကဏ္ဍနှစ်ခုစလုံးမှာရှိတဲ့ အလုပ်သမားတွေအားလုံးရဲ့ ကျန်းမာရေးအတွက် အောက်တိုဘာလလယ်လောက်မှာ စတင်အသုံးပြုနိုင်မယ့် ကျန်းမာရေးသက်သေခံ လက်မှတ်လို့ဆိုနိုင်တဲ့ “green pass” လိုအပ်လာမယ့် ပထမဆုံး ဥရောပနိုင်ငံတစ်နိုင်ငံ ဖြစ်လာတော့မှာ ဖြစ်ပါတယ်။



အီတလီနိုင်ငံ၌ ဝန်ထမ်းတစ်ဦး ကျန်းမာရေးသက်သေခံလက်မှတ် green pass ကို စစ်ဆေးနေစဉ်။

ကျန်းမာရေးသက်သေခံလက်မှတ်ဟာ ကာကွယ်ဆေးထိုးပြီးကြောင်း သက်သေခံကတ်တစ်ခုအဖြစ် ပြသရာရောက်သလို ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာပြီး သို့မဟုတ် မကြာသေးမီက ကိုဗစ်-၁၉ မရှိကြောင်းကို ပြသတဲ့ ကတ်တစ်ခုလည်း ဖြစ်တယ်။

**နိုင်ငံအလိုက် ကန့်သတ်မှုတွေ ဖြေလျှော့**

လစ်သူယေးနီးယားနိုင်ငံဟာ ဒီတစ်ပတ်မှာ ကိုဗစ်-၁၉ ကန့်သတ်ထားရှိမှု ဆောင်ရွက်ချက်တွေကို အနည်းငယ်ဖြေလျှော့ပေးလိုက်ပါတယ်။ ဆလိုဗေးနီးယားမှာလည်း အလားတူ ဆောင်ရွက်ချက်မျိုး ဆောင်ရွက်ခဲ့ပါတယ်။

**ပြင်သစ်**

ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်ကတည်းက ခုချိန်အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ခုနစ်သန်း နီးနီးရှိတဲ့ အီးအီးအေအဖွဲ့ဝင်နိုင်ငံတွေထက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုပိုများတဲ့ ပြင်သစ်နိုင်ငံက လွန်ခဲ့တဲ့ တစ်လက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု စံချိန်တင်ကာ အမြင့်ဆုံး မှတ်တမ်းတင်ခဲ့တဲ့ အရေအတွက်မှ တဖြည်းဖြည်း ကျဆင်းလာတဲ့တိုင်အောင် သူ့ရဲ့လတ်တလော ကိုဗစ်-၁၉ ကျန်းမာရေးတားဆီး ဆောင်ရွက်ချက်များကို ထိန်းသိမ်းထားရှိထားပါသေးတယ်။

> ❍ ကိုဗစ်-၁၉ စတင် ဖြစ်ပွားချိန်ကတည်းက ခုချိန်အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ခုနစ်သန်းနီးနီးရှိတဲ့ အီးအီးအေအဖွဲ့ဝင်နိုင်ငံတွေထက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုပိုများတဲ့ ပြင်သစ်နိုင်ငံက လွန်ခဲ့တဲ့ တစ်လက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု စံချိန်တင်ကာ အမြင့်ဆုံး မှတ်တမ်းတင်ခဲ့တဲ့ အရေအတွက်မှ တဖြည်းဖြည်း ကျဆင်းလာတဲ့တိုင်အောင် သူ့ရဲ့ လတ်တလော ကိုဗစ်-၁၉ ကျန်းမာရေးတားဆီး ဆောင်ရွက်ချက်များကို ထိန်းသိမ်းထားရှိထားပါသေးတယ်

**နယ်သာလန်**

နယ်သာလန်နိုင်ငံမှာလည်း စက်တင်ဘာ ၂၅ ရက်မှစကာ လူမှုဝေးကွာစည်းမျဉ်းကို ၁ ဒသမ ၅ မီတာအထိ လျှော့ချပေးမယ်လို့ မကြာသေးမီက ကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။

**ဆွီဒင်**

ဆွီဒင်နိုင်ငံမှာလည်း ကိုဗစ်-၁၉ လက္ခဏာပြတဲ့သူတွေကို အိမ်မှာနေခိုင်းဖို့ ဆက်လက်တိုက်တွန်းသွားဖို့ကလွဲပြီး ဒီလကုန်မှာ ကိုဗစ်-၁၉ ကျန်းမာရေး ကန့်သတ်ချက်အများစုကို ဖယ်ရှားတော့မယ်လို့ ပြောခဲ့ပါတယ်။

**ဖင်လန်**

အိမ်နီးချင်း ဖင်လန်နိုင်ငံက ဒီလမှာ ကာကွယ်ဆေးထိုးထားတဲ့ သူတွေကို ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးမှုတွေ ရပ်တန့်တော့မယ်လို့ ပြောကြားလိုက်ပြီး အသက် ၁၂ နှစ်နဲ့အထက် လူဦးရေရဲ့ ၈၀ ရာခိုင်နှုန်း ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပြီးသွားတာနဲ့ ကန့်သတ်ချက်တွေကို အပြီးတိုင်ရုပ်သိမ်းတော့မယ်လို့ ပြောကြားခဲ့ပါတယ်။

ဖင်လန်နိုင်ငံမှာ စက်တင်ဘာ ၁၄ ရက်အထိ သက်ဆိုင်ရာ လူဦးရေရဲ့ ၅၇ ရာခိုင်နှုန်း ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝထိုးနှံမှု ခံယူခဲ့ပါတယ်။

**မော်လ်တာ**

မော်လ်တာမှာလည်း အစိုးရက ကိုဗစ်-၁၉ ကူးစက်မှုမြင့်မားတဲ့ ဒေသတွေက နိုင်ငံတွင်းပြန်လာသူတွေကို သတ်မှတ်ထားတဲ့ ဟိုတယ်တွေမှာ သီးသန့်ကန့်သတ်စောင့်ကြည့်မှုလုပ်တာထက်စာရင် ကိုယ့်အိမ်မှာပဲ သီးသန့်ကန့်သတ်စောင့်ကြည့်မှု ခံယူဖို့ ကြေညာခဲ့ပါတယ်။

**ဗြိတိန်**

အီးအီးအေထဲမှာ မပါဝင်တဲ့ ဗြိတိန်မှာလည်း ကိုဗစ်-၁၉ ကူးစက်မှု အသစ်ထပ်မဖြစ်ဘူးဆိုရင် ဒီသီတင်းပတ်မှာ ဆောင်းဦးရာသီနဲ့ ဆောင်းရာသီမှာ ကျန်းမာရေးကန့်သတ်ချက်တွေ ဖြေလျှော့ပေးဖို့ အလုံးစုံပါဝင်တဲ့ အစီအစဉ်တစ်ခုကို လျာထားပါတယ်။ တကယ်လို့သာ ထပ်ဖြစ်လာခဲ့မယ်ဆိုရင် ပါးစပ်၊ နှာခေါင်းစည်း မတပ်မနေရဥပဒေနဲ့ ကိုဗစ်-၁၉ စစ်ဆေးခြင်းတွေ တင်းတင်းကျပ်ကျပ် လုပ်ဆောင်ခြင်းနဲ့ သီးသန့်ခွဲခြားနေထိုင်ခြင်းတွေပါဝင်တဲ့ တင်းကျပ်သည့် စည်းမျဉ်းစည်းကမ်းတွေကို လုပ်ဆောင်သွားရမှာပဲ ဖြစ်ပါတယ်။

ကိုးကား- ဆင်ဟွာ

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မွှာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | မွှာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၁၆ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဂ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဃ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (င) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (စ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၀၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန
## လမ်းအထူးအဖွဲ့(၂)၊ မြစ်ကြီးနားမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## တင်ဒါအမှတ်စဉ်(၁/၂၀၂၁)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၄)၊ လမ်းအထူးအဖွဲ့(၂)၊ မြစ်ကြီးနားမြို့မှ ၂၀၂၁-၂၀၂၂ (အောက်တိုဘာလမှ မတ်လ)ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း၊ တံတားလုပ်ငန်းများအတွက် တည်ဆောက်ရေးပစ္စည်းများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူရန်အတွက် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာဝယ်ယူနိုင်သည့်နေ့ရက်** - ၁၁-၁၀-၂၀၂၁ ရက်
(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့် ရက်/အချိန်** - ၂၅-၁၀-၂၀၂၁ ရက် ညနေ ၄:၀၀ နာရီ
(ဂ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၂၆-၁၀-၂၀၂၁ ရက် နံနက် ၁၀:၀၀ နာရီ
(ဃ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၂)၊ မြစ်ကြီးနားမြို့

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၂)၊ မြစ်ကြီးနားမြို့ ဖုန်း-၀၉-၇၆၁၁၀၆၃၃၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁)
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (တင်ဒါအမှတ်စဉ် ၁/၂၀၂၁-၂၀၂၂)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၄) လမ်းအထူးအဖွဲ့(၁)မှ ၂၀၂၁-၂၀၂၂ (အောက်တိုဘာလမှ မတ်လ)ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း၊ တံတားလုပ်ငန်းများအတွက် အသုံးပြုမည့်စံချိန်စံညွှန်းမီ အရည်အသွေးပြည့်ဝသော လုပ်ငန်းသုံးပစ္စည်းများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူရန်အတွက် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

**တင်ဒါလျှောက်လွှာဝယ်ယူနိုင်သည့်နေ့ရက်** - ၁၁-၁၀-၂၀၂၁ ရက် (ရုံးချိန်အတွင်း)
**တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန်** - ၂၅-၁၀-၂၀၂၁ ရက် ညနေ ၄:၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၆-၁၁-၂၀၂၁ ရက် နံနက် ၁၀:၀၀ နာရီ
**တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ** - လမ်းအထူးအဖွဲ့(၁) ရုံးခန်းမ၊ နမ္မတီးမြို့
**ဖုန်း** - ၀၉-၃၄၆၁၀၅၄၀၈

တင်ဒါစည်းမျဉ်းစည်းကမ်း၊ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို လမ်းအထူးအဖွဲ့(၁)ရုံး (ကြားစခန်း)မြစ်ကြီးနားမြို့တွင် ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်း စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁)**

## အများပြည်သူများသိရှိစေရန်ကြေညာခြင်း

မော်လမြိုင်ကျွန်းမြို့၊ (၁)ရပ်ကွက်၊ (၃)လမ်း၊ အိမ်အမှတ်(၃)တွင် ဖွင့်လှစ်ထားသော မင်းသရဖူအသေးစားငွေရေးကြေးရေးကုမ္ပဏီလီမိတက် အနေဖြင့် လုပ်ငန်းကျွမ်းကျင်သော ဝန်ထမ်းများနည်းပါးခြင်းတို့ကြောင့် မိမိကုမ္ပဏီလီမိတက်၏ ငွေရေးကြေးရေးလုပ်ငန်းများအား ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် ရရန်/ပေးရန်ရှိသူများအနေဖြင့် ကြော်ငြာပါရှိသည့်ရက်မှ ၁၀ရက်အတွင်း ကုမ္ပဏီတည်ရှိရာနေရာတွင် ဆက်သွယ်ဆောင်ရွက်ကြပါရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးသန့်**
**မန်နေဂျင်းဒါရိုက်တာ**
**မော်လမြိုင်ကျွန်းမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဒဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## တောင်ကြီးခရိုင်တရားရုံး
## ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၂၀၉

ဒေါ်နန်းချိုချိုလေး နှင့် ၁။ ဦးနန္ဒာလှမြင့်
၂။ ဦးဇော်ဝဏ္ဏ

(တရားလို) (တရားပြိုင်များ)

ဦးဇော်ဝဏ္ဏ၊ အေးသာယာမြို့သစ်၊ အေးသာယာဥယျာဉ်အိမ်ရာ၊ တောင်ကြီးမြို့ (ယခုနေရပ်လိပ်စာမသိသူ)အား သိစေရမည်။

သင့်အပေါ်၌ တရားလိုက တိုက်ခန်းလက်ရောက်ပေးအပ်စေလိုမှု သို့မဟုတ် တိုက်ခန်းတန်ဖိုးငွေကျပ် ၂၁၇၀၀၀၀၀၀/-နှင့် နစ်နာကြေးငွေကျပ်သိန်း ၁၀၀ စုစုပေါင်း ငွေကျပ် ၃၁၇၀၀၀၀၀၀/-ရလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ် တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကိုချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၁ခုနှစ် အောက်တိုဘာ ၁၅ရက်(၁၃၈၃ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက် က တင်သွင်းရမည်။

၂၀၂၁ခုနှစ် စက်တင်ဘာ ၂၀ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စန္ဒာအေး)
**ခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁)
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## တင်ဒါအမှတ်စဉ်(၁/၂၀၂၁)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁)မှ ၂၀၂၁-၂၀၂၂ (အောက်တိုဘာလမှ မတ်လ)ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တံတားလုပ်ငန်းများအတွက် တည်ဆောက်ရေးပစ္စည်းများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူရန်အတွက် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာဝယ်ယူနိုင်သည့်နေ့ရက်** - ၁၁-၁၀-၂၀၂၁ ရက်
(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန်** - ၂၅-၁၀-၂၀၂၁ ရက် ညနေ ၄:၀၀ နာရီ
(ဂ **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၂၆-၁၀-၂၀၂၁ ရက် နံနက် ၁၀:၀၀ နာရီ
(ဃ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ** - တံတားအထူးအဖွဲ့(၁) ရုံး

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက တံတားအထူးအဖွဲ့(၁)ရုံး၊ ဖုန်း-၀၉-၂၅၆၄၃၉၂၂၇၊ ၀၉-၄၀၀၀၂၁၀၁၄ သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဒဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## တောင်ကြီးခရိုင်တရားရုံး
## ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၂၀၇

ဒေါ်နော်အိအိဘရောင်း **နှင့်** ၁။ ဦးနန္ဒာလှမြင့်
၂။ ဦးဇော်ဝဏ္ဏ

**(တရားလို)** **(တရားပြိုင်များ)**

ဦးဇော်ဝဏ္ဏ၊ အေးသာယာမြို့သစ်၊ အေးသာယာဥယျာဉ်အိမ်ရာ၊ တောင်ကြီးမြို့ (ယခုနေရပ်လိပ်စာမသိသူ)အား သိစေရမည်။

သင့်အပေါ်၌ တရားလိုက တိုက်ခန်းလက်ရောက်ပေးအပ်စေလိုမှု သို့မဟုတ် တိုက်ခန်းတန်ဖိုးငွေကျပ် ၂၀၆၀၀၀၀၀၀/-နှင့် နစ်နာကြေးငွေကျပ်သိန်း ၁၀၀ စုစုပေါင်း ငွေကျပ် ၃၀၆၀၀၀၀၀၀/-ရလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကိုချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၁ခုနှစ် အောက်တိုဘာ ၁၅ရက်(၁၃၈၃ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက် က တင်သွင်းရမည်။

၂၀၂၁ခုနှစ် စက်တင်ဘာ ၂၀ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(စန္ဒာအေး)**
**ခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၂/၂ခ)၊ ဦးပိုင်အမှတ်(၁၄၁)၊ မြေဧရိယာ ၀ ဒသမ ၁၂၈ဧကရှိ မြေကွက်ကို မူလက ဦးစနေအောင်ခိုင်အမည်ဖြင့် ၃၀-၆-၂၀၂၀ရက်အထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး ၁၈-၈-၁၉၉၀ရက်တွင် ဦးစနေအောင်ခိုင်မှ ဦးမာမက်အိစ္စမိုင်အိ(လ်)ထံသို့ မေတ္တာဖြင့် အခမဲ့လွှဲပြောင်းပေးအပ်ခြင်းဆိုင်ရာ ကတိပြုစာချုပ်ဖြင့် လွှဲပြောင်းပေးအပ်ခဲ့ပြီး ၁၄-၂-၁၉၉၃ရက်တွင် ဦးမာမက်အိစ္စမိုင်အိ(လ်)ထံမှ ဒေါ်ဂျာအိန်ကလည်းကောင်း၊ ၅-၁၂-၂၀၁၅ရက်တွင် ဒေါ်ဂျာအိန်ထံမှ ဒေါ်ဘောက်တောင်နှင့် ဒေါ်ဒွဲဘူတို့ နှစ်ဦးကလည်းကောင်း နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်ဘောက်တောင် ၁/မကန(နိုင်)၀၄၆၅၄၁နှင့် ဒေါ်ဒွဲဘူ ၁/မကန(နိုင်)၀၈၇၉၂၀တို့ နှစ်ဦးအမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း အသစ်ရရှိရေးအတွက် ၂၀-၁-၂၀၂၁ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်(၂၆/၂၀၂၁)ကို၂၈-၄-၂၀၂၁ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၈၄/၂၀၂၁) အဖြစ်မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်း အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန် ကြေညာခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊အကွက်အမှတ်နှင့်အမည် (၃/ မြိုင်သာယာ)၊ ဦးပိုင်အမှတ်(၅၂)၊ မြေကွက်အမှတ်(၃၀၆)၊ ဧရိယာ ၀ ဒသမ ၁၈၃ ဧကရှိ မြေသည် မော်လမြိုင်မြို့နယ်တရားရုံးတွင် တရားမကြီးအမှုအမှတ် (၁၂၆/၂၀၁၉)ဖြင့် ဒေါ်ရီရီမြင့်ထံမှ အရပ်ကတိဖြင့် ဝယ်ယူခဲ့သော ဦးကျော်စွာဝင်း ၁၀/မလမ(နိုင်)၂၇၂၉၆၄မှ မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ ၂-၁-၂၀၂၀ ရက်တွင် အနိုင်ဒီကရီချမှတ်ပေးခဲ့ခြင်းအပေါ် တရားမကျင့်ထုံးအမိန့်(၂၁)၊ နည်းဥပဒေ(၃၄)အရ မော်လမြိုင်မြို့နယ်တရားရုံးမှ အကြီးတန်းစာရေး/ဘီလစ် ဒေါ်အေးစန္ဒာထွန်းက တာဝန်ယူကာ မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မြေကွက်အပြီးအပိုင်အရောင်း အဝယ်စာချုပ်ကို မှတ်ပုံတင်အမှတ်(၁၁၀/၂၀၂၁)ဖြင့် ဦးကျော်စွာဝင်းထံ ရောင်းချပေးခဲ့၍ ဦးကျော်စွာဝင်းမှ မြေငှားဂရန် ပထမအကြိမ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက နှစ်ရှည်မြေငှားဂရန်ထုတ်ပေးခြင်းကို ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အရွယ်မရောက်သေးသူအတွက်
## အုပ်ထိန်းသူအဖြစ် ခန့်ထားရန်လျှောက်ထားကြောင်း
## အကြောင်းကြားစာ
## (အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့ အက်ဥပဒေပုဒ်မ ၁၁)
## မန္တလေးခရိုင်တရားရုံး
## ၂၀၂၁ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၅

ဒေါ်ခင်နှင်းအေး(ခ)ဒေါ်ရှကနန်း ၁။ မနှင်းပွင့်ဖြူ
၂။ မောင်ခင်မောင်အေး

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်၊ အကွက်(၁၆၇)ရပ်နေ အရွယ်မရောက်သေးသူ မောင်ခင်မောင်ဌေး(အသက် ၁၃ နှစ်) အုပ်ထိန်းခွင့်နှင့် ၎င်းပိုင်ဆိုင်သော ပစ္စည်းအကြောင်း မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်၊ အကွက်(၁၆၇)ရပ်နေ (၁) ဒေါ်ခင်နှင်းအေး(ခ)ဒေါ်ရှကနန်းက အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ မောင်ခင်မောင်ဌေး၏ မိခင်အရင်းဖြစ်သည်ဟူ၍ ၎င်းသူ၏ကိုယ်နှင့်ပစ္စည်းကို (၁) အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုသို့လျှောက်ထားခြင်းကို လူအများသိစေရန်အလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထား ချက်ကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက် (၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်)တွင် ဆိုင်ဆိုရန် ချိန်းဆိုသည်။

၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်ခင်ထွေး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**မန္တလေးခရိုင် တရားရုံး**

## အများသိစေရန်ကြေညာချက်

နောင်ချိုမြို့နယ်၊ မျက်ချင်းနုကျေးရွာအုပ်စု၊ မျက်ချင်းနုကျေးရွာအတွင်း တွင်တည်ရှိသည့်(အရှေ့လားသော်-တောင်ခမ်းလမ်း၊ အနောက်လားသော်-ဦးရဲနိုင်ဦး၏ ခြံမြေ၊ တောင်လားသော်-ရွာလမ်း၊ မြောက်လားသော်-ရွာလမ်း) အနားလေးရပ်အတွင်း ရှိ (အလျား ပေ ၁၅၀ x အနံ ပေ၁၀၀)အကျယ်အဝန်းရှိ မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံသုံးလုံးအပါအဝင် ယင်းတို့နှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်မြင့်အောင် ၉/စကန(နိုင်)၀၀၅၄၂၇နှင့် ဒေါ်ဇာနည်အောင် ၁၃/နခတ(နိုင်)၀၅၇၁၉၀တို့ထံမှ ကျွန်မဒေါ်ခင်သီတာထွန်းက ၂၂-၉-၂၀၂၁ရက်တွင် အပြီးအပိုင်လွှဲပြောင်းရယူ ပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ ထိုမြေနှင့် အဆောက်အအုံ (၃)လုံးတို့အား ကျွန်မ၏သဘောတူခွင့်ပြု ချက်တစ်စုံတစ်ရာမရရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်း၊ ပေါင်နှံခြင်း စသည့် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း၊ ကျူးကျော်ဝင်ရောက် ခြင်းတို့ မပြုလုပ်ရန် နှင့် အကယ်၍ပြုလုပ်ခဲ့ပါက ပြုလုပ်သူမည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်သီတာထွန်း**
**၉/ပဥလ(နိုင်)၀၂၆၅၉၁**
**အောင်ချမ်းသာကျေးရွာ၊ ပြင်ဦးလွင်မြို့**

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ အင်းလျားရိပ်သာလမ်း၊ အမှတ် ၁၃(က)နေ ဒေါ်နှင်းသီတာ ၁၂/စကန(နိုင်)၁၄၇၁၈၀မှ အမှတ်(၃၃၅)၊ မြိတ်လမ်းဟောင်း၊ ၆၆ ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဦးသောင်းဝင်း ၁၂/သကတ(နိုင်)၁၂၄၉၃၄ ထံသို့ ၂၇-၅-၂၀၂၁ ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းရုံး၌ လွှဲအပ်ပေးခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၄၀၀/၂၀၂၁)အား ဤကြော်ငြာပါသည့်ရက်မှစ၍ အထူးကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်နှင်းသီတာ**
**၁၂/စကန(နိုင်)၁၄၇၁၈၀**
**ဖုန်း-၀၉-၄၂၀၁၈၃၄၂**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7E/2291, Toyota Alphard, M/B(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးထိန်လင်းအောင် ၅/ကလထ(နိုင်)၁၂၃၄၈၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6I/3706, Suzuki Carry DA Z/T, P/U(4x2)(L) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပပမြိုင် ၁၂/မဘန(နိုင်)၀၀၂၁၀၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်မြို့နယ်**

## ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5L/7938, Mazda BT50, P/U(4x2)R OpenCab ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင် ၁၂/ရကန(နိုင်)၀၁၉၁၀၈ က ကမ-၃ ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့နယ်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့၊ ငှက်ပျောတောရပ်ကွက်၊ အကွက်အမှတ်(၄၆)၊ အကွက်အမည်(နှုန်းစစ်ကန်ရပ်)၊ မြေကွက်အမှတ်(၁၄)၊ ဦးပိုင်အမှတ်(၃၇)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ မြေနေရာအား ၁၈-၄-၁၉၉၀ရက်တွင် ပင်းတယမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေပေးမိန့်အမှတ်(၁)ဖြင့် ဦးဘထူး(PTA-၀၅၉၈၆၇)သို့ မြေကွက်ချထားပေးခဲ့ရာ ဦးဘထူးထံမှ ၁၄-၆-၂၀၀၁ ရက်တွင် ဦးခင်ကျော် ၁၃/ပတယ(နိုင်)၀၀၄၄၁၉မှ ဝယ်ယူပိုင်ဆိုင်ထားပြီး အဆိုပါမြေကွက်အား ဦးခင်ကျော် ၁၃/ပတယ(နိုင်)၀၀၄၄၁၉ထံမှတစ်ဆင့် ဒေါ်ဝင်းဝင်းမွန် ၁၃/ပတယ(နိုင်)၀၅၉၇၂၇မှ ၅-၆-၂၀၁၇ရက်တွင် ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါ၍ မြေငှားဂရန်အသစ် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါ သည်။

**ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံး**
**ပင်းတယမြို့**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်အောင်ကျော်ဦး ၁/မကန(နိုင်)၂၁၈၃၀၇ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၅၄၄၀၀၈၉၁**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/8903 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေး ရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/6081 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8L/8558, Zaw L/T(1) Ton, Pick Up ယာဉ်လက်ဝယ်ရှိသူ ဦးချစ်လှိုင် ၁၂/ပဘတ(နိုင်) ၀၀၂၄၃၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 1I/2761, Toyota Probox, S/W(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးကိုကိုဝင်း ၁၂/မဂတ(နိုင်) ၀၅၇၂၂၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄စဃ/၄၃၅၅၄ လက်ဝယ်ရှိသူ ဦးသိန်းသန်းထွန်း ၁၀/မလမ(နိုင်)၂၃၇၇၀၄ က ကမ-၃ ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ အကွက်အမှတ်၊ (၁၀/တံတားဦးအနောက်)၊ ဦးပိုင်အမှတ်(၉၄-ခ/၂)၊ မြေယာအမှတ်(-)၊ မြေဧရိယာ ၀ ဒသမ ၀၅၄ ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဒေါ်ခင်မြိုင် ၉/မမန (နိုင်)၀၂၃၁၄၃မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

**သင့်ကြောင့် မီးမလောင်ပါစေနှင့်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၇၀ဃ/၆၃၆၉၄, Honda Wave-110 ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးဦး ၁၄/ဟသတ(နိုင်)၂၅၃၄၆၆ က ကမ-၃ ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ဟသံ့တ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 3C/5132, CARGO-M34 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နေဦး ၁၄/ဟသတ(နိုင်)၀၄၆၁၀၃ က ကမ-၃ ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ဟသံ့တ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 4Q/1102, Suzuki Carry(P/U) ယာဉ်လက်ဝယ်ရှိသူ ဒေါ်အင်ကြင်းဖြိုး ၈/ပမန(နိုင်)၀၉၇၀၉၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂၊ မြေကွက်အမှတ် ၉၄၊ မြေကွက်တည်နေရာ အမှတ်(၉၄)၊ သိပ္ပံမောင်ဝလမ်း၊ (၄၂) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဒေါ်ကြင်မေ(YNG-၀၁၂၁၀၄) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဒေါ်ကြင်မေ(မိခင်)နှင့် ဦးလှမင်း(ဖခင်) တို့ အသီးသီး ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဦးဖေအောင် ၁၂/ကတတ(နိုင်)၀၂၁၁၃၄၊ ဒေါ်စန္ဒာမင်း ၁၂/ပဇတ(နိုင်)၀၂၂၇၀၀၊ ဒေါ်ကြည်မာထွေး ၁၂/ပဇတ(နိုင်)၀၂၂၇၀၂ တို့မှ မိခင်၊ ဖခင်တို့၏ သေစာရင်း၊ ဂရန်မူရင်း၊ သားသမီးများဖြစ်ကြောင်းနှင့် မိမိတို့သားသမီး သုံးဦး တို့ကသာလျှင် အခြားအမွေစားအမွေခံမရှိ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ နှစ်စောင်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့ တင်ပြ၍ ဦးဖေအောင်၊ ဒေါ်စန္ဒာမင်း၊ ဒေါ်ကြည်မာထွေးမှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော်စောထူးမူ CDC 45427၏ သင်္ဘောသား မှတ်ပုံတင် PSC and RBပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၅၁၆၂၁၇၀

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း

ကျွန်တော် ဦးတင်မောင်ထူး ၁၃/ တခလ(နိုင်)၀၄၀၈၈၂ နှင့် ကျွန်မ ဒေါ်ဝတ်ရည်မော် ၁၂/ဒဂမ (နိုင်)၀၁၄၈၆၄ တို့သည် ၆-၁-၂၀၁၀ ရက်တွင် လက်ထပ်ခဲ့ပြီး ယခုအခါ သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် နှစ်ဖက်မိဘများ သဘောတူညီချက်အရ ၂၁-၉-၂၀၂၁ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြီးပါကြောင်း အများသိစေအပ်ပါသည်။

**ဒေါ်နုနုယဉ်(စဉ်- ၁၁၀၁၄)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၅၀၆၁၄၂၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ လူနေရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ်(၄၈၁)၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်အနက်မှ ပေ (၂၀x၆၀)ခြေရင်းခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၄၈၁)၊ မနော်ဟရီလမ်း၊ (၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား မြို့ပြမြေစာရင်းတွင် အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးမောင်စိန်(CE-079778)အမည်ဖြင့် မှတ်သားတည်ရှိပြီး၊ အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးမောင်စိန်(ကွယ်လွန်)နှင့် ဇနီးဖြစ်သူ ဒေါ်ခင်စု(ကွယ်လွန်)ပြီး အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူများမှ တရားဝင်ပိုင်ဆိုင်လက်ဝယ်ထားရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း၊ အထောက်အထားများနှင့်တကွ ဤကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်မြတ်ဝေ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၀၀၁)**
**အမှတ်(၁၃၄၁)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၈၀၉၈၅၆၀၀**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၄၂)၊ မြေကွက်အမှတ်(၃၅၇)၊ မြေအကျယ်အဝန်း(ပေ၆၀xပေ၄၀)ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးမင်းသူရ ၁၂/ရကန(နိုင်)၀၀၆၀၂၉ထံမှ အရပ်ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်လာခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဒေါ်ခင်မျိုးဆက် ၁၂/လမတ(နိုင်)၀၀၂၃၆၃ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်ဇာဦး(စဉ်-၃၄၇၈၂) အထက်တန်းရှေ့နေ**
**အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊ ၃၄ ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၀၁၀၄၈**

## အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဘိုတက်ကုန်း ကျေးရွာအုပ်စု၊ သန့်စင်ကုန်းကျေးရွာ၊ ကွင်းအမှတ်(၅၃၂)၊ ဦးပိုင်အမှတ်(၁၁)၊ ဧရိယာ ၀ ဒသမ ၆၄ဧက အကျယ်ရှိ ယာမြေကွက်နှင့် ဦးပိုင်အမှတ်(၄၀)၊ ဧရိယာ ၁ ဒသမ ၃၇ဧကအကျယ်ရှိ ယာ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား မူလလယ်ယာမြေမှတ်ပုံတင်ပုံစံ(၇)အမည်ပေါက်သူ ဒေါ်တင်တင်ဝင်း ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးအောင်ကိုကို ၉/ခမစ(နိုင်)၀၁၇၃၆၅က အထက်အဆိုပါမြေများအား ၎င်းကဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးတင်ဝင်း(ဘ) ဦးတင်လှ ၁၄/မအပ(နိုင်)၁၃၁၆၂၄၊ ဦးသန်းထိုက်ဦး (ဘ) ဦးကြင်ဟုတ် ၁၂/အစန (နိုင်) ၀၆၀၇၅၄တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ၁၃-၉-၂၀၂၁ ရက်က ပေးချေထားပြီးဖြစ်ပါသည်။ ၁၅-၉-၂၀၂၁ရက်တွင် ငွေအကျေပေးချေပြီး အရောင်းအဝယ်ငွေအကျေချေကတိစာချုပ်ချုပ်ဆိုထားပြီး အထက် အဆိုပါမြေပေါ်တွင် လက်ရောက်ရယူနေထိုင်နေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သွားပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ငွေအကျေစာချုပ်ချုပ်ဆိုခြင်း၊ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုခြင်းများကို ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **(၁) ဦးတင်ဝင်း** | **ဒေါ်ခဋ္ဌာ** |
| **၁၄/မအပ(နိုင်)၁၃၁၆၂၄** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၈၀)** |
| **(၂) ဦးသန်းထိုက်ဦး** | **အမှတ်(၁၀၄/၁၀၅)၊ အောင်သုခရပ်၊** |
| **၁၂/အစန(နိုင်)၀၆၀၇၅၄** | **ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့** |

## အထူးကိုယ်စားလှယ်ရုပ်သိမ်းကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၆/၄)၊ လူနေရပ်ကွက်အမှတ်(၁၆/၄)၊ မြေကွက်အမှတ်(၁၁၃၇)၊ မြေအကျယ်အဝန်း(ပေ ၄၀xပေ၆၀)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧက၊ ၂၄၀၀စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေ မြေကွက်ပေါ်တွင် အထပ်မြင့်(ကန်ထရိုက်တိုက်)ဆောက်လုပ်ရန် ကိစ္စအဝဝတို့နှင့် ပတ်သက်၍ ဦးဇော်မျိုးမြင့်နှင့် ဒေါ်ခင်ခင်မြင့်မှ ဦးဇင်ကိုခိုင် (ဘ) ဦးအီစမိုင် ၁၂/ မဂတ(နိုင်)၀၉၈၂၁၇ ထံ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထူးကိုယ်စားလှယ်လွှဲစာ ၂၀၂၀ပြည့်နှစ်အတွက် စာချုပ်အမှတ် ၁၀၇၀၈ကို ပြုလုပ်လွှဲအပ်ပေးထားပါသည်။ ယခု ကြေညာသည့်ရက်မှစ၍ အပြီးအပိုင်ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇင်ကိုခိုင်**
**အမှတ်(၁၄/၁၆)၊ မြယာကုန်းလမ်း၊ ဖို့မြေရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအနောက်ရပ်ကွက်၊ သာစုလမ်း၊ တိုက်အမှတ်-၁၉၊ (ခုနစ်လွှာ)(ဘယ်/ညာဘက်ခြမ်း)၊ (၃၂ပေx၆၄ပေ)ရှိ ဦးမြင့်ကြည် ပိုင်ဆိုင်သည့်တိုက်ခန်းနှင့် အကျိုးခံစားခွင့်တို့နှင့် ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူသည် အထက်ဖော်ပြပါတိုက်ခန်းအား မြေအမည်ပေါက်ပိုင်ဆိုင်သူဖြစ်ပြီး တိုက်ခန်းပိုင်ဆိုင်သူ ဦးမြင့်ကြည် ၁၂/စခန(နိုင်)၀၁၃၂၆၃ထံမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများ၊ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဖော်ပြပါ တိုက်ခန်းအား ဝယ်ယူခြင်းကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခိုင်ငွေး(LL.B, D.B.L, D.I.L)** | **ဒေါ်ခိုင်ဦးသူ (LL.B, D.B.L, D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၉)** | **အထက်တန်းရှေ့နေ(စဉ်-၃၇၉၅၄)** |

**အမှတ် ၈၇၊ ဈေးကြီးလမ်း၊ မကျည်းတန်းတောင်/ရှေ့ရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၂၅၈၈၁**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မလိခအိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄-ဘဝမြင့်)၊ မြေကွက်အမှတ် (၄၇/၄၄)၊ အိမ်အမှတ်-Block No. (TH2)၊ Building (1)၊ အကျယ်အဝန်းပေ(အလျား ၂၆'၂"/၂၄' x အနံ ၅၆'၉"/၅၅') ဧရိယာ(၀ ဒသမ ၀၃၂) ဧကရှိ ဒေါ်ခင်မြင့်ရွှေ ၁၂/သဃက(နိုင်)၀၅၃၅၄၆ အမည်ပေါက် နှစ်(၆၀) ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ် - Block No. (TH2)၊ Builing (1)၊ မြေတိုင်းရပ်ကွက် အမှတ် (၁၄-ဘဝမြင့်)၊ ၄ဝါ (၄)လမ်း၊ မလိခအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်ဟု ခေါ်တွင်သော နေအိမ်၊ အဆောက်အအုံနှင့်တကွ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးကို ဒေါ်ခင်မြင့်ရွှေ ၁၂/သဃက(နိုင်)၀၅၃၅၄၆ မှ လက်ရှိတရားဝင်ဂရန်အမည်ပေါက် ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ပြီး အရှုပ်အရှင်း ကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်ရောင်းချသဖြင့် အဆိုပါမြေကွက်အား ကျွန်ုပ်၏ မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများ၊ အထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွေးသီတာအောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၄၅၁)**
**အမှတ်(၁၃၇၂)၊ အဝေရာ(၂)လမ်း၊ (၂၀)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၁၅၁၂၄၇၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၃၊ မြေကွက်အမှတ်-၉၇၊(၄၆ ပေ x ၆၀ ပေ)ရှိ (ဦးသန်းထွန်း) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် မြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ထံမှ အထူး ကိုယ်စားလှယ်လွှဲစာအမှတ်-၂၆၁၁၉/၂၀၁၄ ရရှိသူ ဦးမင်းဟိန်း(ဘ) ဦးကျော်မြင့်ဦး ၁၂/သဃက(နိုင်)၀၀၀၀၀၅ မှ တရားဝင် လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေ တချို့ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇင်ဝင်း(LL.B,D,B.L) (တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၃၀၈၈)**
**ဖုန်း-၀၉-၄၂၁၁၁၄၈၈၃၊ ၀၉-၉၆၃၁၂၂၅၆၅၊ အမှတ်-၁၂၀၈၊**
**မဏိစန္ဒာလမ်း၊၆၉-ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်**

## အစုရှယ်ယာလျှော့ချကြောင်း ကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ စက်မှုဇုန်၊ မြစ်သာလမ်းအနောက်ဘက်၊ အမှတ်(၅၅/၁၃၃-၁)တွင် ဖွင့်လှစ်ထားရှိသော OK Concrete Manufacturing Co.,Ltd. ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၉၁၃၅၀၆၂ သည် ၂၀-၉-၂၀၂၁ ရက် အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ အစုရှယ်ယာအရေအတွက်ကို မတည်ငွေရင်း (၁၀၀၀၀)စုမှ မတည်ငွေရင်း (၁၀၀၀) စုသို့ လျှော့ချခြင်းကို အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများပြည်သူ သိရှိစေရန် ကြေညာအပ်ပါသည်။ **ဒါရိုက်တာအဖွဲ့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ နှောင်ဘိုကျေးရွာနေ ဦးကျော်ဝင်း- ဒေါ်မြင့်မြင့်အေးတို့၏သား သက်နောင်ကျော် ၉/အမရ(နိုင်)၁၂၅၄၀၄ သည် မိဘတို့၏ ဆိုဆုံးမမှုများကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးကျော်ဝင်း-ဒေါ်မြင့်မြင့်အေး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၇၊ မြေကွက်အမှတ်-၇၀၊ (ပေ ၄၀xပေ ၆၀)(ဦးမောင်မောင်လေး)အမည်ပေါက် ပါမစ်မြေနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၇၊ မြေကွက်အမှတ်-၇၁၊ (ပေ ၄၀ x ပေ ၆၀)(ဦးရွှေသိန်း) အမည်ပေါက် ပါမစ်မြေ၊ မြေကွက် (၂)ကွက်၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိ အရောင်းအဝယ်စာချုပ် အဆက်ဆက်များဖြင့် တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ဝင်း ၁၂/ဥကမ(နိုင်)၀၇၆၂၄၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇင်ဝင်း(LL.B,D.B.L)(တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၃၀၈၈)**
**အမှတ်-၁၂၀၈၊ မဏိစန္ဒာလမ်း၊ ၆၉-ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်)**
**ဖုန်း-၀၉-၄၂၁၁၁၄၈၈၃၊ ၀၉-၉၆၃၁၂၂၅၆၅၊**

## စစ်တွေမြို့နယ်၊ မှန်ဇီကျေးရွာနေ ဦးတင်လှိုင်(ဘ)ဦးဘတင် ၁၁/စတန(နိုင်)၁၃၈၁၃၇ နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်လမ်းသွယ်(၁)လမ်း၊ အမှတ်(၁၀/၁၂) နေ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးခင်မောင်လှ ၁၂/ဗတထ (နိုင်)၀၃၀၃၅၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

စစ်တွေမြို့၊ အင်ဘာရီအုပ်စု၊ မော်ဆိုညာအနောက်ကွင်း၊ တန်ဘီရွာ၊ ကွင်း အမှတ်(A/၅၅၈)၊ (၁)R1 မြေအမျိုးအစား ၁၅ ဒသမ ၄၇ ဧက၊ (၂)R2 မြေအမျိုးအစား ၁ ဒသမ ၇၆ ဧက၊ (၃) R3 မြေအမျိုးအစား ၁၆ ဒသမ ၂၉ ဧကတို့သည် သက်ဆိုင်ရာ မြေစာရင်းရုံးများတွင် ကျွန်ုပ်တို့မိတ်ဆွေ၏အဘိုးဖြစ်သူ အီးဒီအက်(စ်)မာရကန် အမည်ဖြင့် ယနေ့အချိန်ထိ မှတ်သားတည်ရှိနေပါသည်။

ယခုအခါ ဦးတင်လှိုင် ၁၁/စတန(နိုင်)၁၃၈၁၃၇ မှ အဆိုပါမြေများအား အစိတ်အပိုင်းများခွဲကာ ရောင်းချနေကြောင်း စာရွက်စာတမ်းအထောက်အထားများအရ သိရှိရပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ အဆိုပါမြေများအား အမွေဆက်ခံခွင့်ရှိသူ ကျွန်ုပ်တို့မိတ်ဆွေ ဦးခင်မောင်လှ ၁၂/ဗတထ(နိုင်)၀၃၀၃၅၇ ၏ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းစသည်ဖြင့် ဆက်လက်မပြုလုပ်ရန် အသိပေးတားမြစ်လိုက်ပါသည်။

လိုက်နာဆောင်ရွက်ခြင်းမရှိပါက ကျွန်ုပ်တို့၏မိတ်ဆွေမှ တည်ဆဲဥပဒေများနှင့် အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးတင်လှိုင် ၁၁/စတန(နိုင်) ၁၃၈၁၃၇ နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးခင်မောင်လှ** | **U Zaw Myint (Law Firm)** |
| **၁၂/ဗတထ(နိုင်)၀၃၀၃၅၇** | **ဦးရဲမြင့်အောင်(LL.B)(စဉ်-၄၁၇၀၃)၊** |
| | **ဒေါ်တင်ဇာမျိုး(LL.B) (စဉ်-၄၅၂၆၅)၊** |
| | **ဦးမျိုးကျော်ကျော်ဦး(LL.B)(စဉ်-၄၈၂၀၀)၊** |
| | **ဒေါ်သဲသဲဦး(LL.B)(စဉ်-၄၈၄၇၃)** |
| | **ဒေါ်သူဇာဝင်း(LL.B)(DBS)(စဉ်-၅၁၇၇၃)** |
| | **(အထက်တန်းရှေ့နေများ)** |

**အခန်း(၃)၊ သုမနလမ်းနှင့် မြင်တော်သာလမ်းထောင့်၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉-၇၃၁၆၇၈၁၅၊ ၀၉-၄၂၀၀၈၀၅၁၂**

# လုံးချင်းရောင်းမည်

ကျန်စစ်သား (၂)လမ်း၊ (၁၄) ရပ်ကွက်၊ မြင်သာအနီး၊ တောင်ဥက္ကလာပမြို့နယ်။

**ဖုန်း-၀၉-၅၀၄၄၀၇၇**

## အစုရှယ်ယာလျှော့ချကြောင်းကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ စက်မှုဇုန်(၁)လမ်း၊ အမှတ် (၄၃၀-က) တွင် ဖွင့်လှစ်ထားရှိသော Pa Kok Ku Star Group Co.,Ltd ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၉၅၇၂၆၅၉သည် ၂၀-၉-၂၀၂၁ရက် အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ အစုရှယ်ယာအရေအတွက်ကို မတည်ငွေရင်း ၁၅၀၀၀စုမှ မတည်ငွေရင်း ၁၅၀၀ စုသို့ လျှော့ချခြင်းကို အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများပြည်သူသိရှိစေရန် ကြော်ငြာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၂၊ မြေကွက်အမှတ် ၁၀၄၆၊ မြေကွက်တည်နေရာ အမှတ် (၁၀၄၆)၊(၈၂)ရပ်ကွက်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် ဦးမျိုးညွန့် ၁၂/လမတ(နိုင်)၀၂၁၀၃၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား နှစ် ၆၀ ဂရန် မြေအမည်ပေါက် ဦးမျိုးညွန့်(ခင်ပွန်း)ဖြစ်သူ ၁-၁၂-၂၀၂၀ ရက်တွင် စင်ကာပူနိုင်ငံ MOUNT ELIZABETH NOVENA HOSPITAL ၌သေဆုံးကြောင်း သံရုံးထောက်ခံစာ၊ စင်ကာပူနိုင်ငံ၏သေစာရင်း၊ တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ- ၁/၁၆၄၃/၂၀၂၁ (၁၅-၁-၂၀၂၁)၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ- ၁/၁၆၄၅/၂၀၂၁ (၁၅-၁-၂၀၂၁)၊ ၁/၁၆၄၄/၂၀၂၁(၁၅-၁-၂၀၂၁)(၂)စောင်၊ ဂရန်မူရင်းတို့ တင်ပြ၍ ဇနီးဖြစ်သူ ဒေါ်တင်တင်မြင့် ၁၂/လသန(နိုင်)၀၁၁၂၃၃ မှ ပိုင်ဆိုင်/အရောင်း မြေပုံကူးလျှောက်ထားလာပါသဖြင့် ကွင်းဆင်းစစ်ဆေးရာ မြေကွက်လပ်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နှစ်(၆၀)ဂရန်မြေအမည်ပေါက် ဦးမျိုးညွန့် ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်တင်တင်မြင့်မှ ဂရန်မူရင်း၊ သေစာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်/အရောင်းမြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၉၊ မြေကွက်အမှတ် ၁၄၉၆၊ မြေကွက်တည်နေရာ အမှတ် (၁၄၉၆)၊(၇၉)ရပ်ကွက်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် ဦးမျိုးညွန့် ၁၂/လမတ(နိုင်)၀၂၁၀၃၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား နှစ် ၆၀ ဂရန် မြေအမည်ပေါက် ဦးမျိုးညွန့်(ခင်ပွန်း)ဖြစ်သူ ၁-၁၂-၂၀၂၀ ရက်တွင် စင်ကာပူနိုင်ငံ MOUNT ELIZABETH NOVENA HOSPITAL ၌သေဆုံးကြောင်း သံရုံးထောက်ခံစာ၊ စင်ကာပူနိုင်ငံ၏သေစာရင်း၊ တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ- ၁/၁၆၄၆/၂၀၂၁ (၁၅-၁-၂၀၂၁)၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ- ၁/၁၆၄၇/၂၀၂၁ (၁၅-၁-၂၀၂၁)၊ ၁/၁၆၄၈/၂၀၂၁(၁၅-၁-၂၀၂၁)(၂)စောင်၊ ဂရန်မူရင်းတို့ တင်ပြ၍ ဇနီးဖြစ်သူ ဒေါ်တင်တင်မြင့် ၁၂/လသန(နိုင်)၀၁၁၂၃၃ မှ ပိုင်ဆိုင်/အရောင်း မြေပုံကူးလျှောက်ထားလာပါသဖြင့် ကွင်းဆင်းစစ်ဆေးရာ မြေကွက်လပ်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နှစ်(၆၀)ဂရန်မြေအမည်ပေါက် ဦးမျိုးညွန့် ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်တင်တင်မြင့်မှ ဂရန်မူရင်း၊ သေစာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်/အရောင်းမြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၂၊ မြေကွက်အမှတ် ၁၀၄၅၊ မြေကွက်တည်နေရာ အမှတ် (၁၀၄၅)၊(၈၂)ရပ်ကွက်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် ဦးမျိုးညွန့် ၁၂/လမတ(နိုင်)၀၂၁၀၃၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား နှစ် ၆၀ ဂရန် မြေအမည်ပေါက် ဦးမျိုးညွန့်(ခင်ပွန်း)ဖြစ်သူ ၁-၁၂-၂၀၂၀ ရက်တွင် စင်ကာပူနိုင်ငံ MOUNT ELIZABETH NOVENA HOSPITAL ၌သေဆုံးကြောင်း သံရုံးထောက်ခံစာ၊ စင်ကာပူနိုင်ငံ၏သေစာရင်း၊ တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ- ၁/၁၆၅၆/၂၀၂၁ (၁၅-၁-၂၀၂၁)၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ- ၁/ ၁၆၅၇/၂၀၂၁ (၁၅-၁-၂၀၂၁)၊ ၁/၁၆၅၅/၂၀၂၁(၁၅-၁-၂၀၂၁)(၂)စောင်၊ ဂရန်မူရင်းတို့ တင်ပြ၍ ဇနီးဖြစ်သူ ဒေါ်တင်တင်မြင့် ၁၂/လသန(နိုင်)၀၁၁၂၃၃ မှ ပိုင်ဆိုင်/အရောင်း မြေပုံကူးလျှောက်ထားလာပါသဖြင့် ကွင်းဆင်းစစ်ဆေးရာ မြေကွက်လပ်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နှစ်(၆၀)ဂရန်မြေအမည်ပေါက် ဦးမျိုးညွန့် ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်တင်တင်မြင့်မှ ဂရန်မူရင်း၊ သေစာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်/အရောင်းမြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1I/2761, Toyota Probox S/W (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းဦး ၁၄/သပန(နိုင်)၀၇၇၇၀၅ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## အခြေခံပညာကျောင်းများ ၂၇-၉-၂၀၂၁ ရက်နေ့မှ ၂၄-၁၀-၂၀၂၁ ရက်နေ့အထိ ဆက်လက်၍ ယာယီပိတ်ထားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
Coronavirus Disease 2019 (COVID-19)
ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီမှ
အသိပေးကြေညာချက်
၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်
(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း လျော့ကျလာသည့်အလျောက် ကူးစက်မှုနှုန်း ဆက်လက်ကျဆင်းရေး ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်သဖြင့် အခြေခံပညာကျောင်းများ (ပုဂ္ဂလိကကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ အပါအဝင်) အား သီတင်းကျွတ်ကျောင်းပိတ်ရက်များ အပါအဝင်ဖြစ်သည့် ၂၇-၉-၂၀၂၁ ရက်နေ့မှ ၂၄-၁၀-၂၀၂၁ ရက်နေ့အထိ ဆက်လက်၍ ယာယီပိတ်ထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အဲကမ္ဘောဇလေကြောင်းလိုင်းမှ ATR-72 လေယာဉ်များနှင့် လေယာဉ်လိုက်ပါစီးနင်းသော အပြစ်မဲ့ခရီးသည်များ ထိခိုက်ပျက်စီးသေကျေစေရန်အတွက် Pitot Tube အတွင်း သစ်ရွက်များထည့်ကာ အဖျက်လုပ်ငန်းကျူးလွန်ခဲ့သည့် တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၂၄

၂၀၂၁ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် အဲကမ္ဘောဇလေကြောင်းလိုင်းမှ ဝန်ထမ်းများသည် ရန်ကုန်-ဟဲဟိုးခရီးစဉ် ပျံသန်းပြေးဆွဲရန်အတွက် ATR-72-600 လေယာဉ်အမှတ် (XY-AMP)အား မပျံသန်းမီစစ်ဆေးခြင်း (Pre Departure Inspection) ဆောင်ရွက်ခဲ့ရာ လေယာဉ်၏ညာဘက် Pitot Tube နှင့် ဘယ်ဘက် Pitot Tube များအတွင်းမှ သစ်ရွက်များ တွေ့ရှိခဲ့သဖြင့် ခရီးစဉ်ကို ATR-72-600 လေယာဉ်အမှတ် (XY-AMO) ဖြင့် ပြောင်းလဲ၍ပျံသန်းခဲ့ကြောင်း သိရှိရသည်။

*စာမျက်နှာ ၁၃ ကော်လံ ၁* ◆



Air KBZ လေကြောင်းလိုင်းမှ ATR-72 လေယာဉ်တွင် Pitot Tube တပ်ဆင်ထားသည့် နေရာများ။

Air KBZ လေကြောင်းလိုင်းမှ ATR-72 လေယာဉ်အမှတ်(XY-AMN)၏ ဘယ်ဘက်နှင့် လေယာဉ်အမှတ်(XY-AMP) ၏ ညာဘက် Pitot Tube အတွင်း တွေ့ရှိရသည့် သစ်ရွက်များ။

## သတင်းမီဒီယာသမားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး



ရန်ကုန် စက်တင်ဘာ ၂၄

ကိုဗစ်-၁၉ ရောဂါသည် ကုသရန်ဆေးမရှိသေးဘဲ ကာကွယ်ဆေးသည်သာ အဓိကဖြစ်သောကြောင့် နိုင်ငံတော်က ဦးစားပေးအုပ်စုများ သတ်မှတ်၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ သတင်းမီဒီယာသမား ၅၇ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။ (ဝဲပုံ)

*စာမျက်နှာ ၉ ကော်လံ ၁* ❂


ယနေ့ သတင်းအညွှန်း

စက်တင်ဘာ ၂၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၆၆၇ ဦး တွေ့ရှိ — စာမျက်နှာ - ၁၅

နိုင်ငံတကာအားကစားမြင်ကွင်း — စာမျက်နှာ - ၂၂

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ကျဆင်းလာပြီး ကန့်သတ်ချက်တွေဖြေလျှော့လိုက်တဲ့ ဥရောပ — စာမျက်နှာ - ၂၄